ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**လောကကိုထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန်လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၇၈ ခုနှစ် နတ်တော်လဆန်း ၂ ရက်၊ ကြာသပတေးနေ့။ Thursday, 1 December 2016 (၈၇၆၂)

# နှစ်နိုင်ငံအကြား အခွန်နှစ်ထပ်ပေးဆောင်မှုရှောင်ရှားရေးသဘောတူစာချုပ် ပြင်ဆင်ရေးဆွဲနိုင်ရေးနှင့် စင်ကာပူလေကြောင်းလိုင်း စမ်းသပ်ပြေးဆွဲရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား စင်ကာပူနိုင်ငံဝန်ကြီးချုပ် လီရှန်လွန်းက အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်စဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

စင်ကာပူ နိုဝင်ဘာ ၃၀

စင်ကာပူနိုင်ငံတွင် တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် ရှန်ဂရီလာဟိုတယ်၌ စင်ကာပူနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ *

**မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ စည်းဝေး**

စာမျက်နှာ - ၂



**ဒေါ်လာဈေးနှုန်းများ မြင့်တက်နေခြင်းအပေါ် ဆန်းစစ်လေ့လာခြင်း**

စာမျက်နှာ - ၇

**အစိုးရ၏ကျန်းမာရေးစီမံချက်ကို ထောင်နှင့်ချီသော သီရိလင်္ကာဆရာဝန်များ သပိတ်မှောက်**

စာမျက်နှာ - ၁၂



**နွယ်ငြိမ်းဒေသထွက် စဉ့်ထည်ပစ္စည်းများ အိမ်အလှဆင်ပစ္စည်းအဖြစ် သုံးစွဲမှုများပြားလာ**

စာမျက်နှာ - ၁၈

KBZ BANK
STRENGTH OF MYANMAR
သန္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

## ပြည်တွင်းရေးရာ

* ရှေ့ဖုံးမှ

တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဗီဗီယန် ဘာလာကရစ်ရှ်နန်၊ စင်ကာပူနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး မစ္စတာ လင်မ်ဟန့်ခိုင်နှင့် တာဝန်ရှိသူများ၊ စင်ကာပူနိုင်ငံမှ ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံ၏ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုမူဝါဒများ၊ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးဆိုင်ရာ အခွင့်အလမ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မေးမြန်းချက်များအား ပြန်လည်ဖြေကြားသည်။

**ဂုဏ်ပြုကြိုဆို**

ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား စင်ကာပူနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းက စင်ကာပူနိုင်ငံ Istana သမ္မတအိမ်တော်၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။

**ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် စင်ကာပူနိုင်ငံဝန်ကြီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူ၍ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် စင်ကာပူနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းနှင့် တွေ့ဆုံသည်။

**တွေ့ဆုံဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် စင်ကာပူနှင့်မြန်မာ နှစ်နိုင်ငံအကြား စင်ကာပူ-မြန်မာ အသက်မွေးပညာသင်ကျောင်းဆိုင်ရာ နားလည်မှုစာချွန်လွှာအား သုံးနှစ်သက်တမ်း တိုးမြှင့်သွားရေး၊ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုစာချုပ် လက်မှတ်ရေးထိုးနိုင်ရေးအတွက် နှစ်ဖက်ညှိနှိုင်းမှုများ စတင်ဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံအကြား ၁၉၉၉ ခုနှစ်က လက်မှတ်ရေးထိုးခဲ့သည့် အခွန်နှစ်ထပ်ပေးဆောင်မှု ရှောင်ရှားရေး သဘောတူစာချုပ်အား ပြင်ဆင်ရေးဆွဲနိုင်ရေးအတွက် ညှိနှိုင်းမှုများ စတင်ဆောင်ရွက်ရေးနှင့် စင်ကာပူလေကြောင်းလိုင်းအား ပုံ့သန်းမှုရာသီတစ်ခုအတွက် ခြောက်လခန့် စမ်းသပ်ပြေးဆွဲရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် စင်ကာပူနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းတို့ စင်ကာပူနိုင်ငံ Istana သမ္မတအိမ်တော်၌ တွေ့ဆုံစဉ်။** (ဓာတ်ပုံ-ပြန်/ဆက်)




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စင်ကာပူနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအား ရှန်ဂရီလာဟိုတယ်၌ တွေ့ဆုံစဉ်။** (ဓာတ်ပုံ-ပြန်/ဆက်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ စင်ကာပူသို့ရောက်ရှိ



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။**

**နေပြည်တော် နိုဝင်ဘာ ၃၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ် ယနေ့ နံနက် ၈ နာရီ မိနစ် ၂၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

**အတူလိုက်ပါ**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားကြသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ လေဆိပ်၌ စင်ကာပူနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဗီဗီယန် ဘာလာကရစ်ရှ်နန်၊ မြန်မာသံအမတ်ကြီး ဦးငြေးအောင်နှင့် သံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား စင်ကာပူနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဗီဗီယန် ဘာလာကရစ်ရှ်နန် ကြိုဆိုနှုတ်ဆက်စဉ်။**

# မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ကျောင်းတိုက်ရှိ သံဃာတော်များအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများ စာအောင်ဆုထာဝရငွေပဒေသာပင် အလှူငွေများ လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၃၀**

တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများမှ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ လှူဖွယ်ပစ္စည်းများနှင့် စာအောင်ဆုထာဝရငွေပဒေသာပင် အလှူငွေများပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

လှူဒါန်းပွဲသို့ မစိုးရိမ်တိုက် သဒ္ဓမ္မနယူပဒေသ ကျောင်းတိုက်ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ပဒုမာဘိဝံသနှင့် မစိုးရိမ်တိုက်သစ် မဟာနာယက၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကေသရာဘိဝံသ အမှူးပြုသော သံဃာတော်များ တက်ရောက်ချီးမြှင့်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဧည့်ပရိသတ်များတက်ရောက်ကြသည်။

လှူဒါန်းပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ချီးမြှင့်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က လှူဖွယ်ပစ္စည်းများနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီနှင့် စာအောင်ဆုထာဝရငွေပဒေသာပင် အလှူငွေများအား လှူဒါန်းသည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် တပ်မတော်အရာရှိကြီးများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရေစက်သွန်းချအမျှပေးဝေကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(ယာပုံ)**

ယနေ့ကျင်းပသည့် လှူဒါန်းပွဲ၌ မစိုးရိမ်တိုက်သစ်ကျောင်းတိုက်ရှိ သံဃာတော်များအတွက် ဆွမ်းဆန်တော်အိတ် ၈၀၊ ဆီပိဿာ ၂၀၀၊ ဆား၊ အာလူး၊ ကြက်သွန်များ၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေကျပ်သိန်း ၁၀၀ တို့အား လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





## ဖာပွန်မြို့တွင် မိုးစပါးစံကွက်ရိတ်သိမ်း

**ဖာပွန် နိုဝင်ဘာ ၃၀**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ် တံခွန်တိုင်ကျေးရွာတွင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်၊ တစ်ဧကအထွက်နှုန်းသိရှိနိုင်ရန်အတွက် မိုးစပါး ပုလဲသွယ်စံပြကွက် ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၃၀ ရက်က တံခွန်တိုင်ကျေးရွာ တောင်သူ ဦးဘသန်း ကွင်းအမှတ်(၄) ဦးပိုင်အမှတ်(၂၇)ရှိ ၂ ဒသမ ၀၁ ဧက ပုလဲသွယ်စိုက်ခင်းအား ရိတ်သိမ်းပွဲ ပြုလုပ်ခဲ့သည်။

အဆိုပါရိတ်သိမ်းပွဲတွင် စိုက်ပျိုးရေးဌာနမှဦးစီး၍ မြို့နယ်စိုက်ပျိုးကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် ကျေးရွာဒေသခံတောင်သူများစုပေါင်းကာ စံကွက်အရွယ်အစား ခြောက်ပေပတ်လည်အား ရိတ်သိမ်းခြွေလှေ့ကြရာ စပါးအစို တစ်ဧကပျမ်းမျှ တင်း ၁၃၀ ထွက်ရှိကြောင်း သိရသည်။ **(နေမျိုးလွင်)**

## ကျောက်လုံးကြီးကျေးရွာ၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ

**ပလောက် နိုဝင်ဘာ ၃၀**

၂၀၁၆-၂၀၁၇ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့ ကျောက်လုံးကြီး ကြေးတိုင်ပြင်ကွင်း ဦးပိုင်အမှတ်(၁၁၈) တောင်သူ ဦးဘအုန်း ပိုင်ဆိုင်သော လယ်မြေ ၁၀ ဧကအနက် ဧရိယာ သုည ဒသမ ၁၀ ဧကကို မိုးစပါးစံကွက် ရိတ်သိမ်းရာ ၇၀ ဒသမ ၀၅ တင်းထွက်ရှိပြီး ဒုတိယ (၆×၆) ပေ ပတ်လည် ဧရိယာ သုည ဒသမ ၁၀ ဧကအား ထပ်မံမိုးစပါး စံကွက်ရိတ်သိမ်း ရာ ထွက်နှုန်းမှာ (ခြောက်သွေ့တင်း) ၇၆ တင်း ထွက်ရှိကြောင်း သိရသည်။

တောင်သူများ လက်ရှိစိုက်ပျိုးနေသောနည်းစနစ်ဖြင့် စပါးသီးနှံ အမှန်အထွက်နှုန်းကိုရရှိစေရန် မြို့နယ်အတွင်းရှိတောင်သူများ၏ လက်ရှိအထွက်နှုန်းကိုမူတည်၍ မျိုးကွဲအလိုက် အထွက်နှုန်းရရှိနိုင်မှု ခန့်မှန်းတွက်ချက်ရန်နှင့် ဒေသဝမ်းစာဖူလုံမှု ခန့်မှန်းတွက်ချက်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပလောက်မြို့ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးမင်းမင်းထွန်းက ပြောကြားသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ ပလောက်မြို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးဇော်မင်းလတ်နှင့် ဝန်ထမ်းများ၊ ပလောက်မြို့ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြန်မာ့အသံချစ်သူများအဖွဲ့ Radio Fan Club အဖွဲ့ဝင်များ မုဒုံမြို့၌ တွေ့ဆုံမည်

**နေပြည်တော် နိုဝင်ဘာ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မြန်မာ့အသံချစ်သူများအဖွဲ့ (Radio Fan Club) အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၉ နာရီတွင် မွန်ပြည်နယ် မုဒုံမြို့ မုဒုံရွှေဟသာခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာ့ဩဘာလုပ်ငန်းစု၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပမည့် အဆိုပါအခမ်းအနားတွင် မြန်မာ့အသံ၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းတင်ဗီဒီယိုပြသခြင်း၊ ထင်ရှားကျော်ကြားသည့် မြန်မာ့အသံအစီအစဉ်တင်ဆက်သူများက မိတ်ဆက်ခြင်းနှင့် တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ အမှတ်တရလက်ဆောင်များ ပေးအပ်ခြင်းတို့ ပါဝင်မည်ဖြစ်ရာ မုဒုံမြို့နယ်အတွင်းရှိ မြန်မာ့အသံချစ်သူအဖွဲ့ဝင်များအပါအဝင် အခြားနီးစပ်ရာဒေသများမှ မြန်မာ့အသံချစ်သူအဖွဲ့ဝင်များလည်း အခမ်းအနားသို့ အခမဲ့တက်ရောက်နိုင်မည်ဖြစ်သည်။

တက်ရောက်လိုသူ မြန်မာ့အသံချစ်သူအဖွဲ့ဝင်များအနေဖြင့် ဖုန်း-၀၆၇-၇၉၂၃၅ သို့ ဒီဇင်ဘာ ၁၀ ရက် နောက်ဆုံးထား၍ ကြိုတင်စာရင်းပေးသွင်းကြရမည်ဖြစ်ပြီး မြန်မာ့အသံချစ်သူအဖွဲ့သို့ ဝင်ရောက်လိုသည့် သောတရှင်များအနေဖြင့်လည်း အဆိုပါဖုန်းနံပါတ်သို့ဆက်သွယ်၍ အဖွဲ့ဝင်သစ်အဖြစ် ဝင်ရောက်နိုင်ကြကာ အခမ်းအနားတက်ရောက်ရန်အတွက်ပါ စာရင်းပေးသွင်းနိုင်သည်။ အခမ်းအနားတွင် Co-Sponsor အဖြစ် ပါဝင်ကူညီပံ့ပိုးလိုသည့် လုပ်ငန်းရှင်များအနေဖြင့် ဖုန်း-၀၆၇-၇၉၃၇၄ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။


အလားတူ မြန်မာ့အသံချစ်သူများအဖွဲ့(Radio Fan Club) အဖွဲ့ဝင်များတွေ့ဆုံပွဲအခမ်းအနားကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ဆက်လက်ကျင်းပသွားရန် စီစဉ်လျက်ရှိသည်။ **(မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)**

## မောင်တောခရိုင်တွင် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်း

**မောင်တော နိုဝင်ဘာ ၃၀**

**မောင်တော**ခရိုင်တွင် ကျွဲ၊ နွား၊ ဆိတ်မှ စ၍ ဝက်၊ ကြက်နှင့်ဘဲများ မွေးမြူလျက်ရှိရာ တစ်ပိုင်တစ်နိုင် မွေးမြူခြင်းဖြင့်သာ ဖြစ်ထွန်းနေခြင်းဖြစ်ပါကြောင်း မောင်တောခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာရွှေစိုးအောင်က ပြောကြားသည်။

မောင်တောခရိုင်တွင် မွေးမြူရေးလုပ်ငန်းအနေဖြင့် ခြံအကြီးများမရှိဘဲ တစ်ပိုင်တစ်နိုင် မွေးမြူရေးသာ အဓိကဖြစ်ထွန်းလျက်ရှိကြောင်း၊ ကျွဲကောင်ရေ ၄၈၀၀၀ ကျော်၊ နွားကောင်ရေ ၂၄၄၀၀၀ ကျော်၊ ဆိတ်ကောင်ရေ ၁၈၃၀၀၀ ကျော်၊ ဝက်ကောင်ရေ ၂၅၀၀၀ ကျော်၊ ကြက်ကောင်ရေ ၁၁၄၀၀၀ ကျော်နှင့် ဘဲကောင်ရေ ၇၀၀၀၀ ကျော်ရှိနိုင်ကြောင်း ဒေါက်တာရွှေစိုးအောင်က ပြောကြားသည်။



ရွှေဇဟိုလ်ကျေးရွာမှ ဦးအောင်ထွန်းလှက "ကျွန်တော့်မှာ တစ်ပိုင်တစ်နိုင်အနေနဲ့ မွေးမြူထားတဲ့ နွားခြောက်ကောင်ရှိပါတယ်" ဟု လည်းကောင်း၊ ဦးထွေးခိုင်က "ကျွန်တော့်မှာတော့ နွားနှစ်ကောင်ရှိပါတယ်။ ဒီလိုပဲ တခြားအိမ်တွေမှာလည်း အနည်းဆုံး နှစ်ကောင်စီ၊ သုံးကောင်စီ မွေးမြူထားကြပြီး စုပေါင်းကျောင်းကြပါတယ်"ဟု လည်းကောင်း ပြောသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် မောင်တောခရိုင်တွင် တိုက်နယ်ရုံးလေးခုခွဲကာ သက်ဆိုင်ရာ တာဝန်ရှိသူများက တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်ရေးအတွက် ကျေးလက်ဒေသများတွင် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကူးစက်ရောဂါများ မဖြစ်ပွားအောင် ကာကွယ်ဆေးထိုးခြင်း၊ တိရစ္ဆာန်များ ဆုံးရှုံးမှုမဖြစ်အောင် ပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး လိုအပ်ပါက နည်းပညာပိုင်းနှင့် ကုသရေးအပိုင်းများတွင်လည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ခရိုင်ဦးစီးမှူးရုံးမှ သိရသည်။

**(အေဝမ်းစိုး)**

■

# အစိုးရအဖွဲ့က သတ်မှတ်သည့်နှုန်းထားဖြင့် မြေသိမ်းဆည်းလျော်ကြေးပေးကာ ထိရောက်အကျိုးရှိစွာ စီမံခန့်ခွဲအသုံးချရန် လိုအပ်

**နေပြည်တော် နိုဝင်ဘာ ၃၀**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဥပဒေကြမ်း ပူးပေါင်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးစတီဖန်အစား အဖွဲ့ဝင် ဦးကျော်စိုးလင်းအား တွဲဖက်အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ခြင်းနှင့် တွဲဖက်အတွင်းရေးမှူး ဦးစတီဖန်အား အဖွဲ့ဝင်အဖြစ် ပြောင်းလဲတာဝန်ပေးအပ်ခြင်းတို့ကို လွှတ်တော်က သဘောတူကြောင်းဆုံးဖြတ်သည်။

ထို့ပြင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေဆိုင်ရာ သုံးသပ်ချက် အစီရင်ခံစာနှင့် ငွေကြေးဆိုင်ရာ သုံးသပ်ချက် အစီရင်ခံစာများကို ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့မှ ဖတ်ကြားတင်ပြကြသည်။

ယင်းဥပဒေကြမ်း၏ မူနှင့်အခြေခံသဘောများ ရငွေ၊ သုံးငွေများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်က ကြေညာသည်။

ထို့နောက် အမျိုးသားမြေအသုံးချမှုဝါဒ (National Land Use Policy)နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏ လေ့လာတွေ့ရှိချက်နှင့် သုံးသပ်အကြံပြုချက် အစီရင်ခံစာကို ကော်မရှင်ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာသန်းဝင်းက လွှတ်တော်သို့ တင်သွင်းရာ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပေးပို့သွားမည်ဖြစ်ကြောင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

အဆိုပါ အစီရင်ခံစာ၌ မြေအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သော နိုင်ငံတော်အနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် လိုအပ်လျှင် မြေကိုသိမ်းဆည်းပြီး စီမံခန့်ခွဲပိုင်ခွင့်ကိုလည်း မူဝါဒတွင်ထည့်သွင်းရန် လိုအပ်ပါကြောင်း၊ လယ်မြေအား အခြားနည်း အသုံးပြုခွင့် ပြောင်းလဲရယူခြင်း၊ မြေကို လက်ဝါးကြီးအုပ်ရယူထားခြင်းတို့ကြောင့် မြေဈေးနှုန်းများ အဆမတန်မြင့်တက်ပြီး ပြည်တွင်း၊ပြည်ပ ရင်းနှီးမြှုပ်နှံသူများ အခက်အခဲ ကြုံတွေ့နေရသဖြင့် ပြည်ထောင်စု သို့မဟုတ် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့က သတ်မှတ်သည့်နှုန်းထားဖြင့် မြေသိမ်းဆည်းလျော်ကြေးပေးကာ ထိရောက်အကျိုးရှိစွာ စီမံခန့်ခွဲအသုံးချရန် လိုအပ်ပါကြောင်း။

အမျိုးသားမြေအသုံးချမှု မူဝါဒတွင် နိုင်ငံတော်၏ မြေအားလုံးလွှမ်းခြုံအကျုံးဝင်ပြီး ရေရှည်တည်တံ့၍ လက်တွေ့ကျသော လုပ်ငန်းစဉ်များကို ရေးဆွဲချမှတ်နိုင်မှသာ ၎င်းမူဝါဒကို အခြေခံပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် အမျိုးသားမြေဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်မည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ(၁) ဦးကိုကိုနိုင်အစား အဖွဲ့ဝင် ဒေါက်တာအောင်ခင်အား ဒုတိယဥက္ကဋ္ဌ(၁)အဖြစ် ပြောင်းလဲတာဝန်ပေးအပ်ခြင်း၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးကိုကိုနိုင်အား အဖွဲ့ဝင်အဖြစ် ပြောင်းလဲတာဝန်ပေးအပ်ခြင်းနှင့် ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ ပြင်ဆင်သတ်မှတ်ခြင်းတို့ကို လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအတွက် တွံတေးတူးမြောင်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆောင်ရွက်ရန် ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးနှင့် ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၃ သန်း ချေးငွေရယူရန်နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ၊ ဆိုင်းငံ့ကာလအတွင်း ပေးချေရမည့် အတိုးနှင့်ဝန်ဆောင်ခစရိတ်၊ ပြန်ဆပ်ကာလရမည့် ငွေနှင့်အတိုး၊ ရေလွှမ်းမိုးမှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ခန့်မှန်းခြေစာရင်း၊ စီမံကိန်းဆောင်ရွက်ပြီးစီးပါက ရရှိမည့် အကျိုးကျေးဇူးများနှင့် စပ်လျဉ်း၍လည်းကောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ယခုချေးငွေသည် သက်သာသောချေးငွေဖြစ်ပြီး ဆိုင်းငံ့ကာလ ၁၅ နှစ် အပါအဝင် စုစုပေါင်း သက်တမ်း နှစ် ၄၀ ဖွံ့ဖြိုးမှုချေးငွေဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးမှုအကူအညီအဖြစ် ပေးအပ်သော ချေးငွေဖြစ်သည်နှင့်အညီ ချေးငွေပေးအပ်သော အဖွဲ့အစည်းက ချေးငွေရယူရမည့် နိုင်ငံ၏ လက်ရှိအခြေအနေ၊ ဖွံ့ဖြိုးမှုအလားအလာ၊ ချေးငွေသုံးစွဲနိုင်သည့် အရည်အချင်း၊ ပြန်လည်ပေးဆပ်နိုင်စွမ်း၊ စီမံကိန်း၏ ဒေသနှင့်ပြည်သူလူထုအပေါ် အကျိုးပြုမှုစသည်တို့ကို အဘက်ဘက်မှလေ့လာသုံးသပ်ပြီး ပေးအပ်ခြင်းဖြစ်ကြောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် စီမံကိန်းချေးငွေများ ပြန်လည်ပေးဆပ်နိုင်ရေးအတွက် တူးမြောင်းဖွံ့ဖြိုးတိုးတက်မှုမှ ရရှိလာသည့် ရငွေများကို နိုင်ငံတော်သို့ ပေးသွင်းပြီး ချေးငွေအပေါ် အချိန်မီ ပြန်လည်ပေးဆပ်နိုင်ရန် ဘတ်ဂျက်လျာထား ဆောင်ရွက်ရမည်ဟုလည်းကောင်း ရှင်းလင်းတင်ပြကြရာ လွှတ်တော်က ယင်းချေးငွေ ချေးယူနိုင်ရန် အတည်ပြုကြောင်း ဆုံးဖြတ်သည်။



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပစဉ်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှပေးပို့သော စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ဂျပန်ယန်း ၉၃၉၇၀ သန်း ချေးယူရန် ကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ချေးငွေ ဂျပန်ယန်း ၁၅၁၃၅ သန်းကို လယ်ယာကဏ္ဍနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ခြင်းဖြင့် လယ်ယာကဏ္ဍနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ အလုပ်အကိုင်ရရှိရေး၊ ဆင်းရဲမှုလျှော့ချရေး၊ ကျေးလက်ဒေသနှင့် မြို့ပြဒေသ အချိုးညီညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်မီဘဏ်လုပ်ငန်းဖြင့် နိုင်ငံ၏စီးပွားရေးတည်ငြိမ်မှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတို့အား အထောက်အကူဖြစ်စေနိုင်ကြောင်း၊ (JICA)မှ ချေးငွေအား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်သို့ ထုတ်ချေးသွားမည်ဖြစ်ကြောင်း စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလမှာ ၂၀၁၇ ခုနှစ် ဇွန်လမှ ၂၀၂၀ ခုနှစ် စက်တင်ဘာလအထိ ဖြစ်ကြောင်း။

စီမံကိန်းပထမနှစ်ဖြစ်သော ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် နေပြည်တော် ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်း ဒုတိယနှစ်ဖြစ်သော ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

အဆိုပါစီမံကိန်းတွင် လယ်ယာလုပ်ငန်းလုပ်ကိုင်သော တောင်သူလယ်သမား တစ်ဦးချင်းနှင့် လယ်ယာကုန်ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်သော စီးပွားရေးလုပ်ငန်းများသို့ ချေးငွေထုတ်ချေးပေးမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ဂျပန်နိုင်ငံ ချေးငွေဖြင့် လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ဒေသတွင်းဖွံ့ဖြိုးမှုစီမံကိန်း (အဆင့်-၂)အား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ကရင်ပြည်နယ်အတွင်း တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်း ၊ ပဲခူးတိုင်းဒေသကြီးအတွင်း တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်း၊ မကွေးတိုင်းဒေသကြီးအတွင်း ဂန့်ဂေါ-အိုက္ကားလမ်း၊ဧရာဝတီတိုင်းဒေသကြီးအတွင်း ငသိုင်းချောင်း-ဂွလမ်း၊ ရှမ်းပြည်နယ်အတွင်း တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်းနှင့် ဟန်မြင့်မိုရ်-မြို့ကြီး-ရွာင်-အောင်ပန်းလမ်းတို့ကို လမ်းချဲ့ခြင်း၊ ကတ္တရာခင်းခြင်း၊ RC တံတားတည်ဆောက်ခြင်း၊ မြေထိန်းနံရံ၊ ကျောက်စီနံရံ၊ ရေမြောင်းတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ဒေသတွင်းဖွံ့ဖြိုးမှုစီမံကိန်း (အဆင့်-၂) အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများအပါအဝင် ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ JICA ODA ထံမှ မမျှော်မှန်းနိုင်သော စရိတ်မပါချေးငွေ ဂျပန်ယန်း ၆၆၅၀ သန်း ရယူ၍ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်များနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဆင်းရဲမှုလျှော့ချရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော် ဓာတ်အားစနစ်မှ ဓာတ်အားမရရှိသေးသော ကျေးရွာများ ဓာတ်အားရရှိစေရန် ဆောင်ရွက်လိုကြောင်း။

ပထမစီမံကိန်းမှ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ တိုင်းဒေသကြီး(၆)ခုနှင့် ပြည်နယ်(၆) ခုတို့တွင် ဒေသဖွံ့ဖြိုးရေးအတွက် လျှပ်စစ်ဓာတ်အား တိုးမြှင့်ပေးရန် ဆောင်ရွက်ခြင်းဖြင့် စုစုပေါင်းအိမ်ထောင်စု ၂၂၇၃၀၀ ကျော်ကို နိုင်ငံတော် ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးပေးနိုင်မည် ဖြစ်ကြောင်း။

ဒုတိယစီမံကိန်းဖြစ်သည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ အဆိုပြုခဲ့သည့် (Power Distribution System Improvement Project in Major Cities) စီမံကိန်းတွင် စုစုပေါင်း မြို့ကြီး (၁၇) မြို့တွင် ဓာတ်အားဖြန့်ဖြူးရေးလိုင်းနှင့် ဓာတ်အားခွဲရုံများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် အိမ်ထောင်စု ၁၆၀၈၀၀ ကျော်ကို ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်မျိုးက ယခု ဂျပန်နိုင်ငံချေးငွေဖြင့် ရန်ကုန်-မန္တလေးမီးရထားလမ်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းအဆင့် ၁ အပိုင်း၂ လုပ်ငန်းများအား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရန်ကုန်-မန္တလေး မီးရထားလမ်း အဆင့်မြှင့်တင်နိုင်ရေးနှင့်စပ်လျဉ်း၍ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှလည်း စီမံကိန်းရေးဆွဲထားပြီးဖြစ်ကြောင်း၊ ချေးငွေမှာ ဆိုင်းငံ့ကာလနှင့် ပြန်ဆပ်ကာလမှာ နှစ်(၄၀)ဖြစ်ပါကြောင်း၊ ယင်းချေးငွေဖြင့် မီးရထားလမ်း၌ မြေကြီးလုပ်ငန်း၊ သံလမ်းလဲလှယ်ခြင်း၊ တံတားလဲလှယ်ခြင်းနှင့် အသစ်တည်ဆောက်ခြင်း၊ အချို့နေရာများ၌ ခြံစည်းရိုးကာရံခြင်း၊ ခေတ်မီအချက်ပြကိရိယာ တပ်ဆင်ခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းစီမံကိန်းဆောင်ရွက်ခြင်းဖြင့် ခရီးသည်များ ကုန်စည်စီးဆင်းမှုမြန်ဆန်လာစေခြင်း၊ မြန်မာ့မီးရထား ဝင်ငွေတိုးတက်လာခြင်းစသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

အလားတူ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရေပိုမိုရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ဝန်ကြီးဌာနများ၏ ချေးငွေရရှိသုံးစွဲရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်ရှိပါက ဆွေးနွေးနိုင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအကြား ဓာတ်အားကွန်ရက်အချင်းချင်း ချိတ်ဆက်ကုန်သွယ်နိုင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရန် ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးဇုန်လှယ်ထန်းက ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများအကြား ဓာတ်အားချိတ်ဆက်ကုန်သွယ်နိုင်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်းဖြင့် ပိုလျှံလာသည့် ဓာတ်အားများအား အိမ်နီးနားချင်းနိုင်ငံများသို့ ဖြန့်ဖြူးနိုင်မည်ဖြစ်ကြောင်း၊ ဓာတ်အားပိုမိုထွက်ရှိလာနိုင်ရန်အတွက် မဏိပူရရေအားလျှပ်စစ်စီမံကိန်းကိုလည်း အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်စေလိုကြောင်း ထောက်ခံဆွေးနွေးသည်။

ရေဖြူမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦးက တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ တောင်ဘက်အကျဆုံးအပိုင်းတွင် တည်ရှိပြီး ထိုင်းနိုင်ငံနှင့် ထိစပ်လျက်ရှိပါကြောင်း၊ ယင်းဒေသတွင် လျှပ်စစ်ဓာတ်အားခမှာ ဈေးကြီးပေး၍ သုံးစွဲနေရကြောင်း၊ ထို့ပြင် တနင်္သာရီတိုင်းဒေသကြီးတွင် မဟာဓာတ်အားလိုင်းနှင့် ဝေးကွာနေဆဲဖြစ်သည့်အတွက် အဆိုပါစာချွန်လွှာအား လက်မှတ်ရေးထိုးခြင်းဖြင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအကြား လျှပ်စစ်ဓာတ်အား ကုန်သွယ်ရာတွင် ဓာတ်အားခမူဘောင် ပေါ်ထွန်းစေခြင်းနှင့် နိုင်ငံဖြတ်ကျော် စွမ်းအင်ကူးသန်းရောင်းဝယ်ခြင်း အစီအစဉ်ရှိကြောင်း သိရသည့်အတွက် မိမိဒေသနှင့် ကိုက်ညီသည်ကိုလည်း တွေ့ရှိရပါကြောင်း ထောက်ခံဆွေးနွေးသည်။

အလားတူ ပန်းတောင်း မဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်နှင့် ဝါးခယ်မမဲဆန္ဒနယ်မှ ဦးဇော်သိန်းတို့က ဆွေးနွေးကြရာ ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်က ပါဝင်လက်မှတ်ရေးထိုးနိုင်ရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

ဆက်လက်၍ ၂၀၁၄- ၂၀၁၅ ဘဏ္ဍာနှစ် ငွေကြေးမူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်ချက် အစီရင်ခံစာနှင့် ငွေရေးကြေးရေးစနစ် တည်ငြိမ်ရေးဆောင်ရွက်ချက် အစီရင်ခံစာတို့နှင့်စပ်လျဉ်း၍ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က ယခုကဲ့သို့ စိန်ခေါ်မှုများဖြင့် ကြုံတွေ့နေရသည့် အစိုးရသစ်တာဝန်ယူသည့် ပထမနှစ်တွင် ဗဟိုဘဏ်အနေဖြင့် နိုင်ငံ၏ငွေရေးကြေးရေး၊ ဈေးကွက်တည်ငြိမ်ရေး၊ ငွေရေးကြေးရေး အားကောင်းခိုင်မာစေရေးနှင့် မိမိတို့၏ကြိုးပမ်းဆောင်ရွက်မှုများကို ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း အချိန်နှင့်တစ်ပြေးညီ အစီရင်ခံစာတင်ပြနိုင်ရန် အလွန်အရေးကြီးပါကြောင်း၊ သို့မှသာ ပြည်ထောင်စုလွှတ်တော်အနေဖြင့်လည်း တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးစီးပွားအတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်၊ ဒဂုံ မဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၄)မှ ဦးသန်းစိုး (ခ)သန်းစိုး(ဘောဂဗေဒ)နှင့် သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်တို့က ဆွေးနွေးကြသည်။

**မျိုးမြင့် (သတင်းစဉ်)**

# စာဆိုတော်ဇော်ဂျီတွေးစီသော နိုင်ငံရေးအမြင်များ

## အောင်ချိန်ဘွား

ဆရာကြီးဇော်ဂျီသည် သုတရသမြောက်လှသော ကဗျာအစ ဝတ္ထုတို၊ ရှည်၊ အလယ် ဆောင်းပါး၊ ပြဇာတ်အဆုံး သီကုံးရေးဖွဲ့ခဲ့သည်မှာ များပြားလှဘိသည်။

၁၉၂၀ ပြည့်နှစ်မှစ၍ စာပေခေတ်ဆန်းချိန်တွင် ကဗျာရေးခဲ့ရာ ပုဒ်ရေ ၁၀၀ ခန့်ရှိသည်။ တိုင်းချစ်ပြည်ချစ်နိုင်ငံရေးစိတ်ဓာတ် မွေးပေးသော ကဗျာများစွာပါရှိသည်ကို ယခုအလေးပေးဖော်ပြရန်ဖြစ်သည်။

ဤသို့မဖော်ပြမီ ဆရာကြီးသည် စာဆိုတော်ဟု ခေါ်ဆိုရလောက်အောင် လွန်စွာနူးညံ့လှပဝေဆာသော စကားလုံးများဖြင့် ကာရန်ညီနှုန်းဖွဲ့ကာ မြန်မာ့ဓလေ့နှင့် ယဉ်ကျေးမှုကဗျာများ၊ သဘာဝအလှကို ရှုမဝအောင်ဖွဲ့ပြသည့် ကဗျာများလည်း များစွာသီဖွဲ့ခဲ့ကြောင်း ရေးပြလိုသည်။ အများတို့ ရင်ဝယ်သဲ(သည်း)မှာ စွဲကာနေသည့် သံစဉ်ချိုချိုရွတ်ဆိုရန် ကောင်းသော ဗေဒါလမ်းအကြောင်း ကဗျာ ၄၁ ပုဒ် ရေးဖွဲ့ခဲ့သည်။ လူငယ်အားမာန်ကို ဖြစ်စေသည့် စိတ်ဓာတ်အသိဖြင့် နိုင်ငံအရေးအတွေးတိုးစေသော ဖွံ့ဖြိုးစေမည့်ကဗျာအပုဒ် ၅၀ ကိုလည်း ရေးသီခဲ့သည်။

အထက်ပါကဗျာ၊ ဆောင်းပါးနှင့် ပြဇာတ်များအနက် နိုင်ငံရေးအတွေးအမြင်ဖြစ်အောင် ပို့ဆောင်လှုံ့ဆော်နှိုးဆွ နိုးကြားစေသည့် စာကဗျာအချို့ကိုသာ စာမျက်နှာ ခွင့်ပြုပေးနိုင်သလောက် ကောက်နုတ်၊ ထုတ်နုတ်၊ ရွေးချယ်ဖော်ပြပါမည်။

### တို့တိုင်းပြည်

➢ ထလော့မြန်မာ၊ အိုမြန်မာတို့. . .
တို့ရွာတို့မြေ၊ တို့ရွာမြေဝယ်
စေတီစပါး၊ များလည်းများ၏
များပါလေလည်း၊ တမွဲမွဲနှင့်
ဆင်းရဲကာသာ၊ ကာလကြာလျှင်
ယာစကားမျိုး၊ တညှိုးညှိုးနှင့်
ပုထိုးမြင့်မောင်း၊ ကျောင်းကြိုကျောင်းကြား
လှည့်လည်သွားလျက်
မစားလေရ၊ ဝမ်းမဝ၍
ဆွမ်းမျှမတင်နိုင်၊ ရှိမည်တည်း။

➢ ထလော့မြန်မာ၊ အိုမြန်မာတို့
တို့ရွာတို့မြေ၊ တို့ရွာမြေဝယ်
ရေချိုသောက်ရန်၊ မြစ်ချောင်းကန်နှင့်
သီးနှံချိုပျား၊ များလည်းများ၏
များပါလေလည်း၊ တမွဲမွဲနှင့်
ဆင်းရဲကာသာ၊ ကာလကြာလျှင်
မြင်သာမြင်ရ၊ မစားရ၍
တောကပြိတ္တာ၊ ဖြစ်မည်တည်း။

➢ ထလော့မြန်မာ၊ မြန်မာထလော့. . .
အားမပျော့နှင့်၊ မလျှော့လုံ့လ
သူကစ၍၊ ငါကအားလုံး
လက်ရုံးမြားမြောင်၊ ဉာဏ်မြားမြောင်နှင့်
စွမ်းဆောင်ကြလေ၊ ဆောင်ကြလေလော့
ဤမြေဤရွာ၊ ဘယ်သူ့ရွာလဲ
ဤယာစပါး၊ ဘယ်သူ့စပါးလဲ
ထားလော့တာဝန်၊ ပွန်လော့လုပ်ငန်း
ဉာဏ်ရှေ့ပန်း၍
တစ်ဝမ်းတစ်စိတ်၊ ညီစေသတည်း။ ။

**ကြီးပွားရေးမဂ္ဂဇင်း၊ အတွဲ -၁၊ အမှတ် (၁)။**
**ဩဂုတ်၊ ၁၉၃၅။**

ဆရာကြီးဇော်ဂျီ၏ ၁၉၁၅ ခုနှစ် လွန်ခဲ့သော ၈၁ နှစ်က ရေးသားအသိဉာဏ်ပေးခဲ့သော အထက်ပါကဗျာသည် တို့တိုင်းပြည်က တိုင်းရင်းသားအပေါင်းကို နိုင်ငံရေးအသိစိတ်ဓာတ်မည်မျှပေးခဲ့ပုံကို သေချာဖတ်ရှုလေ့လာသုံးသပ်ပါမှ သိနိုင်မည်။ ယခုလို ယနေ့တိုင်အောင် မြန်မာတို့ဆင်းရဲကာသာ၊ ကာလကြာလျှင်၊ ယာစကားမျိုး၊ တညှိုးညှိုးနှင့် ဖြစ်နေရဆဲအခြေအနေကို သိမြင်ပြီး ထလော့-ထလော့နှင့် နှိုးဆော်အသိပေးသမျှကို တစ်လုံးချင်း၊ တစ်ကြောင်းချင်း၊ တစ်ပိုဒ်ချင်း လေ့လာစမ်းသပ်၍ လိုက်နာကျင့်သုံးရန် လိုအပ်ကြောင်း တင်ပြလိုက်ခြင်းဖြစ်သည်။

### သခင်အောင်ဆန်းတရား

ငွေ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း၏သားငယ်၊ မင့်သက်လှယ်ကို
အဘယ်တရား၊ ဟောမည်နည်း။
ဆန်း၏သတ္တိ
ဆန်း၏သမာဓိ၊ ဆန်း၏ ပညာ
ဟောစရာကား၊ အလွန်များ၏
မင့်သားအရွယ်၊ သက်နှစ်ဆယ်တွင်
လူငယ်အောင်ဆန်း၊ သူ့အစွမ်းကို
ပန်းကောင်းတစ်ပွင့်၊ ပန်ဆင်တင့်သို့
မင့်သားသိစေချင်လှ၏။ ။

**လမ်းစဉ်သတင်း၊ အတွဲ -၂၊ အမှတ်-၁၄။**
**၁၇-၇-၁၉၆၆။**

မောင်သစ်ဆင်းကဗျာများအနက် တစ်ပုဒ်ဖြစ်သည်။ ပထမနှစ်ပိုဒ်ကိုသာ ဖော်ပြလိုက်သည်။ ဤမျှနှင့်ပင် မောင်သစ်ဆင်းတည်းဟူသော ဆရာကြီး၏ ညီငယ်အရွယ်ဖခင်တစ်ဦးကို ဆရာကြီးက မိဘဝတ္တရားသိအောင် ရေးစပ်ပြထားခြင်းဖြစ်ကြောင်း သိသာမည်ဖြစ်သည်။ ဖခင်တစ်ဦးအနေဖြင့် သားသမီးကို မည်သို့ဖြစ်အောင် သွန်သင်လမ်းပြမွေးပျိုးပေးသင့်ကြောင်း လမ်းညွှန်တိုက်တွန်းထားခြင်းဖြစ်သည့်၊ နိုင်ငံရေးအမြင်သဘောတရားပါသည့် ဖွဲ့ဆိုချက်များပါပေ။

### သင်သေသွားသော်

သို့ပြီးတကား၊ သင်သေသွားသော်
သင်ဖွားသောမြေ၊ သင်တို့မြေသည်
အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏။

The Guardian Vol.32, No.12
1955 ဘာသာပြန်မှ။

တစ်ပိုဒ်မျှသာဖော်ပြပါသည်။ ဤစာပိုဒ်ကလေးမျှကို အနုလုံပဋိလုံ အပြန်ပြန် အလှန်လှန်ဖတ်မှတ်ပါက သင်တို့ မည်သို့လုပ်ဆောင်ခဲ့ရန်လိုသည်၊ မည်သို့သောလူ (ခေါင်းဆောင်)ဖြစ်သင့်သည်ဟူသော နိုင်ငံရေးဒဿနကောင်းစွာရပေမည်။

### ၁၉၄၈ ခုနှစ် လွတ်လပ်ရေးနေ့တွင်

ငေးမိသည်တည့် ငေးမိသည်၊
မလေးမောင်သည်ယနေ့
ငေးမေ့မိသည်။
ဝမ်းမဝမျှမညီ၊ ပြည်နိုင်ငံ့အရေး။
လူ့လောကီသည်ရှုပ်ထွေး
ရှင်းပါမှလေး။ ။

The Guardian Magazine
January 1954

၁၉၅၄ ခုနှစ် လွတ်လပ်ရေးရပြီး ခြောက်နှစ်အကြာ၌ ၁၉၄၈ ခုနှစ်က လွတ်လပ်ရေးနေ့ အကြောင်းပြန်ပြောင်း ရေးစပ်ခဲ့ခြင်းဖြစ်သည်။ စာသုံးပိုဒ်အနက် အလယ်ပိုဒ်ကိုသာ ဖော်ပြခြင်းမှာ အတိုချုံ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသော်လည်း တိုင်းပြည်နိုင်ငံအရေးရှုပ်ထွေး၍ မညီမမျှရှိလှပုံကို ရှင်းပါမှ ဖြစ်မည်ဟု သတိပေးထားလေသည်။ လွတ်လပ်ရေးရသည့်တိုင် မမျှော်နိုင်ပုံမှာ ယနေ့အဖြစ်တွေနှင့် တူလေစွတကား။

### (၈) ပြည်ထောင်စုနေ့အတွေး

ငွေ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်းလည်းအသိ၊ ငါလည်း သိ၏
များလှမြေပြန့်၊ တောင်အနှံ့တည့်
ဖွံ့ဖွံ့ဖြိုးဖြိုး၊ ဆိုးတူကောင်းဖက်
လက်တွဲကြင်ချစ်၊ လှံ့လသစ်သော်
ခေတ်သစ်စိတ်သစ်၊ ပြည်ထောင်သစ်သည်
ဖြစ်မည်နိမိတ်၊ ဖတ်သည်သို့။ ။

**၁၉၆၉**

ပြည်ထောင်စုစည်းလုံးညီညွတ်ရေးအတွက် အသိခေါက်ခက်အဝင်နက်မနေဘဲ ခေတ်သစ်စိတ်သစ်မွေးရန်နှင့် အသစ်သော လုံ့လစိုက်မှုဖြင့် ပြည်ထောင်စုအသစ်ကို တည်ဆောက်ရန်လိုကြောင်း အဟောင်းအမွေဆိုးများကို ထားရစ်ခဲ့ရန်မှာကြားခြင်းဖြစ်သည်။

### အိုတက်လူတို့

အဟောင်းပျက်လျှင်၊ အသစ်ပြင်လော့
အမြင်ကျယ်၍၊ ပညာမွေ့လော့
လောလောဆယ်ဆယ်၊ ဒုက္ခနယ်ကို
ကယ်တင်နိုင်ကြပါစေသတည်း။ ။

**အိုးဝေမဂ္ဂဇင်း၊ အတွဲ ၅၊ အမှတ်-၁**
**ဇန်နဝါရီလ ၁၉၃၅**

၁၉၃၅ ခုနှစ်ကတည်းက ဒုက္ခနယ်ကျယ်ခဲ့ရာ အဟောင်းများကို အသစ်ဖြစ်၍ အမြင်ကျယ်ရမည်၊ ပညာကို ရအောင်ရှာ၍ ကယ်တင်နိုင်ရမည်ဟု အသိဉာဏ်ပေးခဲ့ခြင်းဖြစ်သည်။

ယခုဆက်လက်၍ ဆရာကြီး၏ နိုင်ငံရေးအတွေးအမြင်ဆိုသော ဆောင်းပါးတစ်ပုဒ်ကို ထုတ်နုတ်တင်ပြပါမည်။

### အမျိုးသားအောင်ပွဲနေ့နှင့် ကျွန်တော်

အမျိုးသားနေ့သည် မောင်းကဲ့သို့ဟည်း၍ စည်ကဲ့သို့ ဟိန်းသည်။ တစ်နှစ်လျှင် ခြေတစ်လှမ်း တစ်လှမ်းလှမ်း၍ နှစ်ဆယ့်ခုနစ်လှမ်းဖြင့် လွတ်လပ်ရေးကို လက်ရသိမ်းပိုက်ခဲ့သည်။ ၁၉၂၁ ခုနှစ်တွင် ပထမခြေလှမ်းကို လှမ်း၍ ချီတက်ခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် နှစ်ဆယ့်ခုနစ်ကြိမ်မြောက်ခြေလှမ်းဖြင့် လွတ်လပ်ရေးကို ခုန်ဖမ်းလိုက်သည်။ လွတ်လပ်သော ၁၉၄၈ ခုနှစ်မှ နောက်သို့ပြန်၍ကြည့်သော် အမျိုးသားနေ့သည် လွမ်းစရာလည်း ကောင်းသည်။ အံ့ဩစရာလည်း ကောင်းသည်။ နောင်အခါတွင် အမျိုးသားနေ့သည် မြန်မာ့ယဉ်ကျေးမှုတစ်ခုအနေဖြင့် တည်တော့မည်ဟု ထင်ဖွယ်ရာရှိလေသည်။

**ငွေတာရီ၊ အမှတ် ၁၈**
**ဒီဇင်ဘာ၊ ၁၉၆၁။**

ယခုဆရာကြီး၏ နိုင်ငံရေးအမြင်ဖြင့် သရော်ထားသော ပြဇာတ်တစ်ပုဒ်မှ စာအချို့ကို ကောက်နုတ်တင်ပြလိုက်ပါသည်။


### အောင်လံတော်

ဥက္ကဋ္ဌ။ ။(ပရိသတ်ဘက်သို့လှည့်၍) "မြင်ကြရဲ့လား ခင်ဗျ၊(တစ်ဖန် အဖွဲ့ကိုယ်စားလှယ်များဘက်သို့လှည့်၍) ကိုင်းဗျာ၊ တို့ဟာမြန်မာ့လွတ်လပ်ရေးဆိုတဲ့ စကားကို နှုတ်ကသာ တဖောင်ဖောင်ပြောပြီး တကယ်အလုပ်လုပ်တော့ အချင်းချင်းဂုဏ်ပြိုင်ချင်လို့၊ တစ်ယောက်လုပ်တာကို တစ်ယောက်အရွဲ့တိုက်ချင်လို့၊ တစ်ယောက်လက်နဲ့ရေးတာကို တစ်ယောက်က ခြေနဲ့ဖျက်ချင်လို့ ဒီအစည်းအဝေးကို လာတယ်ဆိုရင် အားလုံးထိုင်ကြမှာပဲ"

အားလုံး။ ။(တညီတည်း) "ထိုင်. . . တယ်" (အားလုံးထိုင်ကြစေ)
ဥက္ကဋ္ဌ။ ။ 'အောင်မယ်. . . တယ်ညီပါလား"
အားလုံး။ ။ (တညီတည်း) "ညီ. . . တယ်"
ဥက္ကဋ္ဌ။ ။ (ပရိသတ်ဘက်လှည့်၍)
"အဲဒါကိုသာကြည့်တော့ခင်ဗျ။ အဲဒါတွေဟာ နိုင်ငံရေးလုပ်ငန်းတဲ့၊ ကြီးပွားဖို့နဲ့တော့ အများကြီးဝေးသေးတာပဲ။

အထက်ဖော်ပြချက်များသည် စာဆိုတော်ဆရာကြီးဇော်ဂျီ၏ ကဗျာ၊ ဆောင်းပါး၊ ပြဇာတ်များမှ အနည်းငယ်မျှ ကောက်နုတ်ချက်များသာဖြစ်သည်။ အဆိုပါ သုတရသစာပေများက ယနေ့ခေတ်တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကြိုးပမ်းချက်များအတွက် ကောင်းသော လမ်းညွှန်နိုင်ငံရေးအမြင်များ ဖြစ်နိုင်ပါစေသတည်း။ ။

# မြန်မာနိုင်ငံတွင် ပထမဦးဆုံး ဂျပန်စတိုင် ၁၀ ပြားဈေးရောင်းပွဲတော်ကျင်းပမည်



**ရန်ကုန် နိုဝင်ဘာ ၃၀**

မြန်မာ-ဂျပန်လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း (Myanmar-Japan SEDA) မှ ကျင်းပသော ဂျပန်စတိုင် ၁၀ ပြားဈေးရောင်းပွဲ (FLEA Market)ကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ရန်ကုန်မြို့ရှိ ပြည်သူ့ရင်ပြင် (Natural World ဝင်ပေါက်အနီး)တွင် ဒီဇင်ဘာ ၄ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ဂျပန်စတိုင် ၁၀ ပြားဈေးဆိုတာ ဂျပန်နိုင်ငံရောက်ဖူးသူတိုင်း သိပါတယ်။ အင်္ဂလိပ်လို FLEA Market လို့ ခေါ်တယ်။ ဂျပန်ရောက်မြန်မာတွေကတော့ ၁၀ ပြားဈေးလို့ သတ်မှတ်ခေါ်ကြတယ်။ အသုံးမလိုတော့တဲ့ပစ္စည်းတွေ မသုံးရသေးဘဲ ပိုလျှံတဲ့ပစ္စည်းတွေကို ဈေးနှုန်းသက်သက်သာသာနဲ့ ရောင်းတဲ့ဈေးပါ။ ဂျပန်မှာက ယဉ်ကျေးမှုသဘော နဲ့ အပတ်စဉ်ရောင်းကြတယ်။ ဒီမှာစမ်းလုပ်ကြည့်တာအောင်မြင်ရင် နှစ်လတစ်ကြိမ်လောက် ဆက်လုပ်သွားမယ်"ဟု မြန်မာ-ဂျပန်လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးအေးကိုကိုက ပြောသည်။

အဆိုပါဈေးတွင် ဂျပန်နိုင်ငံမှ ပြန်လည်ရောက်ရှိသူများမှ ဂျပန်လူသုံးကုန်ပစ္စည်းများကို ရောင်းချသွားမည်ဖြစ်ပြီး ပြည်တွင်းပြည်ပမှ လူသုံးကုန်ပစ္စည်းများကို ဆိုင်ခန်း ၅၀ မှ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းဈေးရောင်းပွဲတော်တွင် ဈေးနှုန်းများကို ငွေကျပ် ၁၀၀ မှစ၍ တစ်သိန်းထက်မကျော်သော ဈေးနှုန်းများဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ထို့အပြင် ဈေးရောင်းပွဲတော်တွင် ဂျပန် Yu Kata အလှဝတ်ဆင်ဓာတ်ပုံရိုက်ခြင်း၊ Sushi စာရင်း ကံစမ်းမဲများ ဖောက်ခြင်းတို့ပါဝင်ပြီး ကမာကူရာဘုရားမဲများကို နံနက် ၁၂ နာရီတွင် တစ်ကြိမ်၊ ညနေ ၄ နာရီတွင် တစ်ကြိမ် မဲဖောက်ပေးမည်ဖြစ်ကြောင်း သိရသည်။ ယင်းအပြင် ဆိုင်ခန်းများမှ လှူဒါန်းသည့် အလှူငွေများကို အသင်း၏ ပရဟိတလုပ်ငန်းများတွင် အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

**(ဇာနည်မောင်)**

*လတ်တလောကာလတွင် မြန်မာနိုင်ငံ၌ဖြစ်ပေါ်နေသော အမေရိကန်ဒေါ်လာ လဲလှယ်နှုန်းများ အဆမတန်မြင့်မားနေခြင်းအပေါ် စိုးရိမ်မှုများနှင့် ဝေဖန်မှုများစွာကို သတင်းစာ၊ ဂျာနယ်များတွင် ရှုထောင့်မျိုးစုံမှ ရေးသားဖော်ပြလျက်ရှိသည့်နည်းတူ ယင်းနှင့်ဆက်နွယ်၍ ပေါ်ပေါက်လာသော ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်ကိုလည်း ပြည်သူအများကြုံတွေ့ခံစားလာရပါသည်။*

# ဒေါ်လာဈေးနှုန်းများ မြင့်တက်နေခြင်းအပေါ် ဆန်းစစ်လေ့လာခြင်း

## ဝင်းသော်

မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေအကြား ငွေလဲလှယ်နှုန်းသည် အောက်တိုဘာလဆန်းတွင် ၁၂၈၀ ကျပ်ခန့်ရှိရာမှ ယခု နိုဝင်ဘာလနောက်ဆုံး ရက်သတ္တပတ်တွင် ၁၃၆၀ ကျပ်ခန့်အထိ မြင့်တက်လာပါသည်။ ရာခိုင်နှုန်းအားဖြင့် ၆ ဒသမ ၂၅ ရာခိုင်နှုန်းခန့် မြန်မာငွေကြေးတန်ဖိုး ကျဆင်းသွားခြင်းဖြစ်ပါသည်။ ယင်းသို့ မြန်မာငွေတန်ဖိုးများစွာ ကျဆင်းရခြင်းအပေါ် အမေရိကန်ဒေါ်လာငွေကြေးတန်ဖိုးနှင့် အခြားနိုင်ငံတကာ ငွေကြေးတန်ဖိုးတို့၏ အတက်အကျ အခြေအနေများကိုလည်း လေ့လာကြည့်ရာ အမေရိကန်ဒေါ်လာညွှန်းကိန်း(USD Index)သည် (၂၁. ၁၁. ၂၀၁၆) ရက်နေ့တွင် ၁၀၁ ဒသမ ၄ အထိ မြင့်တက်ခဲ့သည့်အတွက် လွန်ခဲ့သော(၁၃)နှစ်ခန့်မှ ယခုအထိကာလအတွင်း အမြင့်ဆုံး မြင့်တက်ခဲ့ခြင်း ဖြစ်ပါသည်။ အမေရိကန်ဒေါ်လာညွှန်းကိန်းဆိုသည်မှာ နိုင်ငံတကာ ငွေကြေးများနှင့်ယှဉ်၍ အမေရိကန်ဒေါ်လာငွေကြေး အတက်အကျကိုဖော်ပြသော ညွှန်းကိန်းတစ်ခုဖြစ်ပါသည်။ လေ့လာမှုများအရ နိုင်ငံတကာငွေကြေးနှင့် အာဆီယံနိုင်ငံများ၏ ငွေကြေးတန်ဖိုးများသည် အမေရိကန်ဒေါ်လာနှင့်ယှဉ်လျှင် ဆက်တိုက်ကျဆင်းလျက်ရှိပြီး အာဆီယံနိုင်ငံအချို့၏ ငွေကြေးတန်ဖိုးများသည် မြန်မာကျပ်ငွေထက် ပိုမို၍တန်ဖိုးကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။ ယခု ၂၀၁၆ ခုနှစ် အောက်တိုဘာလမှ နိုဝင်ဘာလအထိ ကာလအတွင်း မြန်မာကျပ်ငွေတန်ဖိုး ၆ ဒသမ ၂၅ ရာခိုင်နှုန်းခန့် ကျဆင်းချိန်တွင် ယူရိုငွေကြေးတန်ဖိုးသည် ၅ ဒသမ ၉ ရာခိုင်နှုန်း၊ ဂျပန် ယန်းငွေတန်ဖိုးသည် ၉ ဒသမ ၁၅ ရာခိုင်နှုန်းနှင့် မလေးရှားရင်းဂစ်သည် ၇ ဒသမ ၀၈ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ အချို့နိုင်ငံများတွင် ငွေကြေးတန်ဖိုးကျဆင်းမှုသည် မိမိတို့နိုင်ငံထက် ပိုမိုများပြားကြောင်း တွေ့ရှိရပါသည်။ နိုင်ငံတကာအခြေအနေသာမက မိမိတစ်နိုင်ငံတည်း အမြင်အရ မြန်မာကျပ်ငွေတန်ဖိုးကျဆင်းမှုသည် အစိုးရနှင့်ဝန်ကြီးဌာနများ တာဝန်ရှိကြောင်း၊ မည်သို့ကျဆင်းစေရန် ပြုလုပ်မည်နည်းဟူသော ဆွေးနွေးမှုများ၊ ဝေဖန်မှုများ ဖြစ်ပေါ်လာခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ကျပ်ငွေတန်ဖိုးကျဆင်းရခြင်း အခြားအကြောင်းတစ်ခုမှာ ကုန်သွယ်မှုကဏ္ဍတွင် သွင်းကုန်ပမာဏက ပို့ကုန်ပမာဏထက် ပိုမိုများပြားပြီး ကုန်သွယ်မှုကဏ္ဍလိုငွေပြမှု(Trade Deficit) ကာလကြာရှည်စွာ ဖြစ်ပေါ်နေမှုကြောင့် ဖြစ်ပါသည်။ အခြေခံစီးပွားရေးသီအိုရီအရ သွင်းကုန်ပမာဏက ပို့ကုန်ပမာဏထက် ပိုမိုများပြားနေခြင်းသည် တိုင်းပြည်အတွင်း အမေရိကန်ဒေါ်လာအပေါ် ဝယ်လိုအားကို မြင့်တက်စေပြီး တိုင်းပြည်၏ ငွေကြေးတန်ဖိုးကို ကျဆင်းစေပါသည်။ ကုန်သွယ်မှုကဏ္ဍလိုငွေပြမှု ဖြစ်ပေါ်လျက်ရှိသော်လည်း Non-trade ကဏ္ဍ (ဥပမာ-ရင်းနှီးမြှုပ်နှံမှု)မှ နိုင်ငံခြားငွေစီးဝင်မှု မြင့်မားမည်ဆိုပါက မေခရိုစီးပွားရေးဝန်းကျင်နှင့် ငွေကြေးတန်ဖိုးအပေါ် သက်ရောက်မှုနည်းလာနိုင်ပါသည်။ လက်ရှိအခြေအနေအရ နိုင်ငံခြားငွေစီးဝင်မှုများ အေးနေချိန်၌ မြန်မာနိုင်ငံတွင် သွင်းကုန်ပမာဏသည် ပို့ကုန်ပမာဏထက် ပိုမိုများပြားနေသည့်အပြင် သွင်းကုန်ပစ္စည်းများအနက် စက်သုံးဆီ၊ သကြား စသည်တို့ကို Re-export အဖြစ် အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ခြင်းများလည်း ရှိနေပါသည်။ ယင်းကုန်ပစ္စည်းများ တင်သွင်းသည့်အတွက် နိုင်ငံခြားငွေများ ပြည်ပသို့ စီးထွက်သွားသော်လည်း ၎င်းတို့ကို Re-export ပြုလုပ်ပြီးနောက် နိုင်ငံခြားငွေများ ပြည်တွင်းသို့ ပြန်လည်စီးဝင်မှုမရှိသည်ကို တွေ့ရှိရပါသည်။ အဆိုပါ Re-export သည် တရုတ်နယ်စပ်တွင် ပြုလုပ်ခြင်းဖြစ်၍ တရားဝင်လမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ပြန်လည်ဝင်ရောက်ခြင်းမရှိဘဲ တရုတ်ယွမ်နှင့် မြန်မာကျပ်ငွေတို့သာ ပြန်လည်ရရှိပါသည်။ ယင်းအချက်သည်လည်း ပြည်တွင်း၌ အမေရိကန်ဒေါ်လာအပေါ် ဝယ်လိုအားမြင့်တက်စေရခြင်း အကြောင်းတစ်ခုဖြစ်ပါသည်။

၎င်းအပြင် အချို့သောပို့ကုန်လုပ်ငန်းရှင်များသည် ပို့ကုန်အတွက် လိုင်စင်လျှောက်ထားရာတွင် ကုန်ဝယ်အမှာစာ(Invoice)များ၌ မူလတန်ဖိုးထက်လျှော့ပြပြီး ခြားနားငွေပမာဏအား ပြည်ပဘဏ်များရှိ ၎င်း၏ဘဏ်စာရင်းတွင် ထားရှိတတ်ပါသည်။ သို့ဖြစ်၍ မိမိနိုင်ငံမှ ပို့ကုန်များ၏ ရငွေအားလုံး ပြန်လည်ရရှိခြင်းမရှိသည့်အပြင် အဆိုပါငွေများအား ပြည်ပစာရင်းတွင်ထားရှိပြီး သွင်းကုန်လုပ်ငန်းရှင်များအတွက် လိုအပ်သော နိုင်ငံခြားငွေများကို Broker များမှတစ်ဆင့် ဘဏ်များထံသို့ အမြင့်ဈေးဖြင့် ပြန်လည်ရောင်းချကြရာ အမေရိကန်ဒေါ်လာလဲလှယ်နှုန်း မြင့်မားပြီး မြန်မာကျပ်ငွေတန်ဖိုးကို ကျဆင်းစေနိုင်ပါသည်။

မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းစေရခြင်း အကြောင်းတစ်ခုမှာ မြန်မာနိုင်ငံ ဘဏ်များတွင် နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ထားသူများသည် ၎င်းတို့၏ ဘဏ်စာရင်းမှ နိုင်ငံခြားငွေများကို ဘဏ်သို့ ပြန်လည်မရောင်းချဘဲ နိုင်ငံခြားငွေလိုအပ်သူများကို စာရင်းပြောင်း(Account Transfer)နည်းဖြင့် ရောင်းခွင့်ရှိနေသောကြောင့် ဖြစ်ပါသည်။ ဘဏ်များအနေဖြင့်လည်း ရောင်းဈေး၊ ဝယ်ဈေး ကွာဟမှု(Spread)ကို ပိုမိုကွာဟထားသည့်အတွက် ဘဏ်များသို့ နိုင်ငံခြားငွေပြန်လည်ရောင်းချရန် စိတ်ဝင်စားမှုနည်းသည်ကို တွေ့ရပါသည်။ အခြားနိုင်ငံများ၌ (ဥပမာ-ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ)နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ထားသူများသည် ပမာဏတစ်ခုအထိကိုသာ ၎င်းတို့၏ ဘဏ်စာရင်းတွင် ထားရှိနိုင်ပြီး ယင်းထက်ကျော်လွန်သော ပမာဏကို ဘဏ်သို့ ပြန်လည်ရောင်းချရပါသည်။ ၎င်းသတ်မှတ်ချက်ကို Surrender requirement ဟု ခေါ်ဆိုပါသည်။ မြန်မာနိုင်ငံတွင်မူ ပို့ကုန်လုပ်ငန်းရှင်အချို့သည် ၎င်းတို့၏ နိုင်ငံခြားငွေ ဘဏ်စာရင်းတွင် ပမာဏများစွာကိုထားရှိပြီး ပြန်လည်ရောင်းချရာတွင်လည်း ၎င်းတို့ကြိုက်ဈေးဖြင့် စာရင်းပြောင်း (Account Transfer)ရောင်းချကြသည်ကို တွေ့ရှိရပါသည်။ နိုင်ငံတကာတွင် ယခုကဲ့သို့ နိုင်ငံခြားငွေရောင်းချ၊ ဝယ်ယူခြင်းကို လိုင်စင်ရအဖွဲ့အစည်းများ (ဥပမာ-ဘဏ်များ)မှအပ မည်သူမျှ ဆောင်ရွက်ခွင့်မရှိသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံရှိ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေတွင်လည်း ထိုကဲ့သို့ ဆောင်ရွက်ခြင်းကို တားမြစ်ထားသော်လည်း တင်းကြပ်စွာ အကောင်အထည်ဖော်ဆောင်မှုမရှိသေးသည်ကို တွေ့ရှိရပါသည်။

၎င်းအပြင် အချို့သော မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပြည်ပတွင်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ကိုင်ပြီး ပြည်ပဘဏ်များတွင် နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်ထားရှိကာ ပို့ကုန်၊ သွင်းကုန်ပမာဏများကို အလျှော့အတင်းပြုလုပ်၍ Under-invoice, Over-invoice များ ပြုလုပ်ခြင်း၊ ဟွန်ဒီ



အရောင်းအဝယ်ပြုလုပ်၍ ဒေါ်လာဈေးကစားခြင်းများ ရှိသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ ပြည်ပတွင် ဘဏ်စာရင်းဖွင့်လှစ်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုပြုခြင်းတို့အတွက် ဗဟိုဘဏ်ထံမှ ခွင့်ပြုချက်ရယူရမည်ဖြစ်ပြီး ၎င်းတို့၏ နိုင်ငံခြားဘဏ်စာရင်း အသုံးပြုမှု အခြေအနေကိုလည်း ဗဟိုဘဏ်သို့ လစဉ်တင်ပြရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းလုပ်ငန်းရှင်များအား ဥပဒေနှင့်အညီ ပြည်ပတွင်ဘဏ်စာရင်းဖွင့်လှစ်ထားမှုအခြေအနေအား ဗဟိုဘဏ်သို့ တင်ပြသတင်းပို့စေခြင်း၊ ပြည်ပရှိ နိုင်ငံခြားဘဏ်များတွင် စာရင်းဖွင့်လှစ်ခြင်းအစား ပြည်တွင်းရှိ နိုင်ငံခြားဘဏ်၊ ဘဏ်ခွဲများတွင် စာရင်းဖွင့်လှစ်ရန် တွန်းအားပေးခြင်းတို့ကို ဆောင်ရွက်သင့်ပါသည်။ ယင်းသို့ ပြည်ပနိုင်ငံခြားဘဏ်စာရင်းမှ နိုင်ငံခြားငွေများ ပြည်တွင်းသို့ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြင့် နိုင်ငံခြားငွေအပေါ် ရောင်းလိုအားများပြားပြီး မြန်မာကျပ်ငွေတန်ဖိုး ပြန်လည်မြင့်တက်စေနိုင်ပါသည်။

ကျပ်ငွေတန်ဖိုးကျဆင်းစေရခြင်း အကြောင်းတစ်ခုမှာ အမေရိကန်ဒေါ်လာဝယ်လိုအားကို မြင့်တက်စေနိုင်သည့် ပြည်တွင်းပေးချေမှုများတွင် နိုင်ငံခြားငွေဖြင့်ပေးချေ လက်ခံမှုပြုနေခြင်းတို့ဖြစ်ပါသည်။ ပုံမှန်အားဖြင့် ဟိုတယ်၊ စားသောက်ဆိုင်၊ လေယာဉ်လက်မှတ်အေဂျင်စီ၊ နိုင်ငံတကာစာသင်ကျောင်း စသည်တို့တွင် မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းသတ်မှတ်၍ မြန်မာကျပ်ငွေဖြင့်ပင် ပေးချေမှုများ ပြုလုပ်ရမည်ဖြစ်သော်လည်း အမေရိကန်ဒေါ်လာဖြင့် ပေးချေမှုများ ပြုလုပ်ရသည့်အတွက် အမေရိကန်ဒေါ်လာအပေါ် ဝယ်လိုအား မြင့်တက်မှုမှတစ်ဆင့် မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းစေမှုများ ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ ပြည်တွင်းပေးချေမှုများကို ကျပ်ငွေဖြင့် ဈေးနှုန်းသတ်မှတ်ပြီး ကျပ်ငွေဖြင့်ပင် ပေးချေမှုပြုစေသည့်စနစ်ကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကြပ်ကြပ်မတ်မတ် ဆောင်ရွက်စေသင့်ပါသည်။

ထို့အပြင် ပြည်ပတွင်ဖြစ်ပေါ်လျက်ရှိသော အခြေအနေများဖြစ်သည့် အမေရိကန် ဗဟိုဘဏ်အတိုးနှုန်းတက်မည့်ကိစ္စ၊ အမေရိကန်ရွေးကောက်ပွဲရလဒ် စသည့်အချက်များသည်လည်း မြန်မာနိုင်ငံတွင်သာမက ဒေသတွင်းနိုင်ငံများ၏ ငွေကြေးတန်ဖိုးများကို ကျဆင်းစေသည့်အချက်များတွင် ပါဝင်လာပါသည်။ ထို့အပြင် မည်သည့်နေရာကမှန်းမသိ ပျံ့နှံ့လာသော ကောလာဟလများကလည်း မြန်မာငွေကြေးဈေးကွက်ကို သက်ရောက်မှုရှိလာသည်ကို တွေ့ရှိရပါသည်။ ဥပမာ- ဗဟိုဘဏ်တွင် နိုင်ငံခြားအရန်ငွေများ မရှိတော့သလောက် လျော့ကျသွားသည်ဆိုသည့်သတင်း၊ မြန်မာနိုင်ငံတွင် ငွေကြေးဖောင်းပွမှုများ တရားလွန်မြင့်တက်လာပြီဆိုသည့်သတင်း၊ ဗဟိုဘဏ်က ရည်ညွှန်းငွေ ဈေးနှုန်းတက်၍ ဒေါ်လာဈေးတက်ရသည်ဆိုသည့်သတင်း၊ ဝန်ကြီးဌာနများနှင့်ဗဟိုဘဏ်တို့အကြား ပေါင်းစပ်ညှိနှိုင်းမှု လုံးဝမရှိဆိုသည့်သတင်း စသည့် သတင်းများကလည်း ဒေါ်လာဈေးအပေါ် သက်ရောက်မှုအမျိုးမျိုး ဖြစ်ပေါ်လျက်ရှိပါသည်။

ဗဟိုဘဏ်ရှိ နိုင်ငံခြားအရန်ငွေများသည် အခြားနိုင်ငံများနှင့်ယှဉ်ပါက ပမာဏနည်းသော်လည်း ယခုနှစ်ပိုင်းအတွင်း အရန်ငွေများ မရှိတော့သလောက် လျော့ကျသွားသည်ဆိုခြင်းမှာမူ မဟုတ်ကြောင်း ဗဟိုဘဏ်မှ အကြီးတန်းအရာရှိတစ်ဦးက အတည်ပြုထားသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ၏ မေခရိုစီးပွားရေးဝန်းကျင် ရေရှည်တည်ငြိမ်ရန်အတွက် နိုင်ငံခြားအရန်ငွေများကို ယခုထက်ပို၍ ပိုမိုများပြားလာစေရေး ဆောင်ရွက်ရန်နှင့် နိုင်ငံတကာ၌ အမေရိကန်ဒေါ်လာဈေးတက်နေချိန်တွင် အရန်ငွေများ ရောင်းချ၍ ဒေါ်လာဈေးဆွဲချရေးကို ဆောင်ရွက်ရန်မသင့်ကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့မှ အကြံဉာဏ်ပေးထားသည်ဟု သိရှိရပါသည်။

မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းများ အလွန်မြင့်တက်လာသည်ဆိုသည့်အချက်မှာလည်း မှန်သင့်သလောက် မှန်ကန်ခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ စားသောက်ကုန်ဈေးနှုန်းအချို့မြင့်တက်သွားသည်မှာ မှန်ပါသည်။ သို့သော် ငွေကြေးဖောင်းပွမှုနှုန်းမှာ ယခင် ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းခန့် မြင့်တက်သွားသော်လည်း ယခု ၆ ဒသမ ၃ ရာခိုင်နှုန်းအထိ ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။ ငွေကြေးဖောင်းပွမှုနှုန်း လျော့ကျစေရန်အတွက် ဈေးကွက်အတွင်းမှ နှစ်ပတ်တစ်ခါ ကျပ်ငွေ ဘီလီယံပေါင်းရာချီ၍ နုတ်ယူလျက်ရှိသည်ကို တွေ့ရှိရပါသည်။

ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲလှယ်နှုန်းသည် ဈေးကွက်ပေါက်ဈေးကို ဦးမဆောင်ဘဲ ဈေးကွက်ပေါက်ဈေးနောက်ကို လိုက်နေသည်ဆိုသောအချက်နှင့် ၎င်းရည်ညွှန်းငွေလဲလှယ်နှုန်းတက်၍ ဒေါ်လာဈေးလိုက်တက်သည်ဆိုသည့်အချက်သည်လည်း မှန်ကန်မှုမရှိသည်ကို တွေ့ရှိရပါသည်။ ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲလှယ်နှုန်းသည် ဈေးကွက်ပေါက်ဈေးကို ကိုယ်စားပြုရသည့်နှုန်းဖြစ်သည့်အတွက် ဈေးကွက်ပေါက်ဈေးတက်လျှင် လိုက်တက်၍ ဈေးကွက်ပေါက်ဈေးကျလျှင် လိုက်ကျရမည်ဖြစ်ပါသည်။

သက်ဆိုင်ရာဝန်ကြီးဌာနများဖြစ်သော စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဗဟိုဘဏ်တို့ အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးကာ ပေါင်းစပ်ညှိနှိုင်းလျက်ရှိသည်ဟုလည်း သိရှိရပါသည်။ သို့သော် မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်က ဆောင်ရွက်လျက်ရှိသော(ဆောင်ရွက်ရန်မသင့်သော)အချက်များကို ချက်ချင်း ထိန်းချုပ်မှုများ ပြုလုပ်လိုက်ပါက စီးပွားရေးဈေးကွက်ပေါ် သက်ရောက်မှုများရှိလာနိုင်သည့်အတွက် ချင့်ချိန်၍ ဆောင်ရွက်သင့်သည့် အချိန်အတိုင်းအတာကို ဆက်လက်ပေါင်းစပ်ညှိနှိုင်းဆွေးနွေးလျက်ရှိသည်ဟု သိရှိရပါသည်။

မြန်မာကျပ်ငွေတန်ဖိုး တည်ငြိမ်ရေးသည် သက်ဆိုင်ရာဝန်ကြီးဌာနများတွင် သာမကဘဲ စီးပွားရေးလုပ်ငန်းများအား ဝိုင်းဝန်းပေါင်းစပ်ညှိနှိုင်း၍ ရေရှည်ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါသည်။ နိုင်ငံတကာနှင့် မြန်မာနိုင်ငံထက် ပိုမိုတိုးတက်မှုမြင့်မားသည့် အခြားနိုင်ငံများတွင်ပင် ယခုအချိန်အထိ ထိန်းချုပ်ထားသည့်(ထိန်းချုပ်သင့်သည့်)အချက်များကို မြန်မာနိုင်ငံ၌ ထိန်းချုပ်ထားခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ အချို့ကိစ္စများတွင် နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့သည့် အချက်အလက်များနှင့်ပတ်သက်၍ အမှန်ကို အမှားထင်၊ အမှားကို အမှန်ထင်သည့်ကိစ္စများပင် ရှိလာခဲ့ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင်များကလည်း ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးရာတွင် စီးပွားရေးလုပ်ငန်းအမြင် တစ်ခုတည်းကိုမကြည့်ဘဲ ဆောင်ရွက်သင့်သည့်အချက်များနှင့် ထိန်းချုပ်သင့်သည့်အချက်များကိုပါ ရဲရဲဝံ့ဝံ့တင်ပြဆွေးနွေး၍ သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း နိုင်ငံတကာ ဆောင်ရွက်ချက်များနှင့် မြန်မာနိုင်ငံအခြေအနေတို့ကို ပေါင်းစပ်၍ သင့်တော်သည့်မူဝါဒများကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်လိမ့်မည်ဟု ယုံကြည်တိုက်တွန်းအပ်ပါသည်။

***(စာရေးသူ ဦးဝင်းသော်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားရေးမှူးချုပ်တာဝန်ထမ်းဆောင်နေသူဖြစ်သည်။)***

## ပြည်တွင်းရေးရာ



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အဖွဲ့ဝင်များ၊ စာပေဗိမာန်စာမူဆုရှင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

**❁ ၂၀၁၅ ခုနှစ်မှ**

ထင်ပေါ်ဖော်ပြနိုင်စွမ်းရှိသော စာကောင်းပေမွန်များကို နိုင်ငံတော်အဆင့် အမျိုးသားစာပေဆုအဖြစ် ရွေးချယ်ပြီး စာဆိုတော်နေ့ရောက်တိုင်း ယခုကဲ့သို့ နှစ်စဉ်မပျက်မကွက် ချီးမြှောက်ဂုဏ်ပြုနေခြင်း ဖြစ်ပါကြောင်း၊ စာပေဆုများကို ရွေးချယ်ရာတွင်လည်း ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ ပွင့်လင်းမြင်သာမှုရှိရန်နှင့် အမှန်တကယ်ထိုက်တန်သော စာအုပ်များ၊ စာမူများကို ဆုရွေးချယ်ချီးမြှင့်နိုင်ရန် စနစ်တကျဆောင်ရွက်ခဲ့ပါကြောင်း၊ စာပေဆုရွေးချယ်ရေးအဖွဲ့ကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များသာမက စာပေလောကအတွင်း၌ အတွေ့အကြုံရှိသည့် စာပေထုတ်ဝေဖြန့်ချိသူများဖြင့် ပါဝင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီကို စာပေပညာရှင် ၆၈ ဦးဖြင့်လည်းကောင်း၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ကို စာပေပညာရှင် ၃၆ ဦးဖြင့်လည်းကောင်းဖွဲ့စည်းခဲ့ပြီး ဆုရသင့်၊ ရထိုက်သူများ ဆုရရှိစေရေးအတွက် ပဏာမရွေးချယ်မှုအဆင့်၊ ဆန်ခါတင်ရွေးချယ်မှုအဆင့်၊ အတည်ပြုရွေးချယ်မှုအဆင့်ဆိုပြီး အဆင့်သုံးဆင့်ဖြင့် ပညာရှင်များက လွတ်လပ်စွာ စိစစ်ရွေးချယ်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

၂၀၁၅ ခုနှစ်အတွင်း ပထမအကြိမ်ပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်ပေါင်း ၄၈၀ ထဲမှ အမျိုးသားစာပေဆုအတွက် သတ်မှတ်ထားသော ဘာသာရပ် ၁၆ ခုအနက် ဘာသာရပ် ၁၁ ခု၊ စာပေဗိမာန်စာမူဆုတွင် ပြိုင်ပွဲဝင်စာမူပေါင်း ၂၆၉ စောင်ထဲမှ စာပေဗိမာန်စာမူဆု ချီးမြှင့်ရန် သတ်မှတ်ထားသော ဘာသာရပ် ၁၃ ခုအနက် စာမူပေါင်း ၃၃ စောင်ကို ရွေးချယ်ခဲ့ပြီး ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ဆုရရှိကြသည့် စာပေပညာရှင်အားလုံးအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံ၏အကျိုး၊ အများပြည်သူ၏ အကျိုးအတွက် ကလောင်စွမ်းဖြင့် ဆတက်ထမ်းပိုး ဆက်လက်ဆောင်ရွက်နိုင်ရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း။

တစ်ဆက်တည်းတွင် ခေတ်ပြိုင်မျိုးဆက်သစ် မြန်မာစာဆိုတို့ကိုလည်း "စိတ်ကောင်းရှိမှ စာကောင်းရမည်" ဆိုသည့် ဆရာကြီးဇော်ဂျီ၏ ဩဝါဒစကား အမြဲမှတ်သားပြီး စာပေတာဝန်ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ယုံကြည်မှုအပြည့်၊ အားလုံး မျှော်လင့်တောင့်တနေကြသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်နေချိန်ဖြစ်၍ နိုင်ငံသားအားလုံးက နိုင်ငံကြီးသားပီသစွာဖြင့် ဒီမိုကရေစီကျင့်စဉ်အတိုင်း လိုက်နာကြရန် အထူးအရေးကြီးလှပါကြောင်း၊ သို့အတွက် နိုင်ငံသားများ၏ အတွေးအခေါ်၊ အသိပညာ ပိုမိုခေတ်မီဖွံ့ဖြိုးတိုးတက်ရန်လိုပါကြောင်း၊ အာဆီယံဒေသတွင်းအပါအဝင် နိုင်ငံတကာ၌ ဝင့်ထည်စွာ ရပ်တည်နိုင်ရန်လိုပါကြောင်း၊ အဆိုပါတာဝန်များကို ပြည်သူအားလုံးက ပါဝင်ထမ်းဆောင်နိုင်အောင် စာပေပညာရှင်ကြီးများက အပြုသဘောဆောင်သည့် ပညာဗဟုသုတများဖြန့်ဝေကြရန် တိုက်တွန်းလိုပါကြောင်း။

မိမိတို့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက "ကျွန်တော်တို့ပြုစုရမယ့် စာပေအရေးအသားဟာ ဒီသဘောတရားများနှင့် ပြည့်စုံတဲ့ စာပေမျိုးဖြစ်ရမယ်၊ ဒါမှလည်း ကျွန်တော်တို့ရဲ့စာပေဟာ ကမ္ဘာ့အဆင့်အတန်းကို မီမယ်။ ကမ္ဘာ့အဆင့်အတန်းမီမှ ကျပ်ပြည့် တင်းပြည့် တန်ဖိုးရှိမယ်၊ သို့မှလည်း ယဉ်ကျေးမှုစနစ်ကြီးဟာ တိုးတက်တယ်။ ကျွန်တော်တို့လည်း ကမ္ဘာကြီးနဲ့အတူ ခေတ်နောက်မကျအောင် လိုက်ကြစို့၊ ကမ္ဘာ့ဇာတ်ခုံကြီးမှာ ကမ္ဘာ့တေးသံကိုလိုက်၍ ကနိုင်တဲ့ မြန်မာပြည်ကြီးဖြစ်အောင် ပြုပြင်ကြစို့"ဟု ရေးသားဖော်ပြခဲ့ဖူးကြောင်း၊ ဤသည်ကို စာပေပညာရှင်များအနေဖြင့် စာပေရေးသားပြုစုခြင်းနှင့် ပတ်သက်သည့် လမ်းညွှန်မှုအဖြစ် ခံယူလုပ်ဆောင်သင့်သည်ဟု အကြံပြုပြောကြားလိုပါကြောင်း။



ဒုတိယသမ္မတ ဦးမြင့်ဆွေ အမျိုးသားစာပေတစ်သက်တာဆုရ ဆရာကြီးဦးတင်ခ(တက္ကသိုလ်တင်ခ)အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ယနေ့ကျင်းပသည့် အခမ်းအနားသည် စာပေပညာရှင်ကြီးများ၏ ဝါသနာပေါ်တွင် စေတနာထပ်ဆင့်ပြီး စာပေဂုဏ်မြှင့်တင်နိုင်ခဲ့ကြ၍၊ စာပေတာဝန်ကျေပွန်ခဲ့ကြ၍ နိုင်ငံတော်က ဆုချီးမြှင့်ဂုဏ်ပြုသည့် အခမ်းအနားဖြစ်သောကြောင့် ကာယကံရှင် စာပေပညာရှင်ကြီးများနည်းတူ မိမိတို့လည်း ဝမ်းမြောက်ဝမ်းသာ မုဒိတာပွားကြရပါကြောင်း။

မြန်မာ့သမိုင်းတစ်လျှောက် ရဟန်းစာဆို၊ လူပုဂ္ဂိုလ်စာဆို အသီးသီးသည် စာပေစွမ်းအားဖြင့် မြန်မာ့ဂုဏ်မြင့်မားရန်၊ အကျိုးစီးပွားတိုးတက်ရန် ဆောင်ရွက်ခဲ့သည့် အစဉ်အလာကောင်းများစွာရှိပါကြောင်း၊ ထိုအစဉ်အားမာန်အပြည့်ဖြင့် ဆထက်တိုး ရေးသားပြုစုကြပြီး မိမိနိုင်ငံ၏ ဖွံ့ဖြိုးရှင်သန်မှုလမ်းကြောင်းတွင် တစ်ဖက်တစ်လမ်းက ပါဝင်ကူညီကြရန် နှိုးဆော်တိုက်တွန်းလိုပါကြောင်း။

ယနေ့အချိန်အခါသည် ပြည်သူ ပြောင်းလဲလာမယ်၊ ယဉ်ကျေးမှုစနစ်ကြီး တိုးတက်ပြောင်းလဲခြင်းမရှိဘဲနဲ့ အမျိုးသားခေတ်ပြောင်းတိုးတက်ရေးဟာ ကောင်းစွာမအောင်မြင်နိုင်ပါဘူး။ တစ်ကမ္ဘာလုံးဟာ ယခုအခါ ခေတ်ပြောင်းနေတဲ့ အချိန်အခါကြီးဖြစ် အလာကောင်းများကို ဝါရင့်စာပေပညာရှင်ကြီးများက ထိန်းသိမ်းပြီး မျိုးဆက်သစ် ကလောင်ရှင်များကို လက်ဆင့်ကမ်းပေးကြရန် တိုက်တွန်းလိုပါကြောင်း။ မျိုးဆက်သစ် ကလောင်ရှင်များကလည်း ကျင့်ဝတ်များ၊ နီတိများကို ထိန်းသိမ်းပြီး ခေတ်ကိုထင်ဟပ်နေသော၊ အမျိုးဘာသာ သာသနာကောင်းကျိုးသယ်ပိုးဆောင်ရွက်နိုင်သော၊ နိုင်ငံ့ပုံရိပ်ကို မြှင့်တင်နိုင်သော စာကောင်းပေမွန်များ ရေးဖွဲ့နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက ၂၀၁၅ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရ ဆရာကြီးဦးတင်ခ (တက္ကသိုလ်တင်ခ) အသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း (မနုဿကျော်ဝင်း)တို့က စာပေဗိမာန်စာမူဆု ရရှိကြသူများအား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် စာပေဆုရရှိကြသူများကိုယ်စား ၂၀၁၅ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရ ဆရာကြီး ဦးတင်ခ(တက္ကသိုလ်တင်ခ)က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ၂၀၁၅ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်များ၊ အမျိုးသားစာပေဆုရှင်များ၊ စာပေဗိမာန်စာမူဆုရှင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆုချီးမြှင့်ပွဲအခမ်းအနား မစတင်မီ တာလုံး အားထုတ်ရေးသားပြုစုခဲ့သည့် ပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြု ဂုဏ်ပြုသည့်အနေဖြင့် "အမျိုးသားစာပေတစ်သက်တာဆု"ကို ၂၀၀၁ ခုနှစ်ကစ၍ နှစ်စဉ်ချီးမြှင့်ပေးအပ်ခဲ့သည်။

၂၀၀၁ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ အမျိုးသားစာပေတစ်သက်တာဆုကို တစ်နှစ်လျှင် စာပေပညာရှင်တစ်ဦးကိုသာ ရွေးချယ်ချီးမြှင့်ခဲ့ရာမှ ၂၀၁၂ ခုနှစ်ကစ၍ မြန်မာစာပေဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ကာ သုံးဦးအထိ တိုးတက်ချီးမြှင့်ခဲ့သော်လည်း ၂၀၁၅ ခုနှစ်အတွက်မူ အမျိုးသားစာပေတစ်သက်တာဆုကို နှစ်ဦး ချီးမြှင့်ပေးအပ်နိုင်ခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ပတ္တမြားလှံ့တံဝတ္ထုတိုများ စာအုပ်ဖြင့် အမျိုးသားစာပေဆုရ စာရေးဆရာ သတိုးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ထို့အတူ ယခင်က တစ်သက်တာနှင့် ဆရာကြီးဦးဝင်းမွန် (တက္ကသိုလ်ဝင်းမွန်)ကိုယ်စား သမီးဖြစ်သူ ဒေါက်တာလွင်လွင်မွန်(ပါမောက္ခ၊ မနုဿဗေဒဌာန၊ ရတနာပုံတက္ကသိုလ်) တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးသိန်းဆွေ၊ ဦးအုန်းမောင်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က အမျိုးသားစာပေဆုရရှိသူများအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ စည်သူဒေါက်တာသော်ကောင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)၊ မြန်မာနိုင်ငံစာရေးဆရာ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဆုရစာပေပညာရှင်ကြီးများ၏ မှတ်တမ်းဓာတ်ပုံများနှင့် ဆုရစာအုပ်များ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့က ၂၀၁၅ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရ စာပေပညာရှင်ကြီးနှစ်ဦးအား ချီးမြှင့်သည့် ငွေကျပ် ၁၅ သိန်းစီကို ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးဇော်သိန်းက ပေးအပ်ချီးမြှင့်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်စာပေဆုကို ငွေကျပ်ခြောက်သိန်း ချီးမြှင့်ခဲ့ရာမှ ၂၀၁၃ ခုနှစ်မှစ၍ ငွေကျပ် ၂၅ သိန်းအထိ လည်းကောင်း၊ အမျိုးသားစာပေဆုကိုလည်း ငွေကျပ်သုံးသိန်းချီးမြှင့်ခဲ့ရာမှ ၂၀၁၃ ခုနှစ်မှစ၍ ငွေကျပ် ၁၅ သိန်းအထိလည်းကောင်း၊ စာပေဗိမာန်စာမူဆုများကိုလည်း ယခင်က ပထမဆု ငွေကျပ်တစ်သိန်းခွဲ၊ ဒုတိယဆု ငွေကျပ်တစ်သိန်းနှင့် တတိယဆု ငွေကျပ်ခုနစ်သောင်းခွဲ ချီးမြှင့်ခဲ့ရာမှ ၂၀၁၃ ခုနှစ်မှစ၍ ပထမဆုကို ငွေကျပ်ခုနစ်သိန်း၊ ဒုတိယဆုကို ငွေကျပ်ငါးသိန်း၊ တတိယဆုကို ငွေကျပ်သုံးသိန်းအထိလည်းကောင်း ထပ်မံတိုးမြှင့်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

ပြည်တွင်းရေးရာ

# လူသားတွေအတွက် အကျိုးပြုမယ့် စာပေတွေ ရေးသွားမယ်ဆိုရင် နာမည်တစ်လုံးဟာ တင်ကျန်နေမှာပါ

**မြန်မာစာဆိုတော်ကြီးများသည် ခေတ်အဆက်ဆက် တိုင်းပြည်နှင့်လူမျိုးအကျိုးရှိစေမည့် စာကောင်းပေမွန်များကို အမြောက်အမြားရေးသားဖွဲ့ဆိုခဲ့ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်လည်း တစ်ဖက်တစ်လမ်းမှ စာပေရေးသားခြင်းဖြင့် ပါဝင်ဆောင်ရွက်ခဲ့ကြသူများဖြစ်သည်။ မြန်မာ့စာပေယဉ်ကျေးမှုသည် ရှေးနှစ်ပေါင်းများစွာကတည်းက ပေါ်ပေါက်ခဲ့ပြီး ယနေ့အထိ ရှင်သန်ဖွံ့ဖြိုးလျက်ရှိသည်။ ခေတ်အဆက်ဆက် စာဆိုတော်ကြီးများကလည်း မျိုးဆက်သစ်စာပေပညာရှင်များအား မြန်မာ့စာပေ ဖွံ့ဖြိုးတိုးတက်စေရန် အစဉ်အဆက် လက်ဆင့်ကမ်းအမွေ ပေးခဲ့ကြသူများလည်းဖြစ်သည်။**

**စာပေဖြင့် အသက်မွေးဝမ်းကျောင်းပြုသည့် စာပေပညာရှင်များအား နိုင်ငံတော်မှ နှစ်စဉ် ဂုဏ်ပြုချီးမြှင့်ခြင်းများ ပြုလုပ်လျက်ရှိရာ ယနေ့တွင်လည်း ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် ၂၀၁၅ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ပေးအပ်ချီးမြှင့်ခဲ့သည့်အတွက် ဆုရစာပေပညာရှင်များနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ရေးသားဖော်ပြလိုက်ပါသည်-**

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်**

"အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းတဲ့အနေနဲ့ ဒီကနေ့မှာ စာပေဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပတာဖြစ်ပါတယ်။ ဒီခေတ်မှာ တချို့က ပြောကြတာတွေရှိတယ်။ စာဖတ်တာ နည်းလာတယ်ဆိုပြီးပြောလာတာရှိတယ်။ လူငယ်တွေ စာမဖတ်ဘူးပေါ့။ ကျွန်တော့်အမြင်ကတော့ ဒီခေတ်မှာ စာအုပ်စာတမ်းတွေ အများကြီးထွက်လာတယ်။ စာအုပ်ဆိုင်တွေလည်း အများကြီး ပေါ်လာတယ်။ စာအုပ်ရောင်းပွဲတို့ စာအုပ်ဈေးပွဲတော်တို့လိုလည်း ကျင်းပတယ်။ အဲဒီမှာ စာအုပ်ဝယ်ယူဖတ်ရှုသူတွေလည်း အများကြီးများလာတယ်။ စာဖတ်ခြင်းကြောင့် နိုင်ငံသူ နိုင်ငံသား လူကြီး လူငယ်တွေ အသိပညာ ဖွံ့ဖြိုးတိုးတက်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်။

ဒီလို စာပေဆုချီးမြှင့်ပွဲတွေ၊ တခြားစာပေဆုချီးမြှင့်ပွဲတွေ၊ စာပေဆိုင်ရာ ပွဲလမ်းသဘင်အခမ်းအနားတွေ စာပေကို တိုးတက်အောင် မြှင့်တင်တဲ့ အစီအစဉ်တွေ လုပ်ပေးခြင်းအားဖြင့် ကျွန်တော်တို့ လူမျိုးရဲ့ အသိဉာဏ်ဟာ ပိုပြီး ဖွံ့ဖြိုးတိုးတက်လာမယ်။ အဲဒါဆိုရင် ကမ္ဘာနဲ့ ရင်ပေါင်တန်းပြီးတော့ ကျွန်တော်တို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✿



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာဖေမြင့်



ဦးတင်ခ
(တက္ကသိုလ်တင်ခ)



ဦးစိန်ဝင်း(ခ)
Terence Tan



ဆရာ ဝိသုဇ္ဇက(ပဲခူး)



ဆရာမ မေဇွန်အေး



ဆရာ ဇော်လွင်ဦး(ဟသ်ာတ)

## အမျိုးသားစာပေဆု

| စဉ် | ဘာသာရပ် | စာအုပ်အမည် | စာရေးသူ |
|---|---|---|---|
| ၁။ | ဝတ္ထုတိုပေါင်းချုပ် | ပတ္တမြားလှံ့တံဝတ္ထုတိုများ | သတိုး |
| ၂။ | ကဗျာပေါင်းချုပ် | ပန်းနုကြည်ပြာကဗျာများ | ဇော်မျိုးဟန်(ငါးသိုင်းချောင်း) |
| ၃။ | စာပဒေသာ | ကျမ်းများအဆီ ဘာရတီနှင့်အခြားဆောင်းပါးများ | ဒေါက်တာမခင်မြင့် |
| ၄။ | မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ | မြန်မာနိုင်ငံ ခေတ်ပြားသမိုင်း သုတေသနကျမ်း(၁၈၅၇-၁၉၇၇) | သုတေသီမောင်မောင် |
| ၅။ | ကလေးစာပေ | တာဝန်ကိုယ်စီရှိကြသည်နှင့် ကလေးဝတ္ထုတိုများ | ချမ်းဝဏ္ဏစိုးဝင်း(တိုက်ကြီး) |
| ၆။ | ဘာသာပြန်(သုတ) | ခရီးကန္တာ | ညိုအံ့ |
| ၇။ | သုတပဒေသာ(ဝိဇ္ဇာ) | တနင်္သာရီတိုင်းဒေသကြီး နောက်ခံ သမိုင်းမှတ်စု | မောင်လေးတင့် |
| ၈။ | သုတပဒေသာ (အသုံးချသိပ္ပံ) | ရင်သွေးတို့အရွယ်သဘာဝအလိုက် ပြုစုပျိုးထောင်ရေး | ဒေါက်တာခင်မျိုးဟန် (ကလေးအထူးကုဆရာဝန်ကြီး) |
| ၉။ | နိုင်ငံရေးစာပေ | ဖဆပလခေတ် မြန်မာ့နိုင်ငံရေးသမိုင်း (၁၉၄၈-၁၉၅၈) | ပါမောက္ခ ဒေါက်တာစန်းစန်းမြင့် |
| ၁၀။ | အင်္ဂလိပ်ဘာသာရပ်(သုတ) | Ancient Jewellery of Myanmar From Prehistory to Pyu Period | Terence Tan |
| ၁၁။ | အင်္ဂလိပ်ဘာသာရပ်(ရသ) | Beloved Country | Aung Myo Min |

## စာပေဗိမာန်စာပေဆုရသူများ

| စဉ် | ဘာသာရပ် | ဆုအမျိုးအစား | စာမူအမည် | စာရေးသူ |
|---|---|---|---|---|
| ၁။ | ဝတ္ထုရှည် | ပထမဆု | ရက်ကန်းစင်တောင်ခြေတွင် ရှင်မွေးလွန်းနေသည် | စျာန်လင်းထက် |
| | | ဒုတိယဆု | မီးငှက်တစ်ကောင်ရဲ့ ခြသေ့်လည်ပြန် | တောင်တွင်းကိုရင်ညြ |
| | | တတိယဆု | အရာတော်ကမ်းကလွမ်းမပြေ | ဇော်လွင်ဦး(ဟသ်ာတ) |
| ၂။ | ဝတ္ထုတိုပေါင်းချုပ် | ပထမဆု | ယောပုဆိုးနှင့်ကြွခဲ့ပါ အပါအဝင် အခြားဝတ္ထုတိုများ | သုတိဩဘာ(ဆင်ပေါင်ဝဲ) |
| | | ဒုတိယဆု | နှလုံးသားထဲက ခဲလက်ရေးနှင့် အခြားဝတ္ထုတိုများ | မောင်နေခြည်(ပြည်) |
| | | တတိယဆု | အရုဏ်ကျင်းလို့ လင်းလုပြီကိုနှင့် အခြားဝတ္ထုတိုများ | ကံမြင့်မော် |
| ၃။ | ကဗျာပေါင်းချုပ် | ပထမဆု | မိုးသောက်ဂီတကဗျာများ | ချမ်းမြသော် |
| | | ဒုတိယဆု | ဝေရဲရဲကြွေရဲရဲ စေတနာပန်းပွင့်များ | ခက်လှိုင်းကျော် |
| | | တတိယဆု | မြန်မာ့ဂုဏ်ရည် | ဆန်းလွင်(မြန်မာစာ) |
| ၄။ | သုတပဒေသာ (ဝိဇ္ဇာ) | ပထမဆု | စည်းခုံတော်သမိုင်းနှင့် စစ်ကိုင်းတွင် မော်ကွန်းတင်ခဲ့သည့် ပုဂ္ဂိုလ်များ | နန္ဒာမင်းလွင် |
| | | ဒုတိယဆု | သူ့ကျွန်မခံ ဆရာစံ | ဖွဲ့သန်းသျှင်း(သုံးဆယ်) |
| | | တတိယဆု | စက်တော်ရာအနုပညာ | မောင်ယဉ်လှိုင်း(ပျဉ်းမမြိုင်) |
| ၅။ | သုတပဒေသာ (သိပ္ပံနှင့် အသုံးချ သိပ္ပံပညာရပ်) | ပထမဆု | မြန်မာ့သိပ္ပံနည်းကျ တိရစ္ဆာန်ဆေးကုပညာ | အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်) |
| | | ဒုတိယဆု | စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု အားလုံး၏ရည်ရွယ်ချက် | ဒေါက်တာစန်းဝင်း (သစ်တောတက္ကသိုလ်) |
| | | တတိယဆု | အိပ်စက်ခြင်းနှင့်ကျန်းမာရေး | ဒေါက်တာမြင့်သန်း (ညောင်လေးပင်) |
| ၆။ | စာပဒေသာ | ပထမဆု | မဲဇာမြိုင်ဂနိုင်တွင်းမှာ ပန်းတစ်ခင်းပျိုးခဲ့တယ် | ရွှေညောင်မြေ မောင်စန်းမြင့် |
| | | ဒုတိယဆု | ကန္တာရဝတီငွေတောင်ပြည်သို့ | ဇော်လွင်ဦး(ဟသ်ာတ) |
| | | တတိယဆု | မေရှင့်ဘဝ ဂီတတရပ်ရှင် | ဦးသောင်းငွေ |
| ၇။ | မြန်မာ့ယဉ်ကျေးမှု နှင့် အနုပညာ ဆိုင်ရာစာပေ | ပထမဆု | မြန်မာနှင့် ပန်းချီအနုပညာ ပြတိုက်များ | ပန်းချီ မိုးကျော်သန့် |
| | | ဒုတိယဆု | ပန်းပဲစွမ်းအား မြန်မာ့မင်းလမ်းခေား | ဇော်လွင်ဦး(ဟသ်ာတ) |
| | | တတိယဆု | ရက္ခပူရ ယဉ်ကျေးမှုအလှ | ဝိသုဇ္ဇက(ပဲခူး) |
| ၈။ | ကလေးစာပေ | ပထမဆု | နေခြည်နုနု ပန်းကလေးများ | မေဇွန်အေး |
| | | ဒုတိယဆု | ဖူးငုံပန်းကလေးများ လန်းလန်း ရွှင်ရွှင် အပြုံးဝေဝေလွင်နှင့် အခြားကလေး ဝတ္ထုတိုများ | ဝမ်းထက်မိုး(ဇိန့်-အောင်လံ) |
| | | တတိယဆု | ငြိမ်းချမ်းတဲ့ဆု ကလေးကဗျာများ | နန္ဒာမိုးကြယ် |
| ၉။ | လူငယ်စာပေ | ပထမဆု | စာသင်ခွင့်ရ တစ်ခဏနှင့် ပညာတော်သင် ကာလ အမှတ်တရပေးစာများ | အောင်နှင်း |
| | | ဒုတိယဆု | မြစ်ဧရာနဒီကြောဝယ် | ကိုရွှေသံ(မြန်မာစာ) |
| ၁၀။ | ပြဇာတ်စာပေ | ပထမဆု | ရာမယဏ ဆို၊ ငို၊ ပြော ဇာတ်တော်ကြီး | ဝဇီရာဝင်းကြည် |
| | | ဒုတိယဆု | မခွေရက် ကြွေရက်ကယ်မျော | ကြာညိုချစ်ဝေ(ရွှေသုတ်မြေ) |
| | | တတိယဆု | ပန်သစ္စာဆိုခဲ့ဖူးပါသည်နှင့် ပြဇာတ်တိုများ | ဝတ်ရည်ခင်(ပဲခူး) |
| ၁၁။ | အင်္ဂလိပ်စာမူ | ပထမဆု | Amnesty Winning Poems During Myanmar Monarchy | မေဂျီစိုး |
| | | ဒုတိယဆု | Myanmar Ramayana (Manuscript) | Ye Dway |
| | | တတိယဆု | Wanderings in and around Yangon and Other Articles | Dr. Saw Mra Aung |
| ၁၂။ | ဘာသာပြန်စာပေ | ပထမဆု | အုပ်ချုပ်မှုနှင့် နိုင်ငံသားဖြစ်မှု | တင်မောင်သန်း(ရွာမ) |

# ပြည်တွင်းရေးရာ

**❁ စာမျက်နှာ ၉ မှ**

ဆောင်ရွက်နိုင်ကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း စာရေးဆရာ ဖြစ်ပါတယ်။ ကျွန်တော့်ရှေ့က စာရေးသူတွေရေးခဲ့တဲ့ စာပေတွေ ဖတ်ရှုပြီး ကိုယ်တိုင်လည်း ရေးသားချင်စိတ်ရှိလာတဲ့အခါ ကိုယ်တိုင်ရေးသားပြီး စာရေးသူဖြစ်လာပါတယ်။ ဒီလိုပဲ ဒီကနေ့ ဆုရတဲ့ ဆရာကြီး၊ဆရာမကြီးတွေရဲ့ စာပေတွေကို ဖတ်ရှုပြီးတဲ့နောက် လူငယ်မျိုးဆက်သစ်တွေလည်းပဲ အလားတူ ဒီစာတွေကနေ စိတ်ကူးစိတ်သန်းတွေရမယ်။ တို့တွေလည်း ဒီလို စာမျိုးပြောင်မြောက်တဲ့ လက်ရာတွေ ဖန်တီးမယ်ဆိုတဲ့ စိတ်အားထက်သန်မှုတွေရမယ်။ စိတ်အားထက်သန်ပြီးရေးသားခြင်းအားဖြင့် သူတို့ကိုယ်တိုင်အတွက်လည်း အောင်မြင်မှုတွေရသလို မြန်မာစာပေအတွက်လည်း ပိုပြီးဖွံ့ဖြိုးတိုးတက်မှုတွေဖြစ်စေမယ်လို့ မြင်ပါတယ်။"

**ဦးတင်ခ(တက္ကသိုလ်တင်ခ) အမျိုးသားစာပေတစ်သက်တာဆု**

"စာပေလောကထဲမှာ နှစ်ပေါင်းများစွာ စာပေကို ပြုစုပျိုးထောင်ပြီး အသက်မွေးဝမ်းကျောင်းပြုတဲ့ သူတွေကို တစ်သက်တာစာပေဆုပေးတာပါ။ စာပေနဲ့ စာနယ်ဇင်းမှာက ဥက္ကဋ္ဌ။သတင်းနဲ့ စာနယ်ဇင်းမှာ ဦးဆောင်ညွှန်ကြားရေးမှူးလုပ်ခဲ့တာဆိုတော့ စာပေလောကထက် အထူးသဖြင့် သတင်းသမားအဖြစ်က ပိုများတာပေါ့ ။ အမျိုးသားစာပေဆုရွေးတဲ့အခါမှာလည်း ပါဝင်ဆောင်ရွက်ခဲ့ဖူးတဲ့သူတစ်ယောက်အနေနဲ့ ကိုယ်တိုင်လည်း အမျိုးသားစာပေ တစ်သက်တာဆုရွေးချယ်ခံရတယ်ဆိုရော။ အထူးသဖြင့် ဒီခေတ်ဒီမိုကရေစီခေတ်မှာ အများဆန္ဒအရ ရွေးချယ်ခံရတယ်ဆိုတော့ ဝမ်းသာမိတာပေါ့။ဆက်ပြီးတော့လည်း စာပေကို ပြုစုပျိုးထောင်မယ်။ တတ်နိုင်သလောက် လူငယ်တွေအတွက်စာပေတွေကို ကြိုးစားပြီးရေးသွားမယ်။

စာရေးဆရာဆိုတာ သူများကိုချမ်းသာအောင်နည်းပေးလမ်းပြရေးသားကြပေမယ့် သူတို့ကိုယ်တိုင်ကတော့ ချမ်းသာတဲ့သူရှားတယ်။စာရေးဆရာကောင်းဖြစ်ဖို့အဓိက ဇွဲပဲ စွဲစွဲမြဲမြဲလုပ်ရမယ်။ စိတ်ဓာတ်ကျလို့မရဘူး။ဒီတစ်ခါ အဖော်ပြမခံရရင်လည်း ဆက်ရေး။နောက်တစ်ခါ ဖော်ပြမှာပဲ။ကြိုးစားပါ ဘဝဒဏ်၊ လောကဒဏ်ကို ခံနိုင်အောင် မှတ်သားသတိဆောင်ဆိုတဲ့ ပါမောက္ခ ဦးအေးမောင်ရေးခဲ့တဲ့ ကဗျာလေးလိုပဲ။ ကြိုးစားကြရင်တော့ စာပေအတွက်ရော လူမျိုးအတွက်ပါ အကျိုးရှိမှာပါ။

ရသစာပေရော၊ သုတစာပေရော အရေးပါတာပဲ။ဘယ်လို စာပေမဆို၊ ဘာအလုပ်မဆို ရိုးရိုးသားသားနဲ့ တစိုက်မတ်မတ်လုပ်သွားမယ်။စာပေရေးသားတဲ့အခါမှာ လူသားတွေအတွက် အကျိုးပြုမယ့် စာပေတွေ ရေးသွားမယ်ဆိုရင် နာမည်တစ်လုံးဟာ တင်ကျန်နေမှာပါပဲ။ဒ့ါကြောင့် လူငယ်တွေကြိုးစားပါ။ စာဖတ်ပါ၊ ဖတ်သမျှထဲက အကျိုးရှိမယ့် စာပေအသိတွေကို မှတ်သားလိုက်နာပါလို့ ပြောချင်ပါတယ်။"

**ဦးစိန်ဝင်း(ခ) Terence Tan (အင်္ဂလိပ်ဘာသာ သုတဆု၊အမျိုးသားစာပေဆု)**

"မြန်မာနိုင်ငံမှာရှိတဲ့ ရှေးဟောင်း ပျူခေတ်နဲ့ ပျူခေတ်မတိုင်မီကရှိခဲ့တဲ့ လက်ဝတ်ရတနာတွေအကြောင်းကို အင်္ဂလိပ်လို ရေးသားဖော်ပြထားတဲ့ (Acient Jewellery of Myanmar from Prehistory to Pyu Period) စာအုပ်နဲ့ ဆုရတာပါ။ဒီစာအုပ်က နိုင်ငံခြားမှာ ပညာရေးအတွက် စာတမ်းပြုစုသူတွေကို များစွာအထောက်အကူပေးနိုင်မယ်လို့ ယူဆပါတယ်။ ပျူခေတ်မှာရှိတဲ့ ယဉ်ကျေးမှုလက်ရာ၊လက်ဝတ်ရတနာတွေ၊ ရွှေလက်ဝတ်လက်စားတွေ ဘယ်လိုတိုးတက်ခဲ့သလဲ။ ပျူခေတ်မတိုင်မီက ပုတီးယဉ်ကျေးမှု ဘယ်လိုထွန်းကားခဲ့သလဲ ဒါမျိုးတွေကို သေချာလေ့လာပြီး ရေးသားဖော်ပြခဲ့ပါတယ်။

အဓိကက ကိုယ့်နိုင်ငံရဲ့ ကြွယ်ဝချမ်းသာမှု၊ သမိုင်းယဉ်ကျေးမှုတွေကို မြန်မာနိုင်ငံသာမက နိုင်ငံတကာကပါ သိအောင် ဖော်ပြချင်လို့ အခုလို ရေးသားပြီး ထုတ်ဝေဖြစ်ခဲ့တာဖြစ်ပါတယ်။ ဒီစာအုပ်ဖြစ်ဖို့ အနှစ် ၂၀လောက် လေ့လာပြုစုခဲ့တာ ဖြစ်တဲ့အတွက် အခုလို ဆုချီးမြှင့်ခံရတော့ ပြုစုရကျိုးနပ်တာပေါ့။ ဝမ်းလည်းသာပါတယ်။ ဒီစာအုပ်က နောက်ထပ် စာတမ်းပြုစုမယ့်သူတွေအတွက် အထောက်အကူ ပြုပေးနိုင်မယ်ဆိုရင်လည်း အတိုင်းမသိဝမ်းသာမိမှာပါ။"

**ဆရာ ဝိသဇ္ဇက(ပဲခူး) (မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေတတိယဆု၊ စာပေဗိမာန်စာမူဆု)**

"ရက္ခပူရ ယဉ်ကျေးမှုအလှစာအုပ်နဲ့ ဆုရတာပါ။ဆုရမယ်လို့တောင် ထင်မထားမိပါဘူး။ ရခိုင် လူမျိုးတွေရဲ့ ဘာသာရေးနဲ့ ယဉ်ကျေးမှု၊ ရခိုင်လူမျိုးတွေရဲ့ သမိုင်းကြောင်းတွေအပြင် ကျောက်စာတွေ။ နောက်ပြီး ရခိုင်အသုံးအနှုန်းတွေ အများကြီးပါပါတယ်။ဆုရတော့ ဝမ်းသာမိပါတယ်။

အခုနှစ်မှာဆို ပြည်ထောင်စုဝန်ကြီးက ကလေးစာပေတွေ။ ကဗျာတွေကို ပိုပြီးအားပေး အလေးထားဆောင်ရွက်လာတာတွေ့ရတယ်။သတင်းစာတွေထဲမှာ ကလေးတွေအတွက် ကာတွန်းကဏ္ဍလေးတွေ ပါလာတာတွေ့ရတယ်။ ဒါဟာ အင်မတန်ကောင်းမွန်တယ်လို့ ထင်မိတယ်။ တကယ်တော့ ကလေးတွေအတွက် ပြင်ပဗဟုသုတနဲ့ တခြားစာပေတွေဖတ်ရှုဖို့ အများကြီးလိုအပ်တယ်။ မိဘတွေကလည်း ဘာသာရပ်ဆိုင်ရာတွေမှာ ထူးချွန်ဖို့အတွက်ပဲ အလေးထားပြီး ကျောင်းပြီး ကျူရှင် ၊ကျူရှင်ပြီး ကျောင်းဆိုတော့ ကလေးတွေမှာ ကိုယ်ပိုင်ချိန်မရှိသလောက်ဖြစ်နေတာတွေ့ရတယ်။ဒါဟာမှားတယ်၊ကလေးတွေအတွက် ရေးထားတဲ့ စာပေက ကလေးတွေရဲ့စိတ်ကို နူးညံ့စေတယ်။ လိမ္မာစေတယ်။ စာပေကို ဖတ်ရှုဖို့ မိဘတွေကလည်း ကလေးတွေကို အားပေးဖို့လိုမယ်ထင်ပါတယ်။"

**ဆရာမ မေဖွန့်အေး(ကလေးစာပေ ပထမဆု၊ စာပေဗိမာန် စာမူဆု)**

"နေခြည်နုနု ပန်းကလေးများဆိုတဲ့ ကလေးစာပေအမျိုးအစားနဲ့ ဆုရတာပါ။ဆုကြေညာတဲ့အထဲပါတဲ့အတွက် အံ့သြဝမ်းသာဖြစ်ခဲ့ရပါတယ်။ တကယ့် ကလေးစာပေစစ်စစ်ပါ။ ကလေးတွေရဲ့ ရင်ထဲကို ဝင်ကြည့်ပြီးရေးထားတာပါ။ ပြိုင်ပွဲမဝင်တော့ဘူးလို့ ဆုံးဖြတ်ပြီး လစဉ်ထုတ် မဂ္ဂဇင်းတွေမှာပဲ အားကောင်းမောင်းသန် ရေးရင်တာဝန်ကျေပြီဆိုပြီး ရေးခဲ့ပါတယ်။ အခုပြိုင်ပွဲဝင်ဖို့ ရက်ကလည်းမီသွားတယ်။ ပုဒ်ရေကလည်းပြည့်သွားတယ်။ အချိန်တွေ၊ ကန့်သတ်ချက်တွေက ပြည့်မီသွားတော့ ပြိုင်ဖြစ်သွားတယ်။ ဘာပဲဖြစ်ဖြစ် ကိုယ့်ရဲ့ အားစမ်းမှုတစ်ခုလည်း ပြောလို့ရပါတယ်။ဆုဆိုတာကို စိတ်ထဲလည်း မထားခဲ့ဘူး။ စာပေဗိမာန် ရွေးချယ်ရေးအဖွဲ့က ရွေးချယ်တဲ့အတွက် ဆုဆိုတာ လူတိုင်းအတွက် အထွတ်အထိပ်တစ်ခုပေါ့။ ကိုယ်လျှောက်တဲ့ စာပေလမ်းခရီးမှာ ဒီဆုတွေက တစ်တပ်တစ်အားဖြစ်စေတယ်။ တာဝန်လည်းကြီးသွားတယ်။ ကလေးတွေအတွက် အထူးသဖြင့် လုပ်ရမယ့်အလုပ်တွေအများကြီး ဖြစ်သွားတာပေါ့။"

**ဆရာ ဇော်လွင်ဦး(ဟသ်ာတ)(မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ ဒုတိယ၊ ဝတ္ထုရှည် တတိယ၊ စာပဒေသာ ဒုတိယ၊ စာပေဗိမာန်စာမူဆု)**

"ဒီနှစ်ရတဲ့ ဆု သုံးဆုလုံးက မတူကွဲပြားတဲ့ သုံးမျိုးလို့ပြောလို့ရပါတယ်။ ဝတ္ထုရှည်က ရသစာပေစစ်စစ်ဖြစ်ပါတယ်။ မြန်မာ့ယဉ်ကျေးမှုနဲ့ အနုပညာကတော့ သုတေသနလုပ်ထားတဲ့ သုတစစ်စစ်ပါ။စာပဒေသာကတော့ သုတရသရောထားတာကို ရသဘောင်ဝင်အောင်ရေးရတဲ့ စာပေပေါ့။အခုလို ဆု သုံးဆုချီးမြှင့်ခံရတဲ့အတွက် အလွန်ပဲ ဝမ်းသာမိပါတယ်။

စာပေရဲ့ သဘောက ကိုယ်တိုင်ဖတ်နိုင်ရင် ဖတ်၊ မဖတ်နိုင်ရင် စာပေပညာရှင်တွေ ဟောပြောတဲ့ ဟောပြောပွဲတွေမှာ နားထောင်သင့်တယ်။ အဲ့လိုနားထောင်ရင် ဗဟုသုတလည်းရမယ်၊စာပေကြောင့် အသိဉာဏ်တွေလည်းရှိလာမယ်။ အခုနောက်ပိုင်း စာပေဟောပြောပွဲတွေ လုပ်လာတာ အများကြီးကောင်းပါတယ်။

နောက်ပြီး လူငယ်တွေ စာဖတ်စေချင်သလို ကိုယ်တိုင်လည်း စာရေးကြစေချင်ပါတယ်။ လူငယ်တွေမှာ အတွေ့အကြုံကောင်းတွေ အများကြီးရှိပါတယ်။ ခေတ်ကာလကပြောင်းလာတော့ သူတို့သိလာတဲ့ အသိတွေကို စာရေးပြီး ပြန်လည်မျှဝေစေချင်ပါတယ်။

နောက်တစ်ခုက ကလေးစာပေတွေကိုလည်း ဒီထက် ပိုပြီးထွက်ရှိလာစေချင်ပါတယ်။ ရုပ်ပြတို့၊ ကာတွန်းတို့ကလည်း ကလေးတွေကို ဗဟုသုတတွေ ပေးစွမ်းနိုင်ပါတယ်။ အဲဒီစာအုပ်တွေကနေမှ တဖြည်းဖြည်း ကလေးတွေက ဗဟုသုတဖြစ်ဖွယ်စာအုပ်တွေ၊ သုတ၊ရသ စာအုပ်တွေ ရှာဖွေ ဖတ်လာကြမှာပါ။ နိုင်ငံတော်က အခုဆို ကလေးစာပေကို ပိုပြီး အားပေးလာသလို စာရေးဆရာတွေကလည်း ကြိုးစားပြီးရေးနေကြတယ်။ ဒါတိုင်းပြည်အတွက် ကောင်းတဲ့ လက္ခဏာပါ။ကျောင်းတွေမှာလည်း စာကြည့်တိုက်တွေ ရှိဖို့လိုပါတယ်။"

**စုစည်းရေးသားသူ-သီသီမင်း/ဓာတ်ပုံ ခင်မောင်ဝင်း(ကြေးမုံ)**

**❒ သုံးနိုင်ငံချစ်ကြည်ရေးမှ**

ထိုင်းနိုင်ငံသို့ အမှတ်(၁)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ထွက်ခွာခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့ ဒီခရီးစဉ်မှာ မတူညီတဲ့ မြန်မာ-အိန္ဒိယ-ထိုင်း သုံးနိုင်ငံဖြစ်ပေမယ့် တူညီတာကတော့ အားလုံးက ဗုဒ္ဓဘာသာဝင်နိုင်ငံတွေပါ၊ မတူညီတဲ့ ယဉ်ကျေးမှုတွေ၊ မတူညီတဲ့နိုင်ငံတွေကနေပြီးတော့ ချစ်ကြည်ရင်းနှီးမှုနဲ့ အလုပ်တွေအများကြီးလုပ်ဖို့ကိုလည်း ဆွေးနွေးဖြစ်ခဲ့ကြပါတယ်"ဟု မြန်မာအဖွဲ့မှ ရုပ်ရှင်သရုပ်ဆောင် ကိုဝေဠုကျော်က ပြောကြားသည်။

အဆိုပါ ချစ်ကြည်ရေးပြိုင်ပွဲဝင် မော်တော်ယာဉ်များသည် စုစုပေါင်း မော်တော်ယာဉ် အစီး ၂၀ ဖြင့် မြန်မာနိုင်ငံသား ခုနစ်ဦး၊ ထိုင်းနိုင်ငံသား ခြောက်ဦးနှင့် အိန္ဒိယနိုင်ငံသား ၄၃ ဦး စုစုပေါင်း ၆၅ ဦးပါဝင်ကာ ခရီးစဉ်များတွင် မြန်မာနိုင်ငံအပိုင်း စီစဉ်သူအနေဖြင့် Myanmar Travels Co.,Ltd မှ MD ဦးတံခွန်အဖွဲ့က စီစဉ်ဆောင်ရွက်ပေးခြင်း ဖြစ်သည်။ အလားတူ မြဝတီမြို့သို့ရောက်ရှိလာသည့် အဆိုပါမော်တော်ယာဉ်အဖွဲ့အား မြဝတီခရိုင်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနရုံးမှ ဦးစီးအရာရှိ ဒေါ်ချောကြည်ကြည်နှင့် ဝန်ထမ်းများကလည်း လိုအပ်သည်များကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး အဆိုပါ ချစ်ကြည်ရေးပြိုင်ပွဲဝင် မော်တော်ယာဉ်များသည် ဒီဇင်ဘာ ၇ ရက်နေ့တွင် ထိုင်းနိုင်ငံမှ မြဝတီမြို့သို့ ပြန်လည်ရောက်ရှိမည်ဖြစ်ပြီး မြဝတီမြို့မှတစ်ဆင့် ကျိုက်ထီးရိုး၊ ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ ပုဂံ၊ ကလေး၊ တမူးမြို့သို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

**❂ နိုင်ငံတကာပွဲများမှ**

ပွဲထွက်ခဲ့ပြီး ရတနာပုံအသင်းမှာမူ ခေါ်ယူစမ်းသပ်နေသည့် နိုင်ငံခြားသားကစားသမားများအပါအဝင် ပြည်တွင်းအရန်ကစားသမားများဖြင့် ယှဉ်ပြိုင်ခဲ့သည်။ ရတနာပုံအသင်းသည် ပထမဆုံးရာသီကြို ခြေစမ်းပွဲအဖြစ် ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီးခေါ်ယူစမ်းသပ်နေသည့် နိုင်ငံခြားသားကစားသမားများက ၂၂၊ ၅၂ မိနစ်တွင် ဦးဆောင်ဂိုးများ သွင်းယူခဲ့သည်။ မြန်မာယူ-၂၂ အသင်းအတွက် ချေပဂိုးများကို ၂၇ မိနစ်တွင် ရှိုင်းသူရနှင့် ၆၂ မိနစ်တွင် နန်းဝေမင်းတို့က သွင်းယူခဲ့သည်။မြန်မာယူ-၂၂ အသင်းသည် ပထမဆုံး ခြေစမ်းပွဲအဖြစ် ဧရာဝတီအသင်းနှင့်ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုး-တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်၊ဓာတ်ပုံ-ဇေသူအောင်**

## Eleven Media Group ၏ CEO နှင့် အယ်ဒီတာချုပ်တို့ အမှုအာမခံလျှောက်ထားမှု ပယ်ချခံရ

**ရန်ကုန် နိုဝင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုထားသော Eleven Media Group ၏ CEO နှင့် အယ်ဒီတာချုပ်တို့အား ယနေ့နံနက်ပိုင်းက ရုံးထုတ်ခဲ့ပြီး စွပ်စွဲခံရသူတို့ဘက်မှ အာမခံလျှောက်ထားမှုအပေါ် တာမွေမြို့နယ် တရားရုံးက ပယ်ချလိုက်ကြောင်း အဆိုပါ တရားရုံးမှသိရသည်။

"စွပ်စွဲခံရသူ နှစ်ဦးနဲ့ ပတ်သက်ပြီး စွဲတင်လာတဲ့ အမှုက ဆက်သွယ်ရေးဥပဒေအရ စွဲဆိုလာတာပါ။ ဒီပုဒ်မက အာမခံပေးလို့မရတဲ့ ပုဒ်မဖြစ်နေတယ်။ တင်ပြလာတဲ့ဆေးမှတ်တမ်းအထောက်အထားတွေကလည်း ပြင်ပပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းတွေက ဆေးမှတ်တမ်းတွေ ဖြစ်နေတဲ့အတွက် အာမခံလျှောက်ထားမှုကို ပလပ်လိုက်ခြင်းဖြစ်ပါတယ်"ဟု တာမွေမြို့နယ် တရားသူကြီးက မြန်မာ့သတင်းစဉ်ကို ပြောကြားသည်။

ထို့အပြင် စွပ်စွဲခံရသူတို့အနေဖြင့် လတ်တလော အကျဉ်းထောင်(အချုပ်)တွင်နေစဉ် ကျန်းမာရေးကြောင့် အရေးပေါ်ကုသမှုခံယူနေရသည်ဆိုသည်နှင့် ပတ်သက်၍ အကျဉ်းထောင် ဆေးရုံမှတ်တမ်း တာဝန်ခံ၏ ထောက်ခံတင်ပြထားသည့် အထောက်အထားများကို တင်ပြနိုင်ခြင်း မရှိကြောင်း၊ ထို့အပြင် တရားလိုဘက်မှ တင်ပြထားသော သက်သေ ၁၂ ဦးကို စတင်စစ်ဆေးရခြင်း မရှိသည့် အခြေအနေဖြစ်ကြောင်း၊ အာမခံမပေးနိုင်သည့် ပုဒ်မ အပြင် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၉၇ အရ အာမခံပေးရန် ခိုင်လုံသောအကြောင်း ပေါ်ပေါက်ခြင်းမရှိ၍ အာမခံလျှောက်ထားချက်အား ပလပ်လိုက်ခြင်းဖြစ်သည်ဟု ၎င်းက ဆိုသည်။

အဆိုပါ အမှုကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ ညွှန်ကြားရေးမှူး ဦးမိုးဟိန်းက တရားလို ပြုလုပ်၍ Eleven Media Group ၏ CEO ဒေါက်တာ သန်းထွဋ်အောင်နှင့် အယ်ဒီတာချုပ် ဦးဝေဖြိုးတို့အား ဆက်သွယ်ရေး ဥပဒေပုဒ်မ-၆၆(ဃ) ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး တာမွေမြို့နယ် ရဲစခန်းက နိုဝင်ဘာ ၂၅ ရက်တွင် မြို့နယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့သည်။

ယင်းအမှုကို တာမွေမြို့နယ် တရားရုံးက ရာဇဝတ်ကြီး အမှုအမှတ်-၈၁၅/၂၀၁၆ ဖြင့် လက်ခံစစ်ဆေးလျက်ရှိပြီး စွပ်စွဲခံရသူ ဒေါက်တာသန်းထွဋ်အောင်၏ အကျိုးဆောင်ဖြစ်သူ တရားလွှတ်တော်ရှေ့နေ ဦးကျော်လင်းက ၎င်း၏ အမှုသည်မှာ ကျန်းမာရေးမကောင်းကြောင်း၊ အစာအိမ်နှင့်နှလုံးသွေးကြောကျယ်သည့် ဝေဒနာနှင့် လည်ပင်းကြီးပေါင်း၊ အစာအိမ်ရောဂါတို့ဖြစ်ပွားနေသည့်အတွက် ဆေးကုသနေရကြောင်း၊ နှလုံးရောဂါကြောင့် အချိန်မရွေး သေဆုံးသွားနိုင်ကြောင်း၊ ထောင်ကြီးချုပ်အတွင်းမှာပင် ဆေးဝါးကုသမှုခံယူနေရကြောင်း၊ ဆေးကုသခဲ့မှု မှတ်တမ်းများကိုလည်း ရုံးတော်သို့ တင်ပြထားပြီးဖြစ်ကြောင်း၊ ထို့အပြင် ၎င်း၏ အမှုသည်မှာ ထွက်ပြေးတိမ်းရှောင်မည့်သူမဟုတ်သည့်အတွက် အာမခံပေးသင့်ကြောင်း၊ ယင်းကဲ့သို့ အမှုမျိုးကို ပြီးခဲ့သည့်ရက်ပိုင်းအတွင်းကလည်း ပြည်မြို့နှင့် လှည်းကူးမြို့နယ် တရားရုံးတို့က အာမခံပေးခဲ့သည့် သာဓကများရှိကြောင်းတို့ကို မြို့နယ်တရားသူကြီးထံတင်ပြလျှောက်ထားပြီး အားမခံပေးရန် နိုဝင်ဘာ ၂၅ ရက်က လျှောက်လဲချက်ပေးခဲ့ကြောင်း သိရသည်။

"ဒီနေ့ အာမခံလျှောက်တယ်။ တရားရုံးက အချက်နှစ်ချက်နဲ့ ငြင်းလိုက်တယ်။ အခုတင်ပြတဲ့ဆေးစာတွေက ဆေးရုံကနေယူလာတာမဟုတ်လို့တဲ့။ ဒ့ါအပြင် စွပ်စွဲခံရသူ ဦးသန်းထွဋ်အောင်က နှလုံးရောဂါခံစားနေရတယ်။ လက်ရှိမှာလည်း ထောင်(အချုပ်) ထဲက ဆေးရုံမှာ ဆေးကုသမှုခံယူနေရတဲ့ ဆေးမှတ်တမ်းတွေ ပါမလာတဲ့အတွက် ငြင်းပယ်လိုက်တယ်လို့ ပြောပါတယ်။ အဲဒါတွေနဲ့ ပတ်သက်လို့ ဒီရုံးမှာ လိုအပ်တဲ့ သက်ဆိုင်ရာဆေးလက်မှတ်တွေကို တင်ပြပြီးတော့ ပြန်လည်ဆန်းစစ်ဖို့စီစဉ်ထားတယ်။ လိုအပ်ရင်လည်း အထက်အဆင့်မြင့်ရုံးမှာ ပြင်ဆင်မှုတက်သွားဖို့ရှိပါတယ်"ဟု အဆိုပါ အမှုကိုလိုက်ပါဆောင်ရွက်နေသည့် တရားလွှတ်တော်ရှေ့နေ ဦးကြီးမြင့်က မီဒီယာများကို ပြောသည်။

ဆက်လက်၍ "နောက်တစ်ချက်ကတော့ ၄၉၇ နဲ့ပတ်သက်ပါတယ်။ ဘယ်အခါမှာ အာမခံပေးနိုင်သလဲဆိုတာ ခြွင်းချက်တွေပေးထားတာရှိပါတယ်။ အဲဒီအချက်အလက်တွေအရပဲ အာမခံပေးခဲ့တာတွေ ရှိခဲ့ပါတယ်။ဒါပေမယ် ဒီရုံးမှာတော့ အာမခံမပေးခဲ့ပါဘူး။ ပုဒ်မချင်း အတူတူကို တချို့တရားရုံးတွေက အာမခံပေးခဲ့တာတွေရှိသလို ဒီရုံးက ငြင်းဆိုတဲ့အတွက် ဥပဒေနဲ့ပတ်သက်လို့ မညီညွတ်ဘူးလို့ ယူဆပါတယ်။အဲဒါကြောင့် ဥပဒေနဲ့အညီ ဆက်လက် လုပ်ဆောင်သွားမှာပါ "ဟု ၎င်းကဆိုသည်။

အဆိုပါ အမှုကို ဒီဇင်ဘာ ၉ ရက်တွင် စစ်ဆေးရန် ချိန်းဆိုလိုက်ပြီး ယင်းနေ့တွင် တရားလိုပြ သက်သေများကို စတင်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ဇော်ကြီး(ပဏ္ဍိတ)**



# KIA/TNLA လက်နက်ကိုင်အဖွဲ့များ ကွတ်ခိုင်မြို့နှင့် မုံးကိုးကာကင်းစခန်းတို့အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် နိုဝင်ဘာ ၃၀**

KIA/TNLA လက်နက်ကိုင်အဖွဲ့များသည် ကွတ်ခိုင်မြို့အား လက်နက်ကြီးဖြင့် လည်းကောင်း၊ မုံးကိုးမြို့ရှိ ကာကင်းစခန်းအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လည်းကောင်း ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံးက သတင်းထုတ်ပြန်ထားသည်။

KIA/TNLA လက်နက်ကိုင်ပူးပေါင်းအဖွဲ့သည် ယနေ့နံနက် ၆ နာရီ မိနစ် ၄၀ ခန့်က ကွတ်ခိုင်မြို့အား လက်နက်ကြီးဖြင့် နှစ်ချက်ပစ်ခတ်ရာ မြို့အထွက်ရှိ အိုရီယမ်တယ်တိုးဂိတ်၏ အနောက်ဘက် မီတာ ၃၀၀ ခန့် အကွာတွင် ကျရောက်ပေါက်ကွဲခဲ့ပြီး လူနှင့်အဆောက်အအုံများ ထိခိုက်ပျက်စီးမှုမရှိကြောင်း၊ ထိုသို့ပစ်ခတ်မှုအပေါ် နယ်မြေခံတပ်မှ လက်နက်ကြီးများဖြင့် ပြန်လည်ပစ်ခတ်သဖြင့် ဆုတ်ခွာသွားကြောင်း သိရသည်။

မုံးကိုးမြို့ရှိ မုံးကိုးကာကင်းစခန်းကိုလည်း နိုဝင်ဘာ ၂၉ ရက် ည ၇ နာရီ ၄၅ မိနစ်ခန့်က KIA လက်နက်ကိုင်အဖွဲ့ အင်အား ၃၀ ခန့်က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ရာ တပ်မတော် စစ်ကြောင်းများက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဆုတ်ခွာသွားကြောင်း၊ ဖြစ်စဉ်တွင် တပ်မတော်မှ စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ဖြစ်စဉ်များ ဖြစ်ပွားခဲ့သည့်နေရာဝန်းကျင်အား တပ်မတော်စစ်ကြောင်းများက ဆက်လက်နယ်မြေရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# KIA/TNLA လက်နက်ကိုင်အဖွဲ့များ တံတားအား မိုင်းခွဲဖျက်ဆီးပြီး တပ်မတော်ရိက္ခာပို့ယာဉ်တန်းအား ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် နိုဝင်ဘာ ၃၀**

KIA/TNLA လက်နက်ကိုင်ပူးပေါင်းအဖွဲ့သည် ယနေ့နံနက် ၃ နာရီခွဲခန့်တွင် မူဆယ်မြို့ ဆွမ်လုံကျေးရွာအနီးရှိ တံတားအား ဖောက်ခွဲဖျက်ဆီး၍ တပ်မတော်ယာဉ်တန်းအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်သည်။



ရှမ်းပြည်နယ်မြောက်ပိုင်းတွင် နယမြေတည်ငြိမ်အေးချမ်းမှုရရှိရန် လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များအတွက် ရိက္ခာပို့ဆောင်မည့် တပ်မတော် ယာဉ်တန်းသည် ကွတ်ခိုင်မြို့မှ ထွက်ခွာလာစဉ် ယနေ့နံနက် ၃ နာရီခွဲခန့်က မူဆယ်မြို့နယ် ဆွမ်လုံကျေးရွာအနီး၌ KIA/TNLA လက်နက်ကိုင်ပူးပေါင်းအဖွဲ့အင်အား ၃၀ ခန့်က ဆွမ်လုံတံတားအား မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးပြီး တပ်မတော် ယာဉ်တန်းအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ရာ ပြန်လည်တိုက်ခိုက်မှုကြောင့် နံနက် ၆ နာရီ ၁၀ မိနစ်ခန့်တွင် အဆိုပါ လက်နက်ကိုင်အဖွဲ့များ ဆုတ်ခွာထွက်ပြေးသွားကြောင်း သိရသည်။

ဖြစ်စဉ်တွင် အာပီဂျီ သေနတ်တစ်လက်၊ ယင်းဗုံးသီးတစ်လုံး၊ အမ် ၂၂ ကျည်အိမ်တစ်ခုနှင့် အမ် ၂၂ ကျည် တောင့် ၃၀ သိမ်းဆည်းရမိခဲ့ပြီး တပ်မတော်စစ်ကြောင်းမှ စစ်သည် တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ဆွမ်လုံတံတား၏ ကြမ်းခင်းနှင့် တံတားလက်ရန်းတို့တွင် ၁၀ ပေခန့်စီ ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါတံတားအား တပ်မတော်စစ်ကြောင်းမှ ယာယီပြင်ဆင်ထားရှိရာ ယနေ့နံနက် ၁၀ နာရီ မှစ၍ ယာဉ်တစ်စီးချင်း ဖြတ်သန်းသွားလာနိုင်ကြောင်းနှင့် ဆုတ်ခွာထွက်ပြေးသွားသော ၎င်းလက်နက်ကိုင်အဖွဲ့များအား တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပျောက်ဆုံးခဲ့သော ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာရဲကင်းစခန်းမှ ရဲတပ်ဖွဲ့ဝင်နှစ်ဦး ပြန်လည်ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၃၀**

ကွတ်ခိုင်မြို့မှ နမ့်ဖတ်ကာရဲကင်းစခန်းသို့ ပြန်လာစဉ် နိုဝင်ဘာ ၂၈ ရက် ညပိုင်းက လမ်းခရီး၌ပျောက်ဆုံးခဲ့သော နမ့်ဖတ်ကာရဲကင်းစခန်းမှ ရဲတပ်ဖွဲ့ဝင်နှစ်ဦးသည် ယမန်နေ့ ညနေပိုင်းတွင် နမ့်ဖတ်ကာရဲကင်းစခန်းသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

နမ့်ဖတ်ကာ ရဲကင်းစခန်းမှ ဒုရဲအုပ်မြင့်ဌေးနှင့် ရဲတပ်ကြပ်လင်းထက်တို့သည် မူဆယ်မြို့မှ နမ့်ဖတ်ကာ ရဲကင်းစခန်းသို့ ပြန်လာစဉ် နိုဝင်ဘာ ၂၈ ရက် ညနေ ၅ နာရီခွဲတွင် နမ့်ကွက်ကျေးရွာသို့အရောက် KIA လက်နက်ကိုင်အဖွဲ့ဝင် ၁၀ ဦးခန့်က ၎င်းတို့ယာဉ်အား လက်နက်များဖြင့် ချိန်ရွယ်တားဆီးကာ ၎င်းတို့နှစ်ဦးအား KIA လက်နက်ကိုင်အဖွဲ့ စခန်းချနေသည့် တောင်ကုန်းပေါ်သို့ လက်ထိတ်ခတ်ပြီး ခေါ်ဆောင်သွားခဲ့ကြောင်း၊ ၎င်းတို့အား ကိုယ်ရေးအချက်အလက်များ စစ်ဆေးမေးမြန်းခဲ့ပြီး လက်ကိုင်ဖုန်းနှစ်လုံးကို သိမ်းဆည်းကာ နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# KIA/TNLA/MNDAA လက်နက်ကိုင်ပူးပေါင်းအဖွဲ့ ဖမ်းဆီးခေါ်ဆောင်သွားသည့် တိုးဂိတ်ဝန်ထမ်း သုံးဦးအနက်မှ တစ်ဦးအား သေဆုံးလျက်တွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၃၀**

ကွတ်ခိုင်မြို့နယ် နမ့်ဖတ်လွန်းကျေးရွာအနီးရှိ ဟိုင်းဝေးတိုးဂိတ်မှ ဝန်ထမ်းသုံးဦးအား KIA/TNLA/MNDAA လက်နက်ကိုင်ပူးပေါင်းအဖွဲ့များက ဖမ်းဆီးခေါ်ဆောင်သွားခဲ့မှုအနက် တစ်ဦးမှာ ထွက်ပြေးလွတ်မြောက်ခဲ့သော်လည်း တစ်ဦးမှာ သေဆုံးလျက်တွေ့ရှိရပြီး ကျန်တစ်ဦးမှာ စုံစမ်းရှာဖွေဆဲဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

KIA/TNLA/MNDAA လက်နက်ကိုင်ပူးပေါင်းအဖွဲ့က နိုဝင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းက ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် အိုရီယမ်တယ် ဟိုင်းဝေးတိုးဂိတ်မှ ဝန်ထမ်းသုံးဦးအနက် ကျော်ဇင်ဦးမှာ ယင်းနေ့တွင် ထွက်ပြေးလွတ်မြောက်ခဲ့ပြီး ဦးတင့်နိုင်မှာ နိုဝင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းက နမ့်ဖတ်လွန်းကျေးရွာအနီးရှိ တောစပ်၌ ယာလည်ပင်းမှ ဦးခေါင်းအထိ ကျည်ဖောက်ထွက် ဒဏ်ရာတစ်ချက်၊ နောက်ကျော ခါးရိုးမှ ဗိုက်အထိ ကျည်ဖောက်ထွက် ဒဏ်ရာတစ်ချက်တို့ဖြင့် သေဆုံးလျက် ပြန်လည်တွေ့ရှိခဲ့ကြောင်းနှင့် ကျန်တစ်ဦးအား ဆက်လက်စုံစမ်းရှာဖွေလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# KIA၊ TNLA နှင့် MNDAA လက်နက်ကိုင်အဖွဲ့များ ဝင်ရောက်ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ထိခိုက်ဆုံးရှုံးမှုစာရင်းထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ် မြောက်ပိုင်းတွင် နိုဝင်ဘာ ၂၀ ရက်မှ ၃၀ ရက်အတွင်း KIA၊ TNLA နှင့် MNDAA လက်နက်ကိုင်အဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ရဲတပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ပြည်သူ့စစ်နှင့် ပြည်သူများ ထိခိုက်ဆုံးရှုံးခဲ့မှုစာရင်းကို နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

**၂၀-၁၁-၂၀၁၆ ရက်မှ ၃၀-၁၁-၂၀၁၆ ရက်အထိ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် KIA, TNLA နှင့် MNDAA လက်နက်ကိုင်အဖွဲ့များ ဝင်ရောက်တိုက်ခိုက်မှုကြောင့် ထိခိုက်ဆုံးရှုံးမှုစာရင်း**

| စဉ် | အကြောင်းအရာ | ကျဆုံး/သေဆုံး | | | ဒဏ်ရာရ | | |
|---|---|---|---|---|---|---|---|
| | | အမျိုးသား | အမျိုးသမီး | ပေါင်း | အမျိုးသား | အမျိုးသမီး | ပေါင်း |
| ၁ | ရဲတပ်ဖွဲ့ဝင် | ၃ | - | ၃ | ၁၁ | - | ၁၁ |
| ၂ | ဝန်ထမ်း | - | - | - | ၂ | - | ၂ |
| ၃ | ပြည်သူ့စစ် | ၁ | - | ၁ | - | - | - |
| ၄ | ပြည်သူ | ၇ | ၃ | ၁၀ | ၂၆ | ၁၁ | ၃၇ |
| | **စုစုပေါင်း** | **၁၁** | **၃** | **၁၄** | **၃၉** | **၁၁** | **၅၀** |

**မှတ်ချက်။** ရဲတပ်ဖွဲ့မှ လက်နက်မျိုးစုံ ကိုးလက်ဆုံးရှုံးခဲ့သည့်အနက် နှစ်လက် ပြန်လည်ရရှိသဖြင့် ခုနစ်လက် ဆုံးရှုံးခဲ့သည်။

**(နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီ)**

အဆိုပါစာရင်းတွင် ရဲတပ်ဖွဲ့ဝင် သုံးဦး၊ ပြည်သူ့စစ်တစ်ဦး၊ ပြည်သူ ၁၀ ဦး စုစုပေါင်း ၁၄ ဦး ကျဆုံး၊ သေဆုံးခဲ့ကြပြီး ရဲတပ်ဖွဲ့ဝင် ၁၁ ဦး၊ ဝန်ထမ်း နှစ်ဦးနှင့် ပြည်သူ ၃၇ ဦး ဒဏ်ရာရရှိခဲ့ကြကြောင်း၊ ရဲတပ်ဖွဲ့မှ လက်နက်မျိုးစုံ ကိုးလက်ဆုံးရှုံးခဲ့မှု အနက် နှစ်လက် ပြန်လည်ရရှိခဲ့သဖြင့် ခုနစ်လက်ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မောင်တောမြို့နယ်အတွင်း ရွာသားတစ်ဦး သေနတ်ဒဏ်ရာဖြင့် သေဆုံးမှုနှင့်ပတ်သက်၍ ဖြစ်စဉ်အမှန်ပေါ်ပေါက်ရေး အရေးယူဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၃၀**

မောင်တောမြို့နယ် ငါးခူရကျေးရွာရဲစခန်း တောင်ဘက်တွင် နိုဝင်ဘာ ၂၈ ရက် ညပိုင်းက ရွာသားတစ်ဦး သေနတ်ဒဏ်ရာဖြင့် သေဆုံးခဲ့မှုနှင့်ပတ်သက်၍ ဖြစ်စဉ်အမှန် ပေါ်ပေါက်ရေး အရေးယူဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

ငါးခူရကျေးရွာရဲစခန်းတောင်ဘက် လေးဖာလုံခန့်တွင် လူတစ်ဦး သေနတ်ဒဏ်ရာဖြင့် သေဆုံးလျက်ရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးက နိုဝင်ဘာ ၂၈ ရက် ည ၇ နာရီခန့်တွင် ငါးခူရနယ်မြေရဲစခန်းသို့ လာရောက်သတင်းပို့သဖြင့် ရဲတပ်ဖွဲ့က စုံစမ်းဖော်ထုတ်ခဲ့ရာ သေဆုံးသူမှာ ငါးခူရကျေးရွာအုပ်စု တောင်ရွာနေ မိုဟာမတ်အာနော့စ်ဖြစ်ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ မျက်မြင်တွေ့ရှိသူများ၏ ပြောကြားချက်အရ မြို့သစ်ရဲကင်းစခန်းမှ ရဲဒုတပ်ကြပ်ဝေယံလင်းက ရွာလယ်လမ်းမရှိ ယာဆိန်း၏ ကွမ်းယာဆိုင်အနီးတွင် ဆေးလိပ်သောက်နေစဉ် မျက်နှာချင်းဆိုင်မှ လက်ကိုင်ဖုန်းနှိုပ်၍ လမ်းလျှောက်လာသူတစ်ဦးအား လှမ်းခေါ်စဉ် နောက်ပြန်လှည့်ပြီး ထွက်ပြေးသဖြင့် သေနတ်ဖြင့်ပစ်ခတ်၍ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သေဆုံးမှုဖြစ်စဉ်နှင့်ပတ်သက်၍ ဖြစ်စဉ်မှန်ပေါ်ပေါက်ရေး၊ ရဲဒုတပ်ကြပ်ဝေယံလင်း အပါအဝင် နယ်မြေခံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများအား လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူနိုင်ရေးဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မောင်တောမြို့၌ အကြမ်းဖက်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ကြောင်း မသင်္ကာသူတစ်ဦး ဖမ်းဆီးရမိ

**မောင်တော နိုဝင်ဘာ ၃၀**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ကြောင်း မသင်္ကာသူ မောင်တောမြို့နယ် ရွှေဇားအလယ်ရွာနေ နူရ်လာမိန် (၃၀)နှစ်အား နိုဝင်ဘာ ၂၈ ရက် မွန်းတည့် ၁၂ နာရီခန့်က မောင်တောမြို့မဈေးကြီးအတွင်း၌ ဖမ်းဆီးရမိခဲ့သည်။ အဆိုပါဖမ်းဆီးရမိသူအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

## မီးလောင်လျှင်

(၁) ထွက်မပြေးပါနှင့် စိတ်ကိုတည်တည်ငြိမ်ငြိမ်ထားပါ။

(၂) ကျိတ်မငြိမ်းပါနှင့် ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။

(၃) နီးစပ်ရာ မီးသတ်စခန်းသို့ အမြန်ဆုံးအကြောင်းကြားပါ။

(၄) ဝိုင်းဝန်း၍ ကြိုးစားငြိမ်းသတ်ပါ။

(၅) မီးသတ်တပ်ဖွဲ့နှင့်ပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

**မီးသတ်ဦးစီးဌာန**

# ပါကစ္စတန်နိုင်ငံ၌ ကမ္ဘာ့အကြီးဆုံး နေစွမ်းအင်ထုတ်လုပ်ရေးဥယျာဉ် မကြာမီထူထောင်မည်

**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၃၀**

ပါကစ္စတန်နိုင်ငံသည် မကြာမီကာလအတွင်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၀၀၀ ထုတ်လုပ်နိုင်မည့် ကမ္ဘာ့အကြီးဆုံး နေစွမ်းအင်ထုတ်လုပ်ရေးဥယျာဉ်ကို ထူထောင်သွားမည်ဖြစ်ကြောင်း ရာသီဥတုပြောင်းလဲမှုရေးရာဝန်ကြီး ဇာဟစ်ဟာမစ်က နိုဝင်ဘာ ၃၀ ရက်တွင် ပြောကြားသည်။

မကြာသေးမီက မော်ရိုကိုနိုင်ငံ၌ ကျင်းပခဲ့သော စီအိုပီ-၂၂ ညီလာခံသို့ ပါကစ္စတန်တက်ရောက်ခဲ့မှုနှင့်ပတ်သက်၍ ဝန်ကြီးဟာမစ်က သတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းပြောကြားခဲ့သည်။ ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများအား ရင်ဆိုင်ဖြေရှင်းနိုင်ရန် ပါကစ္စတန်နိုင်ငံ၏ ကြိုးပမ်းမှုများ တိုးတက်အောင်မြင်မှုများရရှိနေပုံကို အဆိုပါညီလာခံတွင် တင်ပြခဲ့ကြောင်း ဝန်ကြီး ဟာမစ်က ပြောကြားသည်။

**အကောင်အထည်ဖော်မည်**

ပါကစ္စတန်နိုင်ငံတစ်ဝန်းတွင် အစိမ်းရောင်အစီအစဉ်ဟု အမည်ပေးထားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်ကို ရူပီး နှစ်ဘီလီယံ အကုန်အကျခံကာ အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ဝန်ကြီးဟာမစ်က ပြောကြားသည်။

**ပီတီအိုင်။**



# အစိုးရ၏ကျန်းမာရေးစီမံချက်ကို ထောင်နှင့်ချီသောသီရိလင်္ကာဆရာဝန်များ သပိတ်မှောက်

**ကိုလံဘို နိုဝင်ဘာ ၃၀**

၂၀၁၇ ခုနှစ်အတွက် အစိုးရ၏ဘတ်ဂျက်တွင်ဖော်ပြထားသော စီမံချက်များအပေါ် သပိတ်မှောက်မှုတွင် ထောင်နှင့်ချီသော နိုင်ငံ့ဝန်ထမ်းဆရာဝန်များ ပါဝင်နေမှုကြောင့် နိုဝင်ဘာ ၃၀ ရက်က သီရိလင်္ကာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအားလုံး ယာယီရပ်ဆိုင်းသွားသည်။

တိုင်းပြည်တစ်ဝန်းရှိ ဆေးရုံ ၉၀၀ ကျော်တွင်ဖြစ်ပွားခဲ့သည့် အဆိုပါသပိတ်မှောက်မှုတွင် ဆရာဝန် ၁၅၀၀၀ ကျော် ပါဝင်ခဲ့ကြောင်း အစိုးရကျန်းမာရေးအရာရှိများအသင်းက ပြောကြားသည်။ သို့သော်လည်း သပိတ်မှောက်မှုကို မိခင်နှင့်ကလေးစောင့်ရှောက်ရေးဆေးရုံများနှင့် မြို့တော်ကိုလံဘိုရှိ မဟာရာဂမကင်ဆာဆေးရုံတို့၌ ပြုလုပ်ခဲ့ခြင်းမရှိပေ။

ကျန်းမာရေးဆိုင်ရာပံ့ပိုးမှုများမရှိမှုကြောင့် ထောင်နှင့်ချီသောလူနာများကို အားကိုးရာမဲ့ဖြစ်စေခဲ့ပြီး သပိတ်မှောက်မှုကို “နောက်ဆုံးအကြိမ်လှုပ်ရှားမှု” ဟု ဝန်ကြီးဌာနသို့ အကြောင်းကြားခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။ ယနေ့နံနက်ပိုင်းတွင်စတင်ခဲ့သော အဆိုပါသပိတ်မှောက်မှုမှာ ၂၄ နာရီပြည့်လျှင် ပြီးဆုံးမည်ဖြစ်သည်။

**ဆင်ဟွာ။**



# စစ်ဘက်ဆိုင်ရာ ထောက်လှမ်းရေးသတင်းအချက်အလက်များ ဂျပန်နှင့် တောင်ကိုရီးယား အပြန်အလှန်ဖလှယ်မည်

**ပေကျင်း နိုဝင်ဘာ ၃၀**

မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်နှင့် နျူကလီးယားဆိုင်ရာ လှုပ်ရှားမှုများနှင့်ပတ်သက်၍ စစ်ဘက်ဆိုင်ရာ ထောက်လှမ်းရေးသတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ကြရန် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့ သဘောတူညီမှုတစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ခြင်းအတွက် အလွန်အမင်းစိုးရိမ်ပူပန်မှုဖြစ်ရကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက နိုဝင်ဘာ ၃၀ ရက်တွင် ပြောကြားလိုက်သည်။

ကနဦးအနေဖြင့် စစ်ဘက်ဆိုင်ရာလုံခြုံရေး သတင်းအချက်အလက်ဆိုင်ရာ သဘောတူညီချက်ကို ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ ၂၀၁၂ ခုနှစ်တွင် လက်မှတ်ရေးထိုးရန် စီစဉ်ခဲ့သည်။ သို့ရာတွင် ပြည်တွင်းကန့်ကွက်မှုများကြောင့် တောင်ကိုရီးယားနိုင်ငံက ဆိုင်းငံ့ထားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် ဒုံးကျည်အမျိုးမျိုးကို စမ်းသပ်မှုများ တိုးမြှင့်ပြုလုပ်ခဲ့ပြီး ဒုံးကျည်တွင် တပ်ဆင်နိုင်သော နျူကလီးယားထိပ်ဖူးတစ်လုံးကို ထုတ်လုပ်နိုင်စွမ်းရှိသည်ဟု ကြေညာခဲ့ရာ ဒေသဆိုင်ရာနိုင်ငံများဖြစ်ကြသော ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့က စစ်ဘက်ဆိုင်ရာထောက်လှမ်းရေး သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်နိုင်ရန် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးရန် ဦးတည်ခဲ့သည်။

ဂျပန်နှင့် တောင်ကိုရီးယားတို့၏ ယင်းသဘောတူညီချက်သည် အာရှအရှေ့မြောက်ဒေသတွင် မတည်မငြိမ်ဖြစ်စေနိုင်ပြီး စစ်အေးခေတ် အတွေးအမြင်ကို ပြန်လည်လှုံ့ဆော်ရာရောက်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ယန်ယုကျန်က ပြောကြားသည်။

မိမိတို့နိုင်ငံ၏ လုံခြုံရေး၊ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်နိုင်ရန်လည်းကောင်း၊ ဒေသဆိုင်ရာငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းနိုင်ရန်လည်းကောင်း လိုအပ်သည့်ဆောင်ရွက်ချက်များ ပြုလုပ်သွားမည်ဖြစ်ကြောင်း ယန်က လစဉ်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

**ရိုက်တာ။**

# တင်နက်ဆီပြည်နယ်ရှိ အပန်းဖြေမြို့တွင် တောမီးလောင်

**ဝါရှင်တန် နိုဝင်ဘာ ၃၀**

အမေရိကန်ပြည်ထောင်စု၌ လွန်ခဲ့သော လအနည်းငယ်အတွင်းက ထူးခြားစွာမိုးခေါင်ခဲ့သော တင်နက်ဆီပြည်နယ်တစ်ဝန်းတွင် နိုဝင်ဘာ ၂၉ ရက်က တောမီးလောင်ကျွမ်းမှုများဖြစ်ပွားခဲ့ကြောင်း၊ လေပြင်းတိုက်ခတ်မှုကြောင့် မီးကူးစက်လောင်ကျွမ်းခဲ့ပြီး ဂရိတ်စမော်ကီတောင်တန်းအမျိုးသားဥယျာဉ်ဝန်းကျင်ရှိ အပန်းဖြေစခန်းမြို့တွင် လူနေအိမ်ခြေ ၁၀၀ ကျော် မီးစွဲလောင်ခဲ့သဖြင့် ဒေသခံပြည်သူထောင်ပေါင်းများစွာကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အပန်းဖြေစခန်းမြို့ ဂတ်လင်ဘာ့ဂ်မြို့တစ်မြို့တည်းမှ လူဦးရေ ၁၄၀၀၀ ကျော်ကို ညတွင်းချင်း ရွှေ့ပြောင်းပေးခဲ့ရသည်။ တောမီးလောင်ကျွမ်းမှုကြောင့် အိမ်အလုံးရေ ၁၀၀ ကျော် ပျက်စီးခဲ့ရပြီး ယင်းတို့အနက် ၁၆ ထပ်မြင့်ဟိုတယ်တစ်လုံးနှင့် တိုက်ခန်းတွဲနေအိမ်အဆောက်အအုံများပါဝင်ကြောင်း ပြည်နယ်အရေးပေါ်လုပ်ငန်း စီမံခန့်ခွဲရေးအေဂျင်စီနှင့် ဒေသဆိုင်ရာတာဝန်ရှိသူများက ပြောကြားကြသည်။

လတ်တလောတွင် တောမီးလောင်ကျွမ်းမှုကြောင့် လူသေဆုံးမှုသတင်းထွက်ပေါ်ခြင်း မရှိသေးပေ။ မီးလောင်ဒဏ်ရာရရှိသည့် လူ ၁၂ ဦးကို ဆေးဝါးကုသပေးခဲ့ပြီး ယင်းတို့မှာလည်း အသက်အန္တရာယ်စိုးရိမ်ရသည့် အခြေအနေမရှိကြောင်း ဒေသတွင်းရှိ ဆေးရုံများနှင့် ရုပ်မြင်သံကြားသတင်းများ၌ ဖော်ပြသည်။

တောမီးလောင်ကျွမ်းသည့် ညတစ်ညလုံးလေပြင်းများ အဆက်မပြတ်တိုက်ခတ်နေခဲ့ကြောင်း၊ လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ မှ မိုင် ၄၀ ရှိကာ လေတိုက်ခတ်ချိန်မှာ ၁၀ နာရီမှ ၁၂ နာရီအထိဖြစ်ကြောင်း ဂရိတ်စမော်ကီအမျိုးသားဥယျာဉ်ကြီးကြပ်ရေးမှူး ကက်ဆီယမ်ကက်ရှ်က ပြောကြားသည်။ တောမီးမှာ မကြုံစဖူးရှိပြီး တဟုန်းဟုန်းတောက်လောင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။



ယင်းတောမီးအား ငြိမ်းသတ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင် အင်အား ၄၀၀ ကျော်ကို နိုဝင်ဘာ ၂၇ ရက်ညပိုင်းမှစ၍ ဖြန့်ကြက်ထားခဲ့ကြောင်း ဒေသဆိုင်ရာသတင်းများ၌ ဖော်ပြသည်။

**ဆင်ဟွာ။**

# လီဗာပူးအသင်း၏ အသက်အငယ်ဆုံး ဂိုးသွင်းရှင် ဝုဒ်ဘာန်း ဖြစ်လာ



လီဗာပူးအသင်းနှင့် လိဒ်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သော အီးအက်ဖ်အယ်လ်ဖလား ကွာတားဖိုင်နယ်ပွဲစဉ်တွင် လီဗာပူးအသင်းအတွက် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည့် ဝုဒ်ဘာန်းသည် လီဗာပူးအသင်း၏ အသက် အငယ်ဆုံးဂိုးသွင်းရှင်ဖြစ်လာခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းသည် ချန်ပီယံရှစ်ကလပ် လိဒ်ယူနိုက်တက်အသင်းအား အိုရီဂီနှင့် ဝုဒ်ဘာန်းတို့၏ သွင်းဂိုးနှစ်ဂိုးဖြင့် အနိုင် ရရှိခဲ့ခြင်းဖြစ်ပြီး ယင်းပွဲစဉ်တွင် လီဗာပူးအသင်းအတွက် ဒုတိယမြောက်ဂိုးကို သွင်းယူပေးခဲ့သည့် ဝုဒ်ဘာန်းသည် လီဗာပူးအသင်း၏ အသက်အငယ်ဆုံးဂိုးသွင်းရှင်လည်းဖြစ် လာခဲ့သည့်အပြင် မိုက်ကယ်အိုဝင်၏ စံချိန်ကိုလည်း ချိုးဖျက်နိုင်ခဲ့သည်။ ဝုဒ်ဘာန်းသည် လက်ရှိတွင် အသက်(၁၇)နှစ် အရွယ်သာရှိသေးပြီး ဝေလ အသက်(၁၉)နှစ်အောက် အသင်းတွင် ပါဝင်ကစားလျက်ရှိသူဖြစ်သည်။

လီဗာပူးအသင်းသည် ယင်းပွဲစဉ်တွင် အနိုင်ရရှိခဲ့ခြင်းကြောင့် အီးအက်ဖ်အယ်လ်ဖလားပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

# ဆောက်ဂိတ်အား အင်္ဂလန်လက်ရွေးစင်အသင်း၏ အမြဲတမ်းနည်းပြအဖြစ်ခန့်အပ်



အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်သည် လက်ရှိ အင်္ဂလန်လက်ရွေးစင်အသင်းတွင် ယာယီနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်လျက်ရှိသည့် နည်းပြဆောက်ဂိတ်အား အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အသက်(၄၆)နှစ်အရွယ်ရှိ နည်းပြဆောက်ဂိတ်သည် အင်္ဂလန်အသင်းနှင့်အတူ လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး အဆိုပါစာချုပ်ချုပ်ဆိုခဲ့ခြင်းကြောင့် တစ်နှစ်လုပ်ခလစာ ပေါင် ၁ ဒသမ ၅ သန်းနှင့် ပေါင်နှစ်သန်းအကြားရရှိမည်ဖြစ်ကြောင်း သိရသည်။

နည်းပြဆောက်ဂိတ်သည် နည်းပြဆမ်အလာဒိုက်စ်နေရာတွင် ယာယီအစားထိုးနည်းပြအဖြစ် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က ခန့်အပ်ခဲ့ရာတွင် စုစုပေါင်း လေးပွဲတာဝန်ယူကိုင်တွယ်ခဲ့သည်။ အင်္ဂလန်အသင်းနှင့်အတူ ၂၀၁၈ ကမ္ဘာ့ဖလားဝင်ခွင့်အတွက် ခြေစစ်ပွဲသုံးပွဲ တာဝန်ယူကိုင်တွယ်ခဲ့ရာတွင်လည်း မယ်လ်တာအသင်းကို နှစ်ဂိုးပြတ်ဖြင့် လည်းကောင်း၊ စကော့တလန်အသင်းကို သုံးဂိုးပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ပြီး ဆလိုဗေးနီးယားအသင်းနှင့် ပွဲစဉ်တွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့ပြင် စပိန်အသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင်မူ တစ်ဖက် နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။ထိုသို့ လေးပွဲအထိ တာဝန်ယူကိုင်တွယ်ခဲ့ရာတွင် ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့ခြင်းကြောင့် အင်္ဂလန် ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ယာယီနည်းပြအဖြစ် ခန့်အပ်ထားသော ဆောက်ဂိတ်အား အမြဲတမ်းနည်းပြအဖြစ်ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

# အီဘရာဟီမိုဗစ်ချ် မပါဘဲ ရလဒ်ကောင်းမည့်နည်းလမ်း ပီအက်စ်ဂျီ ရှာဖွေနေဆဲဟုဆို



ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းသည် တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်မပါဝင်ဘဲ ပြိုင်ဘက် အသင်းများနှင့် ယှဉ်ပြိုင်ရာတွင် ရလဒ်ကောင်းထွက်ပေါ်နိုင်မည့်နည်းလမ်းကို ရှာဖွေနေဆဲဖြစ်ကြောင်း ပီအက်စ်ဂျီ အသင်းနည်းပြ အီမာရီက ပြောကြားခဲ့သည်။

ပီအက်စ်ဂျီအသင်းနှင့် ဆွီဒင်အသင်းတို့၏ ကစားသမားဟောင်းတစ်ဦးဖြစ်သူ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်သည် ပြီးခဲ့သည့်ဘောလုံးရာသီအတွင်း ပီအက်စ်ဂျီအသင်းနှင့်အတူ ၅၁ ပွဲကစားခဲ့ရာတွင် သွင်းဂိုး ၅၀ သွင်းယူပေးခဲ့ပြီး ပီအက်စ်ဂျီအသင်းကိုလည်း ပြင်သစ်ပထမတန်းချန်ပီယံဖြစ်အောင် စွမ်းဆောင်ပေးခဲ့သူဖြစ်သည်။

သို့ရာတွင် တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်သည် ယခုနှစ်ဘောလုံးရာသီတွင်မူ ပီအက်စ်ဂျီအသင်းမှ နည်းပြ မော်ရင်ဟို၏ မန်ယူအသင်းသို့ ပြောင်းရွှေ့သွားခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် ပီအက်စ်ဂျီအသင်းသည် တိုက်စစ်မှူး ကာဗာနီတစ်ဦးတည်းကိုသာ အားကိုးနေရပြီး တိုက်စစ်မှူး ကာဗာနီသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ၁၇ ပွဲကစားပေးထားကာ ၁၈ ဂိုးသွင်းယူပေးထားသူဖြစ်သည်။

# ဂါရတ်ဘေးလ်၏ ခြေချင်းဝတ်ဒဏ်ရာအား လန်ဒန်၌ အောင်မြင်စွာကုသနိုင်ခဲ့ဟုဆို



ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဝေလအသင်းတို့၏ အားထားရသည့် တိုက်စစ်မှူး ဂါရတ်ဘေးလ်သည် လန်ဒန်မြို့၌ ခြေချင်းဝတ်ဒဏ်ရာအား အောင်မြင်စွာခွဲစိတ်ကုသနိုင်ခဲ့ကြောင်း ရီးယဲလ်မက်ဒရစ်အသင်းက ထုတ်ဖော်ပြောကြားလိုက်သည်။

တိုက်စစ်မှူး ဂါရတ်ဘေးလ်သည် ရီးယဲလ်မက်ဒရစ်အသင်းက စပို့တင်းလစ္စဘွန်းအသင်းအား အနိုင်ရရှိခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းအနေဖြင့် ဂါရတ်ဘေးလ်မှာ ကာလကြာရှည်အနားယူရလိမ့်မည်မဟုတ်ဘဲ အသင်းတွင်မကြာမီပြန်လည်ပါဝင်လာရန်မျှော်လင့်ထားသည်။ သို့ရာတွင် ဂါရတ်ဘေးလ်သည် ရရှိထားသည့် ဒဏ်ရာပြဿနာကြောင့် အနည်းဆုံးလေးလကြာအထိ အသင်းတွင်ပြန်လည် ပါဝင်လာမည်မဟုတ်ကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။

တိုက်စစ်မှူးဂါရတ်ဘေးလ်သည် ဒဏ်ရာပြဿနာကြောင့် လာမည့်တစ်ပတ်အတွင်း ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်ပွဲစဉ်နှင့် ဒီဇင်ဘာလအတွင်း ဂျပန်နိုင်ငံသို့ သွားရောက်ကစားရမည့် ဖီဖာကလပ်အသင်းများ ကမ္ဘာ့ဖလားပွဲစဉ်တို့တွင် လွဲချော်မည်ဖြစ်သည်။ဝေလအသင်းကမူ တိုက်စစ်မှူး ဂါရတ်ဘေးလ်မှာ မတ် ၂၄ ရက်တွင် အိုင်ယာလန်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွင် ပါဝင်လာမည်ဟု မျှော်လင့်ထားသည်။

# မန်ယူနောက်ခံလူ ဒါမီယန်အား ခေါ်ယူရန် ဂျူဗင်တပ်နှင့် အင်တာမီလန် ဆန္ဒရှိနေ



အီတလီစီးရီးအေကလပ်အသင်းများဖြစ်ကြသည့် ဂျူဗင်တပ်အသင်းနှင့် အင်တာမီလန်အသင်းတို့သည် မန်ယူနောက်တန်းကစားသမား ဒါမီယံအား စာချုပ်ချုပ်ဆိုခေါ်ယူရန် ဆန္ဒရှိနေကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။

အီတလီစီးရီးအေချန်ပီယံ ဂျူဗင်တပ်အသင်းသည် လက်ရှိတွင် ဒန်နီအဲလ်ဗက်ဒဏ်ရာပြဿနာ ကြုံတွေ့နေသည့်အပြင် ဘိုနူချီသည်လည်း ရရှိထားသည့် ဒဏ်ရာကြောင့် ကာလကြာရှည်အနားယူရမည်ဖြစ်ခြင်းကြောင့် ယခုကဲ့သို့ မန်ယူနောက်ခံလူ ဒါမီယံအား ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။

နောက်တန်းကစားသမားဒါမီယံသည် နည်းပြ ဗန်ဟားလ်လက်ထက် ပြီးခဲ့သည့်ဘောလုံးရာသီက အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီ နည်းပြမော်ရင်ဟိုလက်ထက်တွင်မူ ပရီမီယာလိဂ်ပွဲစဉ် လေးပွဲသာလျှင် ပါဝင်ပွဲထွက်ခွင့်ရရှိထားသူဖြစ်သည်။

ထို့ကြောင့် အသင်းပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများရှိသည်ဟု သတင်းများထွက်ပေါ်နေသည့် မန်ယူနောက်တန်းကစားသမား ဒါမီယံအား ဂျူဗင်တပ်အသင်းနှင့် အင်တာမီလန်အသင်းတို့က စိတ်ဝင်စားနေခြင်းဖြစ်သည်။ အင်တာမီလန်အသင်းသည် ဒါမီယံအပြင် ချယ်လ်ဆီးကွင်းလယ်ကစားသမား အော်စကာကိုလည်း ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

ငွေကြယ်-စုစည်းရေးသားသည်

## ရှားတောမြို့နယ်တွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ဆိုင်ကယ်များအား စစ်ဆေးအရေးယူခြင်းများဆောင်ရွက်

**ရှားတော နိုဝင်ဘာ ၃၀**

ရှားတောမြို့တွင် ပြည်သူများယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်တိုက်မှုလျော့နည်းကျဆင်းရေး၊ မော်တော်ဆိုင်ကယ်မောင်းသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများလိုက်နာပြီး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ မောင်းနှင်နိုင်ရေးအတွက် စစ်ဆေးအရေးယူမှုများကို နိုဝင်ဘာ ၂၇ ရက်က စုပေါင်းရုံးရှေ့လမ်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှားတောမြို့နယ် အုပ်ချုပ်ရေးမှူးဦးအောင်ထိုက်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးလွင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က လမ်းပေါ်တွင် စောင့်ဆိုင်းကာ မော်တော်ဆိုင်ကယ်များကို ဆိုင်ကယ်စီးဦးထုပ်မပါသည့်သူများနှင့် နှစ်ဦးထက်ပိုမိုစီးနှင်းလာသူများအား ဖမ်းဆီးကာ ဆိုင်ကယ်လိုင်စင် ပါ-မပါ၊ ယာဉ်မောင်းလိုင်စင် ပါ-မပါ စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စစ်ဆေးအရေးယူခြင်းသည် ဆိုင်ကယ်စီးနှင်းသူများအား ယာဉ်အန္တရာယ်မှ ကာကွယ်နိုင်ရန်ဖြစ်ပြီး ဆိုင်ကယ်စီးနှင်းသူများအနေဖြင့် ဆိုင်ကယ်စီးဦးထုပ်ဆောင်း- မဆောင်းခြင်း နှင့် အခြား လမ်းစည်းကမ်းလိုက်နာခြင်းမရှိမှုတို့ကြောင့် စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း အဆိုပါ စစ်ဆေးရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

**မြို့နယ် (ပြန်/ဆက်)**

## နွားထိုးကြီးမြို့နယ်တွင် ဆည်ရေအလုံအလောက်ရှိသဖြင့် နွေစပါးဧကတိုး၍ စိုက်ပျိုးမည်

**နွားထိုးကြီး နိုဝင်ဘာ ၃၀**

နွားထိုးကြီးမြို့နယ်တွင် ယခုနှစ်အတွက် နွေစပါးစိုက်ပျိုးရန် ဆည်ရေအလုံလောက်ရှိသဖြင့် ဆည်ကန်ငါးခုတွင် နွေစပါးဧက ၉၃၀ စိုက်ပျိုးရန် လျာထားလျက်ရှိကြောင်း သိရသည်။

ဆည်ရေ၊ ကန်ရေပေးနိုင်မှုကြောင့် ခက်လန်းဆည်တွင် ဧက ၅၀၀၊ မြိုင်သာကန်တွင် ဧက ၁၀၀၊ ဇီးတောဆည်တွင် ဧက ၁၃၀ နှင့် ဝက်လူးဆည်တွင် ဧက ၅၀ စုစုပေါင်း ဧက ၉၃၀ ကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက ရေပေးဝေနိုင်မည်ဖြစ်သည်။

ယခုနှစ် တစ်မြို့နယ်လုံးရှိ ဆည်ရေ၊ ကန်ရေ ၁၅၀ ကျော်တွင် မိုးရေများဝင်ရောက်ပြည့်နေပြီဖြစ်ပြီး လာမည့်နွေစပါးအတွက် ရေအလုံအလောက်ရှိနေ၍လည်း ယမန်နှစ်ကထက် စိုက်ဧက တိုးလျာထားကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးအရာရှိ ဦးအောင်မြင့်သိန်းက ပြောသည်။

ဆည်ရေ၊ ကန်ရေကို နွေစပါးတောင်သူများက ပျိုးထောင်ရေမှအောင်ရေအထိ အပြည့်ယူလျှင် တစ်ဧက ၁၉၅၀ နှုန်းနှင့် အောင်ရေသာတစ်ပိုင်းယူလျှင် ၉၅၀ နှုန်းဖြင့်ပေးနေကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဌာနမှ သိရသည်။

**ဒွေးမြင့်မောင်**

# အင်းဝမြို့ဟောင်းမှညောင်ရမ်းခေတ်လက်ရာများကို လေ့လာနိုင်သော လောကဒုသမာန်အောင်စေတီ



**မန္တလေး နိုဝင်ဘာ ၃၀**

တောင်လေးလုံးစေတီ အနောက်ဘက်တွင်တည်ရှိသော လောကဒုသမာန်အောင်စေတီမှာ ထောင့်ချိုးများစွာ ပါဝင်သောစေတီဖြစ်ပြီး ညောင်ရမ်းခေတ် ပန်းတော့လက်ရာ စစ်စစ်များကို အပျက်အစီးမရှိ လေ့လာနိုင်သော စေတီဖြစ်ကြောင်း သိရသည်။

ဗားကရာကျောင်းတော်ကြီး အနောက်ဘက်ရှိစေတီများမှာ လက်ရာမြောက်ပြီး တနင်္ဂနွေမင်းတည်ထားခဲ့သော စေတီများပင်ဖြစ်သည်။ ထိုစေတီများမှာ ဝက်ဘာစေတီ၊ တောင်လေးလုံးစေတီ၊ လောကဒုသမာန်အောင်စေတီ၊ ဇေယျမာန်အောင်စေတီ၊ မြတ်မာန်အောင်စေတီ၊ မင်္ဂလာမာန်အောင်စေတီတို့ ဖြစ်သည်။ စေတီများမှာ ထူးခြားသော လက်ရာများဖြင့် တည်ထားပြီး တစ်စုတစ်ဝေးတည်းတည်ရှိနေသည်။ ပတ်ဝန်းကျင်ရှုခင်းများနှင့်အတူ ခရီးသွားဧည့်သည်များ အထူးသဘောကျသော စေတီများပင်ဖြစ်သည်။

ပန်းတင်ထောင့် ရှစ်ထောင့်တွင် ခြင်္သေ့ရှစ်စီးရှိသည်။ ပန်းတင်ခုံမှစ၍ အထက်ကြာမှောက်ကြာလှန်အထိ ရှစ်ထောင့်ပုံအဖြစ်မြင်တွေ့နိုင်သည်။ လောကဒုသမာန်အောင်စေတီမှာ ညောင်ရမ်းခေတ်လက်ရာ စေတီများတွင် အပျက်အစီးမရှိဘဲ မူလလက်ရာအတိုင်း ကျန်ရှိသော စေတီဟုဆိုထားပြီး သမိုင်းတန်ဖိုးမြင့်မားစွာ တည်ရှိနေသော စေတီပင်ဖြစ်သည်။ စေတီရှေ့တွင် လောကဒုသမာန်အောင်ဟူသော ဘွဲ့ကမ္ပည်းကျောက်စာရှိသည်။ လောကဒုသမာန်အောင်စေတီကို တနင်္ဂနွေမင်း၏ မိဖုရား စန္ဒာဒေဝီက သက္ကရာဇ် ၁၀၈၉ ခုနှစ်တွင် တည်ထားခဲ့ကြောင်း သိရသည်။

လက်ရှိကာလတွင် လောကဒုသမာန်အောင်စေတီမှာ ညောင်ရမ်းခေတ် ပန်းတော့လက်ရာ စစ်စစ်ကို မပျက်မယွင်း လေ့လာနိုင်သော စေတီတစ်ဆူအဖြစ် တည်ရှိနေသည်။

**တိမ်တမန်**




## ဥတ္တရခရိုင်အတွင်း ညအခါလှည့်ကင်းယာဉ်တန်းများဖြင့် (အထူး) ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၃၀**

နေပြည်တော် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဇော်ခင်အောင်၏လမ်းညွှန်မှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဧရိယာအတွင်း ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒုစရိုက်မှုများ မဖြစ်စေရေးအတွက် မှုခင်းကြိုတင်ကာကွယ်ရေးအဖြစ် ညအခါလှည့်ကင်းယာဉ် တန်းများဖြင့်စုဖွဲ့၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် နေပြည်တော်ရဲတပ်ဖွဲ့၊ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီးလေးစိုး အနီးကပ်ကြီးကြပ်၍ ဥတ္တရခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းဝင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ မြို့မရဲစခန်းမှူးများနှင့် ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လုံခြုံရေးမီးတန်း ယာဉ်များဖြင့် နိုဝင်ဘာ ၂၈ ရက် ည ၈ နာရီမှ ည ၁၂ နာရီအထိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ နေပြည်တော် ဘူတာကြီးလမ်း၊ မင်္ဂလာဈေး၊ Ocean Center၊ ရာဇသင်္ဂဟ အိမ်ရာ (၁)(၂)၊ လွှတ်တော်ရှေ့၊ ဝဏ္ဏသိဒ္ဓိအဝိုင်း၊ ရွှေနံ့သာရပ်ကွက် အစရှိသည့် အချက်အချာကျသော လူသွားလူလာ၊ ယာဉ်အသွားအလာများသော နေရာများတွင် လှည့်ကင်းယာဉ်တန်းဖြင့် အုပ်စုဖွဲ့ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(၁၀၇)**

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုစစ်ဆေး

**တောင်တွင်းကြီး နိုဝင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်း ကျေးရွာများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှု ကျေးရွာချင်းဆက်လမ်းများ ဆောင်ရွက်နေမှုတို့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးမင်းမင်းနှင့် ဝန်ထမ်းများသည် နိုဝင်ဘာ ၂၈ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာ ၁၈ ရွာအနက် အိုးကုန်းအင်းရွာကြီးအောင်းပေါက်ကျေးရွာတို့၏ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ငွေစာရင်းထိန်းသိမ်းထားရှိမှု စာရင်းဇယားများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျေးရွာအဆင့် မြစိမ်းရောင်ကော်မတီဝင်များနှင့် မြစိမ်းရောင်စီမံကိန်းဖြင့်ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေများကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**၅၈၀**

## ၂၀၁၆ ခုနှစ် ကမ္ဘာ့ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ကျင်းပ သွေးချို၊ ဆီးချိုရောဂါရှိ-မရှိအခမဲ့သွေးဖောက်စစ်ဆေး

**မန္တလေး နိုဝင်ဘာ ၃၀**

၂၀၁၆ ခုနှစ် ကမ္ဘာ့ဆီးချို၊ သွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၂၆ ရက် နံနက် ၉ နာရီက မန္တလေးမြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်အားပေးခဲ့သည်။ အခမ်းအနားတွင် ဆေးတက္ကသိုလ်(မန္တလေး)ဆေးပညာဌာန ပါမောက္ခ/ဌာနမှူး(ငြိမ်း) ဒေါက်တာအောင်ကြီးက “ဆီးချို၊ သွေးချိုစောင့်ကြည့်လို့ရောဂါအန္တရာယ်ကာကွယ်စို့” ခေါင်းစဉ်ဖြင့် ပညာပေးဟောပြောသည်။ ထို့နောက် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး သမားတော်ကြီး ဒေါက်တာအေးအေးအောင်က ဆီးချို၊ သွေးချိုရောဂါဖြစ်ပွားနှုန်း၊ နောက်ဆက်တွဲရောဂါများ၊ ကုသရေးနည်းလမ်းများ၊ ဆီးချို၊ သွေးချိုရောဂါမဖြစ်ပွားအောင် ကာကွယ်ခြင်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများ၏ သိလိုသည်များကို ဆရာဝန်ကြီးများက ပြန်လည်ဖြေကြားပေးသည်။ ဆက်လက်၍ သွေးချိုဆီးချိုရောဂါ ရှိ-မရှိ သွေးဖောက်စစ်ဆေးပေးခြင်း၊ သွေးချို၊ ဆီးချိုထိန်းသိမ်းမှုကောင်း၊ မကောင်း စစ်ဆေးပေးခြင်း၊ သွေးချို၊ ဆီးချိုရောဂါဖြစ်နိုင်ခြေ တွက်ချက်ပေးခြင်းများ အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## အရန်မီးသတ်တပ်ဖွဲ့ဝင်များ မွမ်းမံသင်တန်း(၁ / ၂၀၁၆) အခမ်းအနားကျင်းပ

**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၃၀**

ဆင်ပေါင်ဝဲမြို့နယ် လက်ပန်ကျေးရွာ ရွာလည်မွှာရုံ၌ နိုဝင်ဘာ ၂၈ ရက် နံနက် ၈ နာရီခွဲက အရန်မီးသတ်တပ်ဖွဲ့ဝင်များ မွမ်းမံသင်တန်း (၁ / ၂၀၁၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာပြည်သူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုက အဖွင့်အမှာစကားပြောကြားပြီးနောက် တာဝန်ရှိသူများက အရန်မီးသတ်ဝတ်စုံများ ပေးအပ်ကြသည်။ အဆိုပါ သင်တန်းကို နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၂၇ ရက်အထိ လက်ပန်ကျေးရွာတွင် တစ်လကြာ ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## မြန်မာနိုင်ငံကြက်ခြေနီအသင်းမိသားစုပြန်လည် ဆက်သွယ်ပေးရေးဌာန နှစ်ပတ်လည်အစည်းအဝေးနှင့် နည်းပြသင်တန်းများဖွင့်လှစ်

**ပြင်ဦးလွင် နိုဝင်ဘာ ၃၀**

မြန်မာနိုင်ငံကြက်ခြေနီအသင်း မိသားစုပြန်လည်ဆက်သွယ်ပေးရေးဌာန နှစ်ပတ်လည်အစည်းအဝေးနှင့် မိသားစုပြန်လည်ဆက်သွယ်ပေးရေး နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၈ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ Royal Jasmine Hotel ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းဗဟိုကောင်စီဝင် ဦးဘုန်းကျော်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း မိသားစုပြန်လည်ဆက်သွယ်ပေးရေးဌာန ညွှန်ကြားရေးမှူးဒေါ်စုစုလင်းနှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) Restoring Family Links Delegate Mr. Paul Odent၊ ပြင်ဦးလွင်ခရိုင် ယာယီကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာရဲလင်းထက်နှင့် ကော်မတီဝင်များ၊ ပြင်ဦးလွင်မြို့နယ် ယာယီကြက်ခြေနီကော်မတီဝင်များ တိုင်းနှင့်ပြည်နယ်အသီးသီးမှ ကြက်ခြေနီစေတနာလုပ်အားရှင်များ စုံလင်စွာ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း မိသားစုပြန်လည်ဆက်သွယ်ပေးရေးဌာန ညွှန်ကြားရေးမှူး ဒေါ်စုစုလင်းက အစည်းအဝေးနှင့်သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကို ပြောကြားပြီး I.C.R.C Restoring Family Links Delegate Mr. Paul Odent နှင့် ပြင်ဦးလွင်ခရိုင် ယာယီကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာရဲလင်းထက်တို့က သင်တန်းကိုစတင်ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

သင်တန်းတွင် မိသားစုပြန်လည်ဆက်သွယ်ပေးရေးဆိုင်ရာ နည်းပြသင်ခန်းစာများ၊ စည်းမျဉ်းဥပဒေများ၊ မိသားစုပြန်လည်ဆက်သွယ်ပေးရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ကျင့်ဝတ်များ စာတွေ့ လက်တွေ့ ငါးရက်တိုင်တိုင် ပို့ချလေ့ကျင့်သွားမည်ဖြစ်ပြီး သင်တန်းဆင်းနည်းပြများမှတစ်ဆင့် မိသားစုဆက်သွယ်ရေးနည်းပညာများကို ပြန်လည်မျှဝေခြင်း သဘာဝဘေးအန္တရာယ်များတွင်သော်လည်းကောင်း၊ မိသားစုအဆက်အသွယ်ရရှိရေး အကူအညီများကို အများပြည်သူများအတွက် အချိန်နှင့်တစ်ပြေးညီကူညီနိုင်ကြမည်ဖြစ်ကာ သင်တန်းတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ကြက်ခြေနီစေတနာလုပ်အားရှင် ကျား ၁၉ ဦး၊ မ ၃ ဦး စုစုပေါင်း ၂၂ ဦး တက်ရောက်လျက်ရှိသည်။

အများပြည်သူတို့အနေနှင့် ဘေးအန္တရာယ်များတွင် မိသားစုများကွဲကွာပါက မိသားစုအဆက်အသွယ်များရရှိရေး အကူအညီများလိုအပ်ပါကလည်းကောင်း မိသားစုပြန်လည်ဆက်သွယ်ပေးရေးလုပ်ငန်းများနှင့်ပတ်သက်၍ သိရှိလိုပါကလည်းကောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း မိသားစုပြန်လည်ဆက် သွယ်ပေးရေးဌာန ညွှန်ကြားရေးမှူး ဒေါ်စုစုလင်း ဖုန်း-၀၉၅၄၁၁၈၆၈ သို့လည်းကောင်း လေ့ကျင့်သင်ကြားပေးထားပြီးသော သက်ဆိုင်ရာ တိုင်းနှင့် ပြည်နယ်များရှိ မိသားစုပြန်လည်ဆက်သွယ်ပေးရေးဆောင်ရွက်နေကြသော ကြက်ခြေနီစေတနာလုပ်အားရှင်များထံတွင်လည်းကောင်း ဆက်သွယ်မေးမြန်း အကူအညီတောင်းခံနိုင်မည်ဖြစ်ကြောင်းသိရသည်။

**ကျော်စိုးဦး(မန္တလေး)**

# မန္တလေးနန်းမြို့တော်အတွင်းသမိုင်းဗီနိုင်းများထားပေးသည့် အတွက် ဧည့်သည်များ အလွယ်တကူလေ့လာနိုင်

**မန္တလေး နိုဝင်ဘာ ၃၀**

နေရာဒေသတစ်ခုသို့ရောက်ပါက ထိုဒေသ၏ လေ့လာစရာများကိုသိရှိပါမှ စနစ်တကျလေ့လာနိုင်မည်ဖြစ်သည်။ နိုင်ငံတကာခရီးသွားဧည့်သည်များအတွက်မူ လမ်းညွှန်စာအုပ်ကလေးများဖြင့် စနစ်တကျသွားလာကာလေ့လာကြသည်။ရှေးခေတ်အခါက ရွှေမြို့တော်ကြီးဟု တင်စားကာ သာမန်အရပ်သူအရပ်သားတို့ရောက်ဖူးလို သည့်ကျုံးမြို့ရိုးတို့ ကာရံထားသည့် နန်းတော်တစ်ဝိုက်တွင် လေ့လာစရာများစွာ တည်ရှိနေပေသည်။ လက်ရှိကာလတွင်မူ သမိုင်းတန်ဖိုးမဖြတ်နိုင်သော အဖိုးတန် အမွေအနှစ်အဖြစ်တည်ရှိကာ မန္တလေးသို့ ရောက်သူတိုင်းအားထား သွားရောက်လေ့ရှိသော နေရာတစ်ခုအဖြစ်တည်ရှိနေသည်။နန်းမြို့အတွင်းတွင် နန်းမြို့တော်သမိုင်းဗီနိုင်းထားရှိခြင်းဖြင့် ဧည့်သည်များ အလွယ်တကူလေ့လာနိုင်သည့်အတွက် အဆင်ပြေလျက်ရှိသည်။

နန်းမြို့တော်မှာ စိတ်ဝင်စားစရာများစွာဖြင့် တည်ရှိနေသည်။ ကျုံးကိုမြင်သည်နှင့် ကျုံးအကြောင်းကို လေ့လာနိုင်သည်။ မြို့ရိုးကိုမြင်သည်နှင့် မြို့ရိုးအကြောင်းကို သိစေနိုင်သည်။ ပြာသာဒ်များကိုမြင်သည်နှင့် စနစ်တကျတည် ဆောက်ပုံကို လေ့လာနိုင်ပေသည်။ အပြင်ဘက်မှ စကြည့်လျှင်ပင် ကျုံးမြို့ရိုး ပြအိုးပြသာဒ်များ ကာရံကာသဘာဝ အတိုင်းထန်းပင်များစွာ မြင်နေရသည်ကိုက နန်းမြို့၏ သဘာဝအလှတရားပင်ဖြစ်နေသည်။

ကျုံးကိုဖြတ်ကာ တည်ဆောက်ထားသည့် တံတားမှ ဝင်လိုက်သည်နှင့် ကွန်းတိုင်နီနီများတွင် ကမ္ပည်းရေးထိုးထားသော မြို့တည်နန်းတည်ခုနှစ်များမှ သည် ဦးထိပ်တံခါးဟု ရေးထိုးထားသည့် စာများမှစကာ စိတ်ဝင်စားဖွယ်ရာပင်ဖြစ်သည်။ နန်းမြို့အတွင်းဝင်ကာ ဝဲဘက်ယာဘက်အနှံ့ကြည့်လိုက်သည်နှင့် ပဟိုရ်စင်၊ စွယ်တော်စင်၊ ကျောက်စာရုံတို့ကို စတင်တွေ့ရှိနိုင်သည်။ အနောက်တည့်တည့်ဆီ ကြည့်လိုက်သည်နှင့် ရွှေရောင်များ ဝင်းထိန်နေသည့်ရွှေ နန်းတော်ကြီးကို မြင်တွေ့နိုင်ပေသည်။ နန်းတော်ရှေ့တွင်မူ ရှေးခေတ်စကြာအမြောက်များက ဆီးကြိုနေပေသည်။

နန်းတော်အတွင်းဝင်လိုက်သည်နှင့် ပလ္လင်တော်ရှစ်ခန်းနှင့်တကွ ရှေးခေတ်ကအဆောင်အသီးသီး နာမည်အထွေထွေ မှည့်ခေါ်ထားသည့် ၁၁၄ ဆောင်သော အဆောင်များနှင့် အဆောင်များ၏ လုပ်ငန်းဆောင်တာများကို လေ့လာနိုင်ပေသည်။ နန်းမြင့်မျှော်စင်ပေါ်တက်ခြင်းမှသည် လှပသော ရွှေနန်းတော်ကို အပေါ်စီးမှ မြင်တွေ့နိုင်ပေသည်။ ကန်ငယ် အုတ်တိုက်မှသည် ထားဝယ်ဆောင်သို့ကူးကာ မှန်နန်းဆောင်မဟာတွင် ခေတ္တနားခိုရင်း လေ့လာနိုင်ပေ သည်။ နန်းတော်အတွင်းမှ ပြတိုက်တွင်မူ ရှေ့ခေတ်က အသုံးအဆောင်များ ဝန်မင်းများပုံ အဝတ်အထည်များမှအစ ရှေးခေတ်မင်းမိဖုရားအချို့၏ လက်ရေးမူများကို လေ့လာနိုင်ပေသည်။

နန်းတော်ပေါ်မှဆင်းကာ အနောက်ဘက်ကို ပတ်လိုက်သည်နှင့် စိမ်းစိုသောသစ်ပင်များအကြားယခင်က စည်ကားခဲ့သော မြိုင်ဟေဝန်ဥယျာဉ် အတွင်းမှ လေယာဉ်ငယ်ကို စီးခွင့်ရှိနေပေသည်။ အရှေ့ဘက်ပတ်လိုက်သည်နှင့် ဒင်္ဂါးသွန်းစက်ရုံ၊ ပုဂံမင်းအုတ်ဂူပြာသာဒ်၊ စကြာဒေဝီဂူပြာသာဒ်၊ မင်းတုန်းမင်းဂူပြာသာဒ်၊ လောင်းရှည်မိဖုရားဂူပြာသာဒ်၊ မင်းကိုးပါးရုပ်တုများကို လေ့လာနိုင်သည်။ စိတ်ဝင်စားဖွယ်ကောင်းသော နန်းမြို့ဖြစ်သလို မန္တလေးမြို့သို့ ရောက်သူတိုင်း အားထားသွားရောက်လေ့လာသော နေရာအဖြစ် တည်ရှိနေသည်။

**နွေနဒီ(မြစ်ငယ်)**

## ရေးမြို့၌ LGBT လူ့အခွင့်ရေးအား CSO နှင့် တွေ့ဆုံဆွေးနွေး

**ရေး နိုဝင်ဘာ ၃၀**

မွန်ပြည်နယ် ရေးမြို့ မြမြင့်မိုရ်ဟိုတယ်၌ နိုဝင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီက ရေးမြို့နယ် အရပ်ဘက်လူမှုအဖွဲ့အစည်းများနဲ့ Colours Rainbow အဖွဲ့တို့ ပူးပေါင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် Colours Rainbow မှ ဒေါ်မြသက်မူ၊ ဒေါ်အေးအေးမွန်တို့က ဦးဆောင်ဆွေးနွေးရာတွင် Colours Rainbow ၏ လုပ်ငန်းစဉ်များနှင့် ရှေ့လုပ်ငန်းစဉ်များမှာ (LGBT) လိင်တူချစ်သူများ၏ ဖြစ်တည်မှုအခြေနေအခက်အခဲများ လူ့ပတ်ဝန်းကျင်အသိုက်အဝန်းအကြားတွင် အပြန်လှန်အသိမှတ်ပြုခြင်းရရှိလာစေရန်ဖြင့် တက်ရောက်လာသူများကလည်း မိမိတို့၏ အမြင်များကို ဖလှယ်ရယူကာ အကြံပြုဆွေးနွေးခဲ့ကြောင်းသိရသည်။

**ထွဋ်ထွဋ် (ရေး)**



## စာဖတ်ရှိန်မြှင့်တင်ရေး ပညာပေးဟောပြောခြင်းနှင့် စာကြည့်တိုက်ဖြစ်မြောက်ရေးကွင်းဆင်းဆောင်ရွက်

**သရက် နိုဝင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် သဲဖြူကျေးရွာတွင် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောခြင်းနှင့် စာကြည့်တိုက်ဖြစ်မြောက်ရေး ကွင်းဆင်းဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၂၈ ရက် နံနက် ၉ နာရီက သဲဖြူကျေးရွာ မူလွန်ကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ဆွေက ကျောင်းသား၊ ကျောင်းသူကလေးများအား ကျောင်းစာများအပြင် ပြင်ပစာပေများ လေ့လာဖတ်ရှုခြင်းဖြင့် အတွေးအခေါ်ကောင်းများရရှိလာစေရန် ရည်ရွယ်၍ အလိမ္မာစာမှာရှိ ခေါင်းစဉ်ဖြင့် ဟောပြောပေးခဲ့ပြီး စာကြည့်တိုက်ဖြစ်မြောက်ရေးအတွက် ကျေးရွာစာကြည့်တိုက် ကော်မတီဝင်များနှင့် ဆွေးနွေးပေးခဲ့သည်။

ယင်းနောက် ပါးပွတ်ကျေးရွာ အလယ်တန်းကျောင်း(ခွဲ)တွင် ခရိုင်ဦးစီးအရာရှိမှ စည်းကမ်းပြည့်ဝသော ကျောင်းသား၊ ကျောင်းသူများဖြစ်လာစေရန်ရည်ရွယ်၍ စည်းကမ်းသည် လူ၏တန်ဖိုးခေါင်းစဉ်ဖြင့် ပြောကြားခဲ့ပြီး စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



## နယ်လှည့်စာကြည့်တိုက်လုပ်ငန်း ကွင်းဆင်းဆောင်ရွက်

**နွားထိုးကြီး နိုဝင်ဘာ ၃၀**

နွားထိုးကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်းပြီး စာပေဗဟုသုတ တိုးပွားစေရေး၊ စာဖတ်ပရိသတ်များ အဆင်ပြေစေရေးအတွက် နယ်လှည့်စာကြည့်တိုက်လုပ်ငန်းကို နိုဝင်ဘာ ၂၈ ရက် နံနက် ၉ နာရီက ညောင်ပင်သာကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

Mobile စာကြည့်တိုက် ဖွင့်လှစ်ဆောင်ရွက်ရခြင်းနှင့်ပတ်သက်ပြီး၊ နွားထိုးကြီးမြို့နယ်ရုံးမှ ရုပ်သံ-၃ ဦးမြင့်ဆွေက ရှင်းလင်းဆွေးနွေးပြီး သုတရသစာအုပ် စာစောင်များကို ညောင်ပင်ရွာ အခြေခံပညာမူလတန်းကျောင်းရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို ငှားရမ်းပေးခဲ့သည်။

ကျောင်းစာကြည့်တိုက်တွင် အသုံးပြုရန်အတွက် စာအုပ်၊ စာစောင်များကိုပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ Mobile စာကြည့်တိုက်ကို တစ်လလျှင်နှစ်ကြိမ်၊ နှစ်ပတ်လျှင်တစ်ကြိမ် လဲလှယ်ခြင်းစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းအောင်ဇော် (ပြန်/ဆက်)**

## အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်ပွဲနှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သည့် အပေါ့စားမီးသတ်စက်ပေးအပ်

**မော်လိုက် နိုဝင်ဘာ ၃၀**

မကြာမီကာလတွင် ပွင့်လင်းရာသီသို့ ရောက်လာမည်ဖြစ်သည့်အတွက် မိမိရပ်ကွက်၊ ကျေးရွာများတွင် မီးဘေးအန္တရာယ်တားဆီးကာကွယ်နိုင်ရေး မြို့နယ်မီးသတ်ဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် ရပ်ကွက်၊ ကျေးရွာများရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်း အမှတ်စဉ်- ၁/၂၀၁၆ ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၈ ရက် နံနက် ၉ နာရီက မော်လိုက်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မော်လိုက်မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးက မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက်လေးရပ်ဖြစ်သည့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကျေးလက်နေပြည်သူများအတွက် သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် အလွယ်တကူအသုံးပြုနိုင်ရေးအတွက် ထောက်ပံ့ပေးသည့် အပေါ့စား မီးသတ်စက်ကိုလည်း မိမိကျေးရွာများအတွက် အကျိုးရှိစွာအသုံးပြုနိုင်ရေး စနစ်တကျ စီမံဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြည်သူများ မီးဘေးအန္တရာယ်ကျရောက်လာချိန်တွင် အလွယ်တကူမီးငြိမ်းသတ်နိုင်ရေးအတွက် ထောက်ပံ့ပေးအပ်သည့် အပေါ့စားမီးသတ်စက်သုံးလုံးအား မော်လိုက်မြို့နယ်အတွင်းရှိ မော်လိုက်ကလေးကျေးရွာ၊ အော်ဇီးခုန်ကျေးရွာနှင့် အင်းတပေါင်းကျေးရွာများအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးနှင့် တာဝန်ရှိသူတို့က ပေးအပ်ခဲ့သည်။

အဆိုပါ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းအမှတ်စဉ် (၁/၂၀၁၆) သို့ မော်လိုက်မြို့နယ်အတွင်းရှိ ကျေးရွာများမှ အရန်မီးသတ်တပ်ဖွဲ့ဝင် (၅၀) ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ပြီး သင်တန်းတွင် မီးငြိမ်းသတ်နည်းများကို မြို့နယ်မီးသတ် ဦးစီးမှူး ဦးစီးအရာရှိ ဦးနိုင်ဇံကဦးစီး၍ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မော်လိုက်သားလေး**

လာလီဂါရင်ခုန်သံ-၁၄

# ရီးယဲလ်မက်ဒရစ်အနိုင်ရဖို့ခက်တဲ့အယ်ကလက်ဆီကို

စပိန်လီဂါပွဲစဉ်-၁၄ ကိုလာမယ့်ဒီဇင်ဘာလ ၃၊ ၄၊ ၅၊ ၆ ရက် နေ့တွေမှာဆက်လက်ကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါပွဲစဉ် မှာတော့ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်တို့ဆုံတွေ့တဲ့ပွဲပါဝင်နေလို့စိတ် ဝင်စားဖို့ကောင်းနေကာ ဘာစီလိုနိုင်ပွဲရယူနိုင်ပါ့မလားဆိုတာကို စောင့်ကြည့်ရဖို့ရှိနေပါတယ်။




**ရှိုင်း မင်း မင်း**

| ထိပ်တန်းဂိုးသွင်းရှင်များ | | |
|---|---|---|
| စီရိုနယ်လ်ဒို (ရီးယဲလ်) | - | ၁၀ ဂိုး |
| မက်ဆီ(ဘာစီလိုနာ) | - | ၉ ဂိုး |
| ဆွာရတ်ဇ်(ဘာစီလိုနာ) | - | ၈ ဂိုး |
| အက်စ်ပက်(ဆယ်တာဗီဂို) | - | ၇ ဂိုး |
| ဝီလီယံဂျိုး(ဆိုစီဒက်) | - | ၇ ဂိုး |
| ဂါမီရို(အက်သလက်တီကို) | - | ၆ ဂိုး |

စပိန် လာလီဂါအသင်းများ ရပ်တည်မှု အမှတ်ပေးဇယား

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ရီးယဲလ်မက်ဒရစ် | ၁၃ | ၁၀ | ၃ | ၀ | ၃၆ | ၁၁ | ၂၅ | ၃၃ |
| ၂ | ဘာစီလိုနာ | ၁၃ | ၈ | ၃ | ၂ | ၃၃ | ၁၄ | ၁၉ | ၂၇ |
| ၃ | ဆီဗီလာ | ၁၃ | ၈ | ၃ | ၂ | ၂၄ | ၁၈ | ၆ | ၂၇ |
| ၄ | အက်သလက်တီကို | ၁၃ | ၇ | ၃ | ၃ | ၂၈ | ၁၁ | ၁၇ | ၂၄ |
| ၅ | ရီးယဲလ်ဆိုစီဒက် | ၁၃ | ၇ | ၂ | ၄ | ၂၂ | ၁၄ | ၈ | ၂၃ |
| ၆ | ဗီလာရီးယဲလ် | ၁၃ | ၆ | ၄ | ၃ | ၁၉ | ၁၀ | ၉ | ၂၂ |
| ၇ | အီဘား | ၁၃ | ၆ | ၃ | ၄ | ၂၀ | ၁၆ | ၄ | ၂၁ |
| ၈ | ဘီဘာအို | ၁၃ | ၆ | ၂ | ၅ | ၁၇ | ၁၆ | ၁ | ၂၀ |
| ၉ | ဆယ်တာဗီဂို | ၁၃ | ၆ | ၂ | ၅ | ၂၁ | ၂၃ | -၂ | ၂၀ |
| ၁၀ | လက်စ်ပါးမက်စ် | ၁၃ | ၅ | ၄ | ၄ | ၂၄ | ၂၁ | ၃ | ၁၉ |
| ၁၁ | မာလာဂါ | ၁၃ | ၅ | ၄ | ၄ | ၂၁ | ၁၉ | ၂ | ၁၉ |
| ၁၂ | အက်စ်ပန်ညို | ၁၃ | ၄ | ၆ | ၃ | ၁၇ | ၁၇ | ၀ | ၁၈ |
| ၁၃ | အလာဗက်စ် | ၁၃ | ၄ | ၄ | ၅ | ၁၃ | ၁၆ | -၃ | ၁၆ |
| ၁၄ | ဘက်တစ် | ၁၃ | ၄ | ၂ | ၇ | ၁၄ | ၂၅ | -၁၁ | ၁၄ |
| ၁၅ | လီဂါနက်စ် | ၁၃ | ၄ | ၁ | ၈ | ၁၁ | ၂၅ | -၁၄ | ၁၃ |
| ၁၆ | ဗလင်စီယာ | ၁၃ | ၃ | ၂ | ၈ | ၁၇ | ၂၄ | -၇ | ၁၁ |
| ၁၇ | ဒီပို့တီဗို | ၁၃ | ၂ | ၄ | ၇ | ၁၃ | ၂၃ | -၁၀ | ၁၀ |
| ၁၈ | စပို့တင်းဂီဂျွန် | ၁၃ | ၂ | ၃ | ၈ | ၁၂ | ၂၇ | -၁၅ | ၉ |
| ၁၉ | အိုဆာစူနာ | ၁၃ | ၁ | ၄ | ၈ | ၁၂ | ၂၆ | -၁၄ | ၇ |
| ၂၀ | ဂရန်နာဒါ | ၁၃ | ၀ | ၅ | ၈ | ၁၁ | ၂၉ | -၁၈ | ၅ |

### ဂရန်နာဒါ - ဆီဗီလာ
**ညနေ ၆း၃၀ (၃-၁၂-၁၆)**

ဂရန်နာဒါအသင်းဟာ အမှတ်ပေးဇယားအောက်ဆုံးမှာရှိနေတဲ့အသင်းဖြစ်ပေမယ့်လည်း အိမ်ကွင်းပွဲစဉ်တွေမှာတော့ အကောင်းဆုံးခြေစွမ်းပုံစံရရှိ အောင်ခြေကုန်ထုတ်ရုန်းကန် ကစားတတ်ပါတယ်။ ဆီဗီလာအသင်းကလည်း အဝေးကွင်းမှာဆိုရင်ခြေစွမ်းကောင်းတွေ ပျောက်ဆုံးတတ်ပြီးနိုင်ပွဲရဖို့ခက်ခဲနေတတ်ပါတယ်။ ချန်ပီယံလိဂ်ပွဲ လည်းရှိလို့ ဆီဗီလာခြေကုန်ထုတ်နိုင်ဖို့လည်း ခက်တာကြောင့်ဆီဗီလာနိုင်ရင်တောင် မပြတ်သားဘူး။

### လီဂါနက်စ် - ဗီလာရီးယဲလ်
**နံနက် ၀၀း၀၀ (၃-၁၂-၁၆)**

လီဂါနက်စ်အသင်းဟာ ခြေစွမ်းပိုင်းအရအချို့ပွဲစဉ်တွေမှာ အားနည်းမှုတွေရှိနေပေမယ့်လည်း အိမ်ကွင်းပွဲစဉ်တွေမှာတော့ စိတ်ဓာတ် ပိုင်းကောင်းမွန်စွာနဲ့ ပွဲထွက်ကစားတတ်ပါတယ်။ ဗီလာရီးယဲလ်ကခြေစွမ်း ပိုင်းအသာရနိုင်ပေမယ့်လည်း အိမ်ရှင်အသင်းရဲ့ခုခံကစား အားကို ခက်ခဲစွာရင်ဆိုင်ရဖို့ရှိနေပါတယ်။ ဗီလာရီးယဲလ်ကအဝေးကွင်းမှာတစ်ပွဲသာနိုင်တဲ့အထိ ခြေစွမ်းကျတတ်လို့လည်း အိမ်ရှင်လီဂါနက်စ်တို့ သရေရလဒ်ရအောင် ကစားသွားနိုင်ပါတယ်။

### ဘက်တစ် - ဆယ်တာဗီဂို
**ညနေ ၅း၃၀ (၄-၁၂-၁၆)**

ဘက်တစ်အသင်းဟာနောက်ဆုံး ကစားထားခဲ့တဲ့အိမ်ကွင်းပွဲစဉ်မှာလက်စ် ပါးမက်စ်အသင်းကိုတောင်အနိုင်ကစားထားနိုင်ခဲ့ပါတယ်။ ဆယ်တာဗီဂိုအသင်းကလည်းအဝေးကွင်းပွဲစဉ်တွေမှာဆိုရင် ခြေစွမ်း ကျဆင်းတတ်ပါတယ်။ ဒါကြောင့် အခုပွဲမှာ အိမ်ရှင်ဖြစ်လာမယ့်ဘက်တစ်အသင်းကသာ အနည်းငယ်အသာရလာနိုင် ပါတယ်။ အိမ်ရှင်အသင်းကသာ နှစ်ဂိုး တစ်ဂိုးလောက်နဲ့နိုင်ပွဲကပ်ရနိုင်တယ်။

### အလာဗက်စ် - လက်စ်ပါးမက်စ်
**နံနက် ၀၀း၀၀ (၅-၁၂-၁၆)**

လက်စ်ပါးမက်စ်အသင်းဟာနောက်ပိုင်းပွဲစဉ်တွေမှာသရေပွဲနဲ့ ရှုံးပွဲတွေများပြားနေတာကြောင့် အခုလိုပွဲစဉ်မျိုးမှာ နိုင်ပွဲပြန်ရအောင် ခြေကုန်ထုတ်ကစား လာမှာဖြစ်တယ်။ အလာဗက်စ်အသင်းကလည်း ကစားပုံမာကျောတဲ့အသင်းဖြစ်ပြီး အိမ်ကွင်းရောအဝေးကွင်းမှာပါ ခြေစွမ်းကောင်းမွန်တတ်ပါတယ်။ ဒါပေမယ့် အသင်းလိုက်စုဖွဲ့မှုနဲ့ ကစားပုံမာကျောမှုမှာတော့ လက်စ်ပါးမက်စ်က အနည်းငယ် အသာရနိုင်ပါတယ်။

### ဗလင်စီယာ - မာလာဂါ
**နံနက် ၂း၁၅ (၅-၁၂-၁၆)**

ဗလင်စီယာအသင်းဟာ လက်ရှိမှာခြေစွမ်းကောင်းတွေရရှိဖို့ ရုန်းကန်နေရပြီး အိမ်ကွင်းပွဲစဉ်တွေမှာလည်းနိုင်ပွဲ တွေရရှိဖို့ခက်ခဲနေခဲ့ပါတယ်။ မာလာဂါအသင်းကတော့ ကစားပုံမာကျောတဲ့အသင်းဖြစ်ပြီး စပိန်လီဂါမှာအသင်းကြီးတွေကို တောင်ခုခံကစားနိုင်တဲ့အသင်း ဖြစ်တယ်။ အခုပွဲမှာနိုင်ပွဲရရှိအောင် ကစားကြမှာဖြစ်လို့သွင်းဂိုးများ မယ့်ပွဲစဉ်ဖြစ်လာနိုင်ပြီး အဝေးကွင်းမှာကစားရမှာဖြစ်ပေမယ့်လည်း မာလာဂါတို့နိုင်ပွဲကပ်ရသွားနိုင်ပါတယ်။

### ဘာစီလိုနာ - ရီးယဲလ်
**ည ၉း၄၅ (၃-၁၂-၁၆)**

ပြီးခဲ့တဲ့ရာသီမှာတော့ ဒီနှစ်သင်းဟာ စပိန်လီဂါအတွင်း နှစ်ကြိမ်ဆုံတွေ့ခဲ့ရာမှာ ဘာစီလိုနာအိမ်ကွင်းနူးကမ့်မှာ ရီးယဲလ်ကနိုင်ပွဲရရှိခဲ့ပြီး ဘာနေဗျူးမှာတော့ ဘာစီလိုနာကနိုင်ပွဲရရှိခဲ့ပါတယ်။ ဒီရာသီမှာလည်း တစ်ကြိမ် စီနိုင်ပွဲရကြမယ့်အနေအထားလို့ သာမြင်မိတယ်။ ဒီနှစ်သင်း စလုံးဟာချန်ပီယံလိဂ်ကစားရမှာချင်းတူပေမယ့် ရီးယဲလ်ကပိုမိုအားစိုက် ရဖို့ရှိနေသလို ဘာစီလိုနာရဲ့အိမ်ကွင်းလည်းဖြစ်နေတာကြောင့် ရီးယဲလ်သရေလောက်ပဲရနိုင်တယ်။

### အက်သလက်တီကို - အက်စ်ပန်ညို
**နံနက် ၂း၁၅ (၄-၁၂-၁၆)**

အက်သလက်တီကိုတို့ အခုပွဲစဉ်မှာ ဘာစီလိုနာနဲ့ ရီးယဲလ်တို့ ဆုံတွေ့နေခြင်းကို အခွင့်ကောင်းယူကာ နိုင်ပွဲရရှိအောင် ကစားထားမှာပါ။ အခုပွဲကလည်းအိမ်ကွင်း ပွဲစဉ်ဖြစ်နေလို့အက်သလက်တီကိုတို့ ခြေ စွမ်းအရရော၊ စိတ်ဓာတ်ပိုင်း အရပါများးစွာ သာလွန်လာဖို့ရှိနေပါတယ်။ အက်စ်ပန်ညို အသင်းရဲ့ခံစစ်ပိုင်းကလည်း အားနည်းမှုတွေရှိနေသလို တိုက်စစ်ပိုင်းကလည်း အက်သလက်တီကိုခံစစ်ကိုကျော်ဖို့ခက်ခဲ နေမှာဖြစ်တယ်။ အက်သလက်တီကိုက အိမ်ကွင်းနိုင်ပွဲရသွားနိုင်ပါတယ်။

### ဘီဘာအို - အီဘား
**ည ၉း၄၅ (၄-၁၂-၁၆)**

ဒီနှစ်သင်းဟာ ခြေစွမ်းပိုင်းအရ ကွာဟမှုကျဉ်းမြောင်းနေတဲ့ အသင်းတွေအဖြစ်သာ သတ်မှတ်ရမှာဖြစ်တယ်။ အီဘားကနောက်ပိုင်း ရာသီတွေမှာ ခြေစွမ်းတိုးတက်မှုရှိနေတာကြောင့် ဘီဘာအိုလိုအသင်းကောင်းကိုပြန်လည်ဖိအားပေးကစားနိုင်တဲ့ ခြေစွမ်းမျိုးရှိနေပါတယ်။ အီဘားဟာအိမ်ကွင်းကစား အားပိုကောင်းပေမယ့်လည်းအဝေးကွင်းမှာလည်း ခြေစွမ်း မည့ံပါဘူး။ ဒါကြောင့် ဘီဘာအိုအသင်းအတွက် ခက်ခဲတဲ့ ပွဲစဉ်ဖြစ်လာဦးမှာပါ။

### ဂီဂျွန် - အိုဆာစူနာ
**နံနက် ၀၀း၀၀ (၅-၁၂-၁၆)**

ဂီဂျွန်အသင်းရဲ့နောက်ပိုင်းခြေစွမ်းတွေကတော့အားရစရာမရှိပါဘူး။ အိုဆာစူနာအသင်းကတော့အိမ်ကွင်းပွဲစဉ်မှာဆိုရင် ခြေစွမ်းပိုင်းကောင်းမွန်တတ်ပါတယ်။ ဒါပေမယ့် အခုပွဲကအိုဆာစူနဲ့အတွက် အဝေးကွင်းဖြစ်နေလို့ နှစ်သင်းစလုံးခြေစွမ်းပိုင်းညီမျှစွာပွဲထွက်လာဖို့သာရှိနေပါတယ်။ သွင်းဂိုးနည်းမယ့်ပွဲဖြစ်လာနိုင်ပြီး ဂိုးရဖို့နှစ်သင်း စလုံးအတွက် ခက်ခဲနေမှာပါ။ ဂီဂျွန်တို့အိမ်ကွင်းမှာနိုင်ပွဲရဖို့ အားစိုက်လာမှာ ဖြစ်ပေမယ့်ဂိုးမရှိသရေကျသွားနိုင်ပါတယ်။

### ဒီပို့တီဗို - ဆိုစီဒက်စ်
**နံနက် ၂း၁၅ (၆-၁၂-၁၆)**

လက်ရှိခြေစွမ်းပိုင်းအရတော့ ဆိုစီဒက်အသင်းဟာခြေစွမ်း ကောင်းမွန်နေပြီး ဒီပို့တီဗိုထက်ခြေစွမ်းပိုကောင်းနေတယ်လို့ဆိုရမှာ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဒီနှစ်သင်းရဲ့ နောက်ဆုံး ဆုံတွေ့မှုလေး ကြိမ်မှာတော့ သရေပွဲတွေသာကြုံတွေ့ထားခဲ့ပါတယ်။ ဒီပို့တီဗိုအ သင်းဟာ အိမ်ကွင်းပွဲစဉ်တွေမှာတော့ ကစားအားကောင်းမွန်တတ်ပြီး တိုက်စစ်ပိုင်းက ထက်မြက်မှုရှိပါတယ်။ အခုပွဲမှာတော့ ဒီပို့တီဗိုတို့ ခံစစ်ပိုင်းကိုအနည်းငယ်အားပြုကစားမှာဖြစ်လို့ သွင်းဂိုးနည်းမယ့် ပွဲဖြစ်လာနိုင်ပါတယ်။

## အင်တာမီလန်တောင်ပံကစားသမား ဆူဆိုအား အက်သလက်တီကိုမက်ဒရစ်အသင်း ခေါ်ယူရန် ဆန္ဒရှိနေ

စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းမှ တာဝန်ရှိသူများအနေဖြင့် အင်တာမီလန် တောင်ပံကစားသမား ဆူဆိုအား စာချုပ်ချုပ်ဆိုခေါ်ယူရန်ဆန္ဒရှိနေကြောင်း အသင်းနည်းပြ ဆီမြုနီက ပြောကြားခဲ့သည်။ တောင်ပံကစားသမား ဆူဆိုသည် ယခုနှစ်ဘောလုံးရာသီတွင် အင်တာမီလန်အသင်းနှင့်အတူ ပွဲပေါင်း ၁၄ ပွဲပါဝင်ကစားပေးခဲ့ရာတွင် သွင်းဂိုးငါးဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ဂိုးဖန်တီးပေးနိုင်မှု ခြောက်ကြိမ်အထိ ပြုလုပ်ထားနိုင်ခဲ့သည်။

အက်သလက်တီကိုမက်ဒရစ်အသင်း၏ အားထားရသည့် တိုက်စစ်မှူး ဂရစ်ဇ်မန်းသည် မန်ယူအသင်းနှင့်အတူ ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားမည်ဟု သတင်းများထွက်ပေါ်နေခြင်းကြောင့် နည်းပြ ဆီမြုနီအနေဖြင့် အသင်း၏ တိုက်စစ်ပိုင်းကို အားဖြည့်ရန်အတွက် ကစားသမားခေါ်ယူမှုများ ပြုလုပ်ရန်လည်း ဆုံးဖြတ်ထားကြောင်း ပြောကြားခဲ့သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းသည် ကစားသမားများ အပြောင်းအရွှေ့နှင့် ပတ်သက်၍ ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်(ဖီဖာ)၏ အပြောင်းအရွှေ့ရာသီနှစ်ရာသီအထိ ကစားသမားခေါ်ယူခြင်း မပြုရန်ပိတ်ပင်ခံထားခဲ့ရပြီး ၂၀၁၈ ခုနှစ် ရောက်မှသာ ကစားသမားခေါ်ယူခွင့်ရရှိမည်ဖြစ်သည်။

(ငွေကြယ်)

■

# နိုင်ငံတကာခရီးသွားဧည့်သည်များ အားထားလေ့လာသည့် အင်းဝမြို့ဟောင်း

**မန္တလေး နိုဝင်ဘာ ၃၀**

ခရီးသွားရာသီဟုခေါ်ဆိုသည့် နိုဝင်ဘာတွင် အင်းဝဒေသသို့ နိုင်ငံတကာခရီးသွားဧည့်သည်များ လာရောက်လေ့လာမှုများပြားလျက်ရှိသည်။ အင်းဝဒေသသည် မြစ်ငယ်မြစ်နှင့် ဧရာဝတီမြစ်အနားတွင် တည်ရှိသည့်အတွက် လည်ပတ်သွားလာမှုကောင်းသော ဒေသပင်ဖြစ်သည်။ မန်ကျည်းပင်၊ စိန်ပန်းပင်တန်းများနှင့်အတူ အခြားသစ်ပင်ရိပ်များစွာရှိနေပြီး နိုင်ငံတကာခရီးသွားဧည့်သည်များ အထူးစိတ်ဝင်စားသော သမိုင်းဝင်နေရာတစ်ခုအဖြစ် တည်ရှိနေသည်။

မန္တလေးမြို့ အနောက်တောင်ဘက်မိုင် ၂၀ အကွာ မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၅၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီကရီ ၅၇ မိနစ် ပင်လယ်ရေမျက်နှာပြင်အထက် ၂၈၅ ပေ၊ ဒုဋ္ဌဝတီမြစ်နှင့် ဧရာဝတီမြစ်ဆုံရာနေရာကို သွားလိုက်သည်နှင့် သမိုင်းဝင် စိတ်ဝင်စားဖွယ်ရာ အင်းဝမြို့ဟောင်းကို ရောက်ပြီဖြစ်သည်။ ခရီးသွားဧည့်သည်များသည် သစ်ပင်လိုဏ်ဂူတန်းဟု တင်စားထားသည့် အိုးတုတ္တန်းလမ်းကလေးမှ ဒုဋ္ဌဝတီမြစ်နံဘေးသို့ သွားလေ့ရှိသည်။ ဝန်းကျင်တွင်မတော့ အင်းဝတံတားခေါ် စစ်ကိုင်းတံတားနှင့် ဧရာဝတီမြစ်အလှတို့က စီးကြိုလျက်ရှိသည်။ ဒုဋ္ဌဝတီမြစ်ကမ်းအိုးတုတ္တန်းမှ စက်လှေဖြင့် ကူးတို့ကူးကာ ဧရာဝတီမြစ်နှင့် ဒုဋ္ဌဝတီမြစ်ဆုံအလှကို စစ်ကိုင်းတံတားနောက်ခံဖြင့် လှပစွာရှုမြင်နေရသည်။

စက်လှေပေါ်မှဆင်းကာ တစ်ဖက်ကမ်းသို့ တက်လိုက်သည်နှင့် အမျိုးသားများသာမက အမျိုးသမီးများပါ မောင်းနှင်သည့် ၁၆၀ ကျော်မျှရှိနေသော မြင်းလှည်းများက ဆီးကြိုနေလေ့ရှိသည်။ သတိုးမင်းဖျားမှ သက္ကရာဇ် ၇၂၆ တွင် စတင်တည်ခဲ့ကာ မင်းဆက် ၃၁ ဖြင့် သက်တမ်းလေးရာခန့် ကြာမြင့်အောင် မြို့နန်းတည်ကာ ထီးနန်းစိုးစံခဲ့သည့် နေရာဖြစ်သည့် အားလျော်စွာလေ့လာစရာစေတီများစွာဖြင့် ပြည့်နှက်လျက်ရှိသည်။ ခေတ်လေးခေတ်အဖြစ်ပိုင်းခြားတည်ရှိခဲ့ပြီး စာဆိုရှင်အကျော်အမော်များစွာ ထွက်ပေါ်ရာဒေသပင်ဖြစ်သည်။ ပထမအင်းဝခေတ်တွင် စာဆိုအကျော် ပထမမင်းခေါင်ကြီးမှစကာ မိညို၊ ဗညားဒလတို့နှင့် စာဆိုအကျော်အပါအဝင် ၂၅ ဦး၊ ဒုတိယအင်းဝခေတ်တွင် တောင်ဖီလာဆရာတော်အပါအဝင် လက်ဝဲအနော်ရထာအထိ သမိုင်းဝင်စာဆိုတော် ၁၂ ဦး၊ တတိယအင်းဝခေတ်တွင် လက်ဝဲသုန္ဒရအပါအဝင် ဦးတိုး၊ ဦးလန်းဆိုသော စာဆိုအကျော် ကိုးဦး၊ စတုတ္ထအင်းဝခေတ်တွင် ဆရာတော်ဦးဗုဇ်အပါအဝင် ဖိုးသူတော်ဦးမင်း၊ လူဦးမင်းအထိ ယနေ့တိုင် နာမည်ထင်ရှားသောစာဆိုတော်များစွာထွက်ပေါ်ရာဒေသပင်ဖြစ်သည်။ လေ့လာမကုန်သော နေရာတစ်ခု စိတ်ဝင်စားဖွယ်ရာနေရာတစ်ခုအဖြစ် ဒေသမြင်းလှည်းကလေးများဖြင့် သဘာဝကျစွာ စီးနင်းလေ့လာကြသည်။ မြို့ရိုး၊ မျှော်စင်၊ နန်းတော်ဟောင်းရင်ပြင်နေရာများ လမ်းဘေးတစ်လျောက်တွင် ခဲသင်ကျောင်းဘုရားစု ဒေါ်ဂျမ်းဘုရားစုမှအစ အခြားလက်ရာမြောက်စေတီပုထိုးများမှာ အင်းဝခေတ်လက်ရာ မပျောက်မပျက်လေ့လာနိုင်သော နေရာပင်ဖြစ်သည်။ နာမည်ကျော် သစ်သားကျောင်းဖြစ်သည့် ဗားကရာကျောင်းကို အားထားလေ့လာသလို ဗိသုကာလက်ရာထူးခြားသည့် ဝက်ဘာဘုရား၊ မြင့်မိုရ်တောင်ဘုရားတို့၏ လက်ရာများမှာ အံ့ဩဖွယ်ပင်ဖြစ်နေသည်။ စာဆိုရှင်များစွာထွက်ပေါ်ရာ၊ သူရဲကောင်းများစွာထွက်ပေါ်ရာ၊ နန်းတော် အကြိမ်ကြိမ်တည်ဆောက်နန်းတည်ရာ၊ မြို့ရိုးသုံးထပ်ဖြင့် တည်ရှိရာ၊ ရှေးဟောင်းဘုရား ခြောက်ရာကျော်တည်ရှိရာ၊ နံရံဆေးပန်းချီများရှိရာနေရာအင်းဝအဖြစ် ယနေ့တိုင် စိတ်ဝင်စားဖွယ်ရာတည်ရှိနေပါသည်။ **စိုးရွှေ**

# နွယ်ငြိမ်းဒေသထွက် စဉ့်ထည်ပစ္စည်းများကိုအိမ်အလှဆင် ပစ္စည်းများအဖြစ် သုံးစွဲမှုများပြားလာ



**ကျောက်မြောင်း နိုဝင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်ကျောက်မြောင်းမြို့နယ် နွယ်ငြိမ်းကျေးရွာသည် မိရိုးဖလာစဉ့်လုပ်ငန်းများကို တိမ်ကောမှုမရှိစေရန် လုပ်ငန်းသုံးစဉ့်အိုးများကို စဉ်ဆက်မပြတ်လုပ်ကိုင်ခဲ့ရာ ယင်းဒေသထွက်စဉ့်ထည်ပစ္စည်းများသည် အရည်အသွေးကောင်းမွန်ပြီး အချိုးအစားမှန်ကန်မှုရှိခြင်း၊ ဓာတုဗေဒပစ္စည်းပါဝင်မှုကင်းရှင်းပြီး အရောင်အသွေးမှာ နှစ်ပေါင်းများစွာ ခိုင်ခံ့မှုရှိသဖြင့် ယနေ့တိုင်အောင် လူသုံးများလာရခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ ကလေးကစားစရာစဉ့်ထည်မှအစ လူမှုအသုံးဆောင်ပစ္စည်းများနှင့် နေအိမ်အလှဆင်ပစ္စည်းများ၊ ရှေးဟောင်းစဉ့်အိုး (အလှအိုး)များကို ခေတ်မီနည်းပညာရပ်များဖြင့် ဆန်းသစ်တီထွင်ထုတ်လုပ်လာသဖြင့် အိမ်အလှဆင်ပစ္စည်းများအဖြစ် သုံးစွဲမှုများပြားလျက်ရှိသည်။ နေအိမ်အလှဆင်ပစ္စည်းများအဖြစ် နေအိမ်အလှဆင် စဉ့်အိုးအမျိုးမျိုး၊ ဝရန်တာပွတ်လုံးတိုင်၊ စဉ့်ပါကေကြမ်းခင်းများဖြစ်သည်။

ရှေးဟောင်းပုံစံစဉ့်အိုးများကို ဟိုတယ်များမှ မှာယူကြသဖြင့် စဉ့်ထည်များကို အော်ဒါလက်ခံပြုလုပ်ပေးရလေ့ရှိကြောင်းလည်း သိရသည်။

ယင်းဒေသတွင် စဉ့်ထည်လုပ်ငန်းကို ရွှေဘိုမြို့အရှေ့ဘက် ကျောက်မြောင်းအထက် ငါးမိုင်အကွာရှိ စဉ့်မြေများထွက်ရှိရာ မအူကျေးရွာပန်းပင်စွန်းအရပ်၌ ရတနာသိခ် (ရွှေဘို) မြို့တည်၊ နန်းတည် အလောင်းမင်းတရားကြီးဦးအောင်ဇေယျလက်ထက်ကပင် စတင်လုပ်ကိုင်ကြသည်ဟု ဆိုသည်။

ထိုနေရာတွင် စဉ့်မြေများကုန်ခမ်းလာရာမှ ကျောက်မြောင်းအောက်ဘက်ရှိ လက်ရွေးရွာတွင်လုပ်ကိုင်ခဲ့ကြောင်း ထို့နောက်လက်ရွေးရွာတွင်လည်း အလားတူစဉ့်မြေကုန်ခမ်းလာသဖြင့် ယခုလက်ရှိ နွယ်ငြိမ်းရွာတွင် စဉ်ဆက်မပြတ်လုပ်ကိုင်လာကြသည်မှာ ယနေ့တိုင်ဖြစ်သည်။

**စိုင်းလှုမင်း (မီဒီယာ)**

# စာဖတ်ရှိန်မြှင့်မားလာစေရေး မိုဘိုင်းစာကြည့်တိုက်လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ကော့သောင်း နိုဝင်ဘာ ၃၀**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် အများပြည်သူ စာပေဖတ်ရှုခြင်း အလေ့အထ တိုးပွားလာကာ စာဖတ်ရှိန်မြှင့်မားလာစေရေး၊ ကျောင်းသား၊ ကျောင်းသူများ စာပေအသိပညာ ဗဟုသုတများ ရင့်ကျက်ခိုင်မာလာစေရေး အများပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းအသွင်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းက ကော့သောင်းခရိုင် ပြန်/ဆက် ဝန်ထမ်းများ မိုဘိုင်းစာကြည့်တိုက်အသွင်ဖြင့် စာအုပ်စာပေများငှားရမ်းဖတ်ရှုစေခြင်းလုပ်ငန်းများအား ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

လုပ်ငန်းတွင် ကော့သောင်းခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများသည် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းရှိ သင်တန်းနည်းပြဆရာမများ နှင့် သင်တန်းသူများအား ဦးစီးဌာန စာကြည့်တိုက်မှ သုတရသ စာအုပ်များ၊ လူငယ်အသိပညာ တိုးပွားရေးဆိုင်ရာ စာအုပ်စာပေဂျာနယ်များနှင့် လစဉ်ထုတ်မဂ္ဂဇင်းများအား ရက်သတ္တတစ်ပတ် ဖတ်ရှုနိုင်ရန် ကွင်းဆင်းငှားရမ်းပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ သဘာဝဘေးအန္တရာယ် ပညာပေးဟောပြောပွဲကျင်းပ

**ကျောင်းကုန်း နိုဝင်ဘာ ၃၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ (Educated. Talk. For. Natural. Disaster) ကို အခြေခံပညာအထက်တန်းကျောင်း (ခွဲ) အောက်ပိုင်းကျောင်း၌ နိုဝင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းပပကျော်က ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဌာနမှ ဒေါ်မြတ်နှင်းအေးမှ မီးဘေး၊ ရေဘေးအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ကျောင်းကုန်းမြို့နယ် ကြက်ခြေနီအသင်းခွဲဝင် ဦးဝေမင်းဖြိုးက မုန်တိုင်းနှင့်ငလျင်အကြောင်း ရှင်းလင်းပြောကြားပြီး လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဌာနမှ ဒေါ်မြတ်သန္တာခိုင်မှ မိုးကြိုးဘေးနှင့်မိုးခေါင်ရေရှားအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းပပကျော်မှ မြေပြိုဘေးနှင့် ဆူနာမီဘေးအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားသို့ အ-ထ-က (ခွဲ)အောက်ပိုင်းကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ (၃၀၀)ခန့် တက်ရောက်ခဲ့ပြီး အခမ်းအနားအပြီးတွင် ဘေးအန္တရာယ်ရှစ်မျိုးနှင့် ပတ်သက်သည့် လက်ကမ်းစာစောင်များ လိုက်လံပေးဝေခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောခြင်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲကျင်းပ

**သရက် နိုဝင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် တဇီးကောက်ကျေးရွာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ဘော်နယ်မြေရဲစခန်းတို့ပူးပေါင်း၍ ကျေးရွာနေပြည်သူများအား အသိပညာဗဟုသုတတိုးပွားစေရန်ရည်ရွယ်၍ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးခြင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် မူခင်းကျဆင်းရေး အသိပညာပေး ဟောပြောခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီက ကျေးရွာမူလတန်းကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဘော်နယ်မြေ စခန်းမှူး ရဲအုပ်မောင်မောင်တိုးက မူခင်းကျဆင်းရေးနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပေးခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းစိန်က အစားအစာများတွင် ဘေးဥပဒ်အန္တရာယ်ရှိနိုင်သဖြင့် သတိပြုဝယ်ယူ စားသုံးကြရန်နှင့် အကြည့်နဲ့ စား၊ အသိနဲ့စား၊ သတိနှင့် စားသုံးကြရန် အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပေးခဲ့သည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ဆွေက စာပေဖတ်ရှုခြင်းဖြင့် အသိပညာ၊ ဗဟုသုတရရှိခြင်းနှင့် စာပေဖတ်ရှုသည့် အလေ့အထကောင်းများ ရရှိလာစေရန် အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပေးခဲ့ပြီး တက်ရောက်သူများအား လက်တလောဖြစ်ပေါ်နေသည့် သတင်းအချက်အလက်များကို သိရှိလိုပါက မေးမြန်းနိုင်သည့် တယ်လီဖုန်းနှင့် မေးလ်လိပ်စာများပါရှိသည့် လက်ကမ်းစာစောင်နှင့် စားသုံးသူရေးရာမှ လက်ကမ်းစာစောင်များ၊ မူခင်းကျဆင်းရေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

ယင်းနောက် တက်ရောက်လာသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ပြသထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ငလျှင်ဘေး အသိပညာပေး နံရံကပ်စာစောင်များအား ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း

**မိုင်းယောင်း နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၈ ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီးနောက် ဒုတိယဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဇင်က မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာဖြစ်စဉ်များ၊ မြို့နယ်အတွင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးနှင့် အသိပညာပေးလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးထက်လင်းအောင်က ယာဉ်စည်းကမ်းလမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များက မိုင်းယောင်းမြို့နယ်အတွင်း မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးနှင့် အသိပညာပေးလုပ်ငန်းဆိုင်ရာများအား ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

# မသန်စွမ်းသူတို့အနာဂတ်အတွက် ပန်းတိုင်(၁၇)ရပ်ပြည့်မီအောင်ဆောင်ရွက်

ကြည်ထွန်း(လူမှု)

**မသန်စွမ်းသူဆိုသည်မှာ**

'မသန်စွမ်းသူ' ဆိုသည်မှာ မွေးရာပါ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်းဆိုင်ရာတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ချို့ယွင်းအားနည်းချက်များကို ရေရှည်ခံစားနေရသူကိုဆိုသည်ဟု မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ၌ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ 'မသန်စွမ်းမှု' ဆိုသည်မှာ ပတ်ဝန်းကျင်ရုပ်ပိုင်းဆိုင်ရာ၊ စိတ်သဘောထားအမြင်ပိုင်းဆိုင်ရာနှင့် အခြားအတားအဆီးများကြောင့် လူ့အဖွဲ့အစည်းအတွင်း အပြည့်အဝ ပါဝင် လှုပ်ရှားမှုမရှိခြင်းကိုဆိုပါသည်။

**မသန်စွမ်းသူတို့အနာဂတ်အတွက်**

မသန်စွမ်းသူတိုင်း လူ့အခွင့်အရေးအားလုံးနှင့် အခြေခံလွတ်လပ်ခွင့်များ ညီမျှစွာအပြည့်အဝ ရရှိရေးကို ကာကွယ်စောင့်ရှောက်ရန်၊ တိုးမြှင့်လုပ်ဆောင်နိုင်ရန်၊ သေချာစေရန်နှင့် မသန်စွမ်းသူများ၏ မွေးရာပါဂုဏ်သိက္ခာကို ပိုမိုလေးစားမှုရှိစေရန်ရည်ရွယ်၍ ကုလသမဂ္ဂ မသန်စွမ်းသူများဆိုင်ရာကွန်ဗင်းရှင်း (United Nations Convention on the Rights of Persons with Disabilities-UNCRPD) ကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်က အတည်ပြုပြဋ္ဌာန်းခဲ့သည်။ မြန်မာနိုင်ငံက ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်တွင် အဆိုပါ ကွန်ဗင်းရှင်း၌ ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ အနာဂတ်တွင် မသန်စွမ်းသူတို့သည် နိုင်ငံသားများခံစားခွင့်ရှိသည့် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ အားလုံးတန်းတူညီမျှဖြစ်စေရန် ရည်ရွယ်၍ ပြည်ထောင်စုလွှတ်တော်က 'မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ' ကို ၂၀၁၅ ခုနှစ် ဇွန်လ ၅ ရက်က ပြဋ္ဌာန်းပေးထားပြီး ဖြစ်သည်။

ထို့အပြင် ၂၀၁၁ ခုနှစ်က အာဆီယံနိုင်ငံများ အားလုံးသဘောတူချမှတ်ခဲ့သည့် မသန်စွမ်းသူများဆိုင်ရာ ဘာလီကြေညာချက်နှင့် အာဆီယံဆယ်စုနှစ် လုပ်ငန်းစဉ် (၂၀၁၁-၂၀၂၀)၊ ၂၀၁၂ ခုနှစ် အာရှ-ပစိဖိတ်နိုင်ငံများ၏ ဝန်ကြီးများအစည်းအဝေးက တစ်ခဲနက်ချမှတ်ခဲ့သည့် လူ့အဖွဲ့အစည်း၊ ပြည်ပရောက်လူအုပ်စုများအတွက် ဂျာကာတာကြေညာချက်တို့သည် မသန်စွမ်းသူတို့၏ အနာဂတ်ဘဝ သာယာချမ်းမြေ့ရေးအတွက် ဖြည့်ဆည်း ဆောင်ရွက်ပေးကြမည်ဟူသော ကတိကဝတ်များဖြစ်သည်။ အဆိုပါ ပြည်တွင်း၊ပြည်ပ သဘောတူစာချုပ်၊ ဥပဒေမူဘောင်များနှင့် ကတိကဝတ်များသည် မသန်စွမ်းသူများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကသော့ချက်များပင်ဖြစ်သည်။

**ပန်းတိုင်(၁၇)ရပ်**

ယနေ့ ကမ္ဘာ့နိုင်ငံအများစုသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို လူသားတို့၏ ပျော်ရွှင်မှု၊ ငြိမ်းချမ်းမှု၊ တရားမျှတမှု၊ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မှု၊ လူ့အခွင့်အရေးအပြည့်အဝခံစားမှု စသည်တို့ဖြင့်တိုင်းတာရမည်ဟု ယုံကြည်လာကြပြီ။ ပြည်သူလူထုဗဟိုပြု၊ ကျား၊ မ တန်းတူရှိမှု၊ လူ့အခွင့်အရေးလေးစားမှုနှင့် အထူးသဖြင့်အဆင်းရဲဆုံး၊ ထိခိုက်ရှလွယ်မှုအများဆုံးနှင့် ချန်လှပ်ထားခြင်းခံရသူများကို ဗဟိုပြုဆောင်ရွက်နိုင်ရန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင် ၁၇ ရပ် (Sustainable Development Goals-SDGs) ကို ချမှတ်လိုက်ပြီ။ ၎င်းတို့မှာ-

(၁) ဆင်းရဲမှုအဆုံးသတ်ရေး၊
(၂) ငတ်မွတ်ခေါင်းပါးမှုအဆုံးသတ်ရေး၊
(၃) လူတိုင်းစေ့ကျန်းမာရေးနှင့် သာယာဝပြောရေး၊
(၄) လူတိုင်းအကျုံးဝင်ပညာသင်ယူနိုင်ရေး၊
(၅) ကျား-မ တန်းတူညီမျှမှုရရှိရေးနှင့် အမျိုးသမီးများ၊ မိန်းကလေးများအားလုံး စွမ်းပကားတိုးမြှင့်ရေး၊
(၆) သန့်ရှင်းသောသောက်သုံးရေနှင့် မိလ္လာစနစ်ရရှိရေး၊
(၇) လူတိုင်းတတ်နိုင်သော၊ စိတ်ချရသော၊ ရေရှည်သုံးစွဲနိုင်သော ခေတ်မီစွမ်းအင်ရရှိရေး၊
(၈) ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် လုပ်သားပြည့်အလုပ်အကိုင်ရရှိစေရေး၊
(၉) စက်ရုံ၊ အလုပ်ရုံများနှင့် အခြေခံအဆောက်အအုံများ ပြည့်မီရေးနှင့် တီထွင်စမ်းသပ်မှုများကို အားပေးရေး၊
(၁၀) နိုင်ငံတွင်းနှင့် နိုင်ငံများအကြား ဆင်းရဲချမ်းသာကွာဟမှုများလျှော့ချရေး၊
(၁၁) အားလုံးအကျုံးဝင်၍ ရေရှည်တိုးတက်စေမည့် မြို့ပြများနှင့် အခြေချနေထိုင်မှုများဖြစ်ပေါ်ရေး၊
(၁၂) ရေရှည်တည်တံ့စေမည့် စားသုံးခြင်းနှင့် ထုတ်လုပ်အသုံးပြုနိုင်ရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊
(၁၃) ရာသီဥတုပြောင်းလဲခြင်းနှင့် ၎င်း၏အကျိုးဆက်များ လျှော့ပါးရေး၊
(၁၄) သဘာဝသယံဇာတ စွမ်းအားစုများ ရေရှည်အသုံးပြုနိုင်ရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး
(၁၅) ကမ္ဘာလုံးဆိုင်ရာ ဂေဟစနစ်ကိုကာကွယ်ထိန်းသိမ်းရေး
(၁၆) လွတ်လပ်ခြင်း၊ ငြိမ်းချမ်းခြင်းနှင့် ပဋိပက္ခချုပ်ငြိမ်းရေးရည်မှန်းချက်များပြည့်မီအောင်အလေးထားဆောင်ရွက်ရေး၊
(၁၇) စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတိုးတက် ခိုင်မာအောင် ဆောင်ရွက်ရေးတို့ပင်ဖြစ်သည်။

**ပြည့်မီအောင်ဆောင်ရွက်**

စဉ်ဆက်မပြတ် ပန်းတိုင်များဆီသို့ တံ့ဆိုင်းခြင်းမရှိဘဲ အသော့နှင်ရာတွင် အဆင်းရဲတကာ့အဆင်းရဲဆုံးသော မသန်စွမ်းသူတို့အရေးကို ဦးစားပေးဆောင်ရွက်ရပါမည်။ အဘယ့်ကြောင့်ဆိုသော် ထောင်စုနှစ် ဖွံ့ဖြိုးရေးပန်းတိုင်များ (MDGs) ချမှတ်ခဲ့စဉ်က မသန်စွမ်းသူများအရေးမပါရှိခဲ့သဖြင့် ၁၅ နှစ်မျှ နောက်ကျကျန်ရစ်ခဲ့ရခြင်းကြောင့်ဖြစ်သည်။ ကမ္ဘာနှင့်အဝန်း ၂၀၁၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ (၁၅) နှစ်တာ ဆက်လက်အကောင်အထည်ဖော်မည့် ပန်းတိုင် (၁၇)ရပ် ပြည့်မီရန် ရည်မှန်းချက် ၁၆၉ ခု၊ ညွှန်းကိန်းပေါင်း ၂၃၀ ဖြင့် တိုင်းတာ ဆောင်ရွက်ရမည်ဟု သိရသည်။ မြန်မာနိုင်ငံအနေဖြင့် ပြဋ္ဌာန်းပြီးဖြစ်သော မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေပါ ပြဋ္ဌာန်းချက်များ သက်ဝင်လှုပ်ရှားလာအောင် ဦးစွာပထမ ဆောင်ရွက်သင့်ပေသည်။

**ပြဋ္ဌာန်းပြီးဥပဒေကို စတင်ရုပ်လုံးဖော်ရေး**

မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပြဋ္ဌာန်းပြီးသည်မှာ တစ်နှစ်ခွဲခန့်ရှိလာပြီဖြစ်ရာ ဥပဒေပါ လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီကို အမြန်ဆုံးဖွဲ့စည်းသင့်ပြီ။ ထို့အပြင် ပင်မဥပဒေပါ ကိစ္စရပ်များကို ဖော်ဆောင်ရာတွင် လွယ်ကူအဆင်ပြေစေရန် အသေးစိတ်ဖွင့်ဆိုအပ်သော နည်းဥပဒေကိုလည်း အမြန်ဆုံးပြဋ္ဌာန်းပေးမှုဖြစ်ပါမည်။ သို့မှသာ နိုင်ငံတစ်ဝန်းလုံးရှိ ၂ ဒသမ ၃ သန်းသော မသန်စွမ်းသူများ ဥပဒေပါ တာဝန်နှင့် ရပိုင်ခွင့်များ အပြည့်အဝရရှိခံစားနိုင်ပါမည်။ နည်းဥပဒေပြဋ္ဌာန်းရေးကို ၂၀၁၇ ခုနှစ် မတ်လမတိုင်မီ အပြီးရေးဆွဲရန် လျာထားကြောင်း လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးက ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၁၆ ရက်က ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ ဒုတိယ ပုံမှန်အစည်းအဝေး ၃၂ ရက်မြောက်နေ့တွင် ဖြေကြားခဲ့သဖြင့် အားတက်ကြည်နူးမိသည်။

**ဆင်းရဲနွမ်းပါးမှုအဆုံးသတ်ရေး**

အခြေခံ မသန်စွမ်းမှု စစ်တမ်း(၂၀၀၈-၂၀၀၉) အရ မသန်စွမ်းမိသားစု ၅၄ ရာခိုင်နှုန်းမှာ သုံးနှစ်ထက်ပိုမခံသည့် ဝါးတဲအိမ်ငယ်များဖြင့်နေကြရသည်။ ၆၂ ဒသမ ၅ ရာခိုင်နှုန်းမှ စိုက်ပျိုးမြေပိုင်ဆိုင်မှု လုံးဝမရှိကြပေရာ မသန်စွမ်းသူအများစုမှာ ဆင်းရဲပင်ပန်းခြင်းကြီးစွာအသက်ရှင်နေကြရသည်။ ကမ္ဘာ့နိုင်ငံများစွာနှင့် အိမ်နီးချင်း နိုင်ငံများတွင် လူမှုဖူလုံရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်ကို အားကျဖွယ်တွေ့မြင်ရသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံအတွင်းရှိ ၂ ဒသမ ၃ သန်းသော မသန်စွမ်းသူများနှင့် ၎င်းတို့၏မိသားစုဝင် ၇ သန်းခန့်တို့ ဆင်းရဲနွမ်းပါးမှု သံသရာမှ ရုန်းထွက်နိုင်ရန် အောက်ပါအစီအမံများ အမြန်ဆုံး ချမှတ်ဆောင်ရွက်ပေးသင့်ပါသည်-

(၁) နိုင်ငံတော်၏ ဆင်းရဲနွမ်းပါးမှုအဆုံးသတ်ရေး လုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများ၏ အရေးကိစ္စကို ထည့်သွင်းစီမံ မူဝါဒချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်၊
(၂) နိုင်ငံတော်အစိုးရ၏ နှစ်စဉ်ဘတ်ဂျက်ခွဲဝေသုံးစွဲမှုတွင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘတ်ဂျက်ရာခိုင်နှုန်း တိုးမြှင့်ချထားပေးရန်၊
(၃) အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိသော မသန်စွမ်းသူများနှင့် ဆင်းရဲနွမ်းပါးသူများအတွက် လူမှုဖူလုံရေး ထောက်ပံ့ကြေးအစီအစဉ်တစ်ရပ်ရေးဆွဲပြဋ္ဌာန်းဆောင်ရွက်ပေးရန်။

**အများပြည်သူသုံးဝန်ဆောင်မှုများလွယ်လင့်တကူ သုံးစွဲနိုင်ရေး**

ယနေ့ခေတ် နိုင်ငံတကာအိမ်နီးချင်းနိုင်ငံများတွင် အများပြည်သူသုံးအိမ်ရာများ၊ စာသင်ကျောင်းများ၊ လေဆိပ်များ၊ ရုံးများ၊ ဆေးရုံများ၊ ပန်းခြံများ၊ ရုပ်ရှင်ရုံများ၊ ဈေးဝယ်စင်တာများ၊ လျှောက်လမ်း၊ ပလက်ဖောင်းများ၊ လမ်းဆုံမီးပွိုင့်များ၊ လူကူးမျဉ်းကြားများ၊ ဘူတာရုံများ၊ ရေယာဉ်၊ ရထား၊ ဘတ်စ်ကားများတွင် Universal Design စံသတ်မှတ်ချက်ဖြင့် လူတိုင်းဂုဏ်သိက္ခာရှိစွာ လက်လှမ်းမီသွားလာသုံးစွဲနိုင်ရေးကို စီမံဆောင်ရွက်လျက်ရှိကြသည်။ ထို့ကြောင့်လည်း Barrier-Free City များ၊ Accessible Public Building များမြောက်မြားစွာ ရှိနေကြပြီး မသန်စွမ်းသူများသာမက သက်ကြီးရွယ်အိုများနှင့် ကိုယ်ဝန်ဆောင်သားသည်မိခင်များအပါအဝင် ပြည်သူအားလုံးလွယ်လင့်တကူ သွားလာအသုံးပြုနိုင်ကြပြီဖြစ်ပါသည်။ သို့ဖြစ်ရာ ဥပဒေ အခန်း(၇)၊ ပုဒ်မ ၂၈ ကို ဖော်ဆောင်ရာတွင်-

(၁) အများပြည်သူသုံးအဆောက်အအုံ၊ အများပြည်သူသုံးနေရာများနှင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများတွင် မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများနှင့် ကိုယ်ဝန်ဆောင်သားသည် မိခင်များပါလက်လှမ်းမီလွယ်ကူစွာ သွားလာအသုံးပြုနိုင်ရေးအတွက် မူဝါဒတစ်ရပ် ချမှတ်ပြဋ္ဌာန်းဆောင်ရွက်ပေးရန်လိုအပ်ပါသည်။
(၂) မသန်စွမ်းသူများအပါအဝင် အများပြည်သူအားလုံးအတွက် လှုပ်ရှားသွားလာမှုအဆင်ပြေပြီး အတားအဆီးကင်းသော စံပြမြို့နယ်တစ်ခုကို ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖော်ဆောင်ပေးနိုင်မည်ဆိုပါက အခြားမြို့နယ်များကလည်း အားကျအတုယူကာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပေသည်။ နိုင်ငံရေးနှင့် ပြည်သူ့ဘဝနယ်ပယ်များတွင် ပါဝင်ခွင့်ရရှိရေး ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် မသန်စွမ်းသူ ၂ ဒသမ ၃ သန်းခန့်ရှိပြီး ယင်းတို့အနက် သုံးပုံနှစ်ပုံခန့်ဖြစ်လာသော မသန်စွမ်းသူ ၁၅ သိန်းခန့်မှာ အသက် (၁၈) နှစ်အထက်မဲပေးခွင့်ရှိသော နိုင်ငံသားများဖြစ်ကြသည်။ သို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် မသန်စွမ်းသူများမှာ အများနည်းတူမဲပေးခွင့် အပြည့်အဝမရရှိခဲ့ကြပေ။ ထို့ကြောင့် မဲဆန္ဒရှင်များနှင့် တန်းတူမဲပေးခွင့်အပြည့်အဝ ရရှိရေး စီစဉ်ဆောင်ရွက်ပေးနိုင်မည်ဆိုပါက နိုင်ငံတော်၏ အနာဂတ်ကံကြမ္မာကို ဖန်တီးရာတွင် အုတ်တစ်ချပ်သဲတစ်ပွင့် ပါဝင်ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မသန်စွမ်းသူများ လွယ်ကူစွာမဲပေးနိုင်ရေးအတွက် မူဝါဒပိုင်းဆိုင်ရာအရလည်းကောင်း၊ နည်းဥပဒေ လုပ်ငန်းလမ်းညွှန်မှုပိုင်းဆိုင်ရာလည်းကောင်း ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း- ၁၉-၅-၂၀၁၆ နေ့က မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့မှ ခေါင်းဆောင်များနှင့်တွေ့ဆုံစဉ်ပြောကြားခဲ့သည်ဟုသိရသည်။

**အလုပ်အကိုင်အခွင့်အလမ်းများပွင့်လန်းရေး**

အခြေခံမသန်စွမ်းမှုစစ်တမ်း (၂၀၀၈-၂၀၀၉) အရ မသန်စွမ်းသူများ၏ ၈၅ ရာခိုင်နှုန်းမှာ အလုပ်လက်မဲ့များဖြစ်ကြသည်။ ၎င်းတို့သည် အလုပ်လုပ်ရန်ဆန္ဒပြင်းပြကြပြီး စွမ်းဆောင်ရည်များလည်းရှိကြပါသည်။ သို့ရာတွင်အခြေခံပညာ၊ အသက်မွေးဝမ်းကျောင်းအတတ်ပညာများ ဆည်းပူးခွင့်မရရှိခြင်း၊ အလုပ်ရှင်အများစုက ငြင်းပယ်ခွဲခြားဆက်ဆံခံရခြင်းတို့ကြောင့် အလုပ်ရရှိရန်လွန်စွာခက်ခဲလှသည်။ သို့ဖြစ်ရာ မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ သေချာစွာရရှိရေးမှာ လွန်စွာအရေးကြီးလှပေသည်။ သို့ဖြစ်၍ ဥပဒေ အခန်း (၁၀) ပြဋ္ဌာန်းချက်များပါ ဝေပုံကျခွဲတမ်းစနစ်ဖြင့် အလုပ်ခန့်အပ်ပေးသည့် ရာခိုင်နှုန်းတစ်ခု အမြန်ဆုံးသတ်မှတ်ပြဋ္ဌာန်းပေးနိုင်ပါက မသန်စွမ်းသူများ၏ အလုပ်လက်မဲ့နှုန်းနှင့် ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်မည်မှာ မလွဲပေ။

**တန်းတူပညာသင်ယူခွင့်ရရှိရေး**

နိုင်ငံတော်က နိုင်ငံသားတိုင်း စာတတ်မြောက်ရမည်ဟူသော ရည်မှန်းချက်ထားရှိသော်လည်း မသန်စွမ်းကလေးသူငယ်တို့မှာ အခြားသန်စွမ်းသူများနည်းတူပညာသင်ယူခွင့်ဆုံးရှုံးလျက်ရှိသည်။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် UNICEF တို့၏ မြန်မာနိုင်ငံရှိ မသန်စွမ်းကလေးသူငယ်များ၏ အခြေအနေ ဆန်းစစ်လေ့လာချက် (၂၀၁၆) အရ နိုင်ငံနှင့် အဝန်းမသန်စွမ်းကလေးသူငယ် ၂၃၂၀၀၀ ခန့်ရှိသည်။ မသန်စွမ်းကလေးသူငယ်သုံးဦးလျှင် နှစ်ဦးသည် ကျောင်းမတက်နိုင်ကြပေ။ ၃၆ ရာခိုင်နှုန်းသာ စာရေးစာဖတ်တတ်ကြသည်။ မသန်စွမ်းကလေးသူငယ် ကျောင်းလာအပ်ခြင်းကို လက်မခံဘဲ ငြင်းပယ်သည့်ဖြစ်ရပ် (၄၆)ကြိမ်ဖြစ်ပွားခဲ့သည်မှာ ရင်နင့်ဖွယ်ကောင်းလှသည်။

